မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၂၁)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

၂၀၁၂ ခုနှစ်၊ မေ ၁၄ ရက်၊ အင်္ဂါနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ရခိုင်နှင့် မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းများ မုန်တိုင်းဒီရေလှိုင်းများလွှမ်းမိုးမှုကြုံရနိုင်

လုံခြုံစိတ်ချရသည့် နေရာများသို့ အမြန်ဆုံးရွှေ့ပြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့
သတင်းထုတ်ပြန်ချက် (၈/၂၀၁၂)
၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
၂၀၁၂ ခုနှစ်၊ မေလ ၁၃ ရက်

၁။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၂ ခုနှစ် မေလ ၁၃ ရက်နေ့ မြန်မာစံတော်ချိန် ၁၃:၀၀ နာရီ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမဟာစင် (MAHASEN) သည် မြန်မာနိုင်ငံ ကိုကိုးကျွန်း၏ အနောက်ဘက်မိုင် ၄၁၀ ခန့်၊ ပုသိမ်မြို့၏အနောက်တောင်ဘက် မိုင် ၅၄၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၅၉၀ ခန့်၊ အိန္ဒိယနိုင်ငံ (ချင်းနိုင်မြို့)၏ အရှေ့တောင်ဘက် မိုင် ၃၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး မုန်တိုင်းဗဟိုချက်အနီးတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ မိုင် ၆၀ အထိ ရှိနိုင်ပါသည်။

၂။ အဆိုပါ မုန်တိုင်းတိုက်ခတ်ချိန်တွင် ရခိုင်ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဒေသတစ်လျှောက်တို့တွင် မုန်တိုင်းဒီရေလှိုင်းဒဏ်များ လွှမ်းမိုးမှုများကြုံတွေ့ရနိုင်ပါသည်။ ထိုသို့ ကြုံတွေ့ရနိုင်ချိန်တွင် ဒေသခံပြည်သူများအနေဖြင့် ဂရုပြုဆောင်ရွက်ရမည့် အချက်များကိုလည်း ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်ပြန်သတိပေး ပြန်ကြားလျက်ရှိပါသည်။

၃။ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်နှင့် ဒီရေတက်လာနိုင်သည့် နေရာများ၊ ကမ်းခြေတစ်လျှောက်တဲများ၊ ယာယီတဲများဖြင့် နေထိုင်နေသူများအား စာမျက်နှာ ၉ ကော်လံ ၁ ◆

ဒေသခံပြည်သူများနှင့် ဒုက္ခသည်များအား ကြိုတင်သတ်မှတ်ထားသော နေရာများသို့ မုန်တိုင်းဒဏ်ကာကွယ်နိုင်ရေးအတွက် ရွှေ့ပြောင်းပေးနေစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဒေသခံပြည်သူများနှင့် ဒုက္ခသည်များအား မုန်တိုင်းလွတ်ကင်းရာဒေသများသို့ ရွှေ့ပြောင်းနိုင်ရေးဆောင်ရွက်ပေးနေ

နေပြည်တော် မေ ၁၃

မေ ၁၁ ရက် နံနက်ပိုင်းက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မုန်တိုင်းသတင်းထုတ်ပြန်ချက်များသိရှိပြီးနောက် မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများသည် သဘာဝဘေး ကြိုတင်ကာကွယ်ရေးညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်အစိုးရအဖွဲ့က ကြိုတင်ရေးဆွဲထားသော သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး စီမံချက်ပါအတိုင်း ကော်မတီများဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များချပြခြင်း၊ ဒေသခံပြည်သူများနှင့် ဒုက္ခသည်များအား အန္တရာယ်လွတ်ကင်းရာသို့ ရွှေ့ပြောင်းပို့ဆောင်ရေး၊ ဆက်သွယ်မှုမပြတ်တောက်စေရေး၊လုံခြုံရေးနှင့်ရိက္ခာများထောက်ပံ့နိုင်ရေး စသည်တို့ကို စီမံဆောင်ရွက်ခဲ့ကြသည်။

စစ်တွေမြို့နယ် အုပ်ချုပ်ရေးမှူးဦးစီးအဖွဲ့သည် ညနေ ၄ နာရီတွင် စစ်တွေမြို့အတွင်း မုန်တိုင်းသတိပေးချက်ကိုလှည့်လည်ကြေညာပြီးအချက်ပြအလံများ စိုက်ထူခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သော သဘာဝဘေးအန္တရာယ် စာမျက်နှာ ၆ ကော်လံ ၁ ❍

အာဆီယံလမ်းမ-၁၄ (AH-14)၏ ပြင်ဦးလွင်မြို့အနီး လမ်းအစိတ်အပိုင်းတစ်နေရာကို ဤသို့ တွေ့ရသည်။

စီးပွားရေးတိုးတက်အသွင်ပြောင်းစေမည့် ထိုင်း-မြန်မာ-တရုတ်-အိန္ဒိယ ဆက်သွယ်ရေးလမ်းကြောင်း

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ကျော်သူဝင်း

နေပြည်တော် မေ ၁၃

မူဆယ်မြို့သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် အားယူနေသည့် မြို့ဖြစ်သည်။ မြန်မာ-တရုတ်နယ်စပ်မြို့လည်းဖြစ်ရာ နယ်စပ်ကုန်သွယ်ရေးစခန်းလည်းရှိသည်။ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ ရွှေလီမြို့မှတစ်ဆင့် တင်ပို့နိုင်သလို တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများ မူဆယ်မြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ တင်သွင်းနိုင်သည်။ တစ်ဖန် မန္တလေး-လားရှိုး-မူဆယ်လမ်းဖြစ်သည့် အာဆီယံလမ်းမ-၁၄ (AH-14) ပေါ်တွင်လည်း တည်ရှိနေသော မြို့ဖြစ်သည်။

အာဆီယံလမ်းမ-၁၄ ကား မန္တလေး-လားရှိုး-မူဆယ်လမ်းဖြစ်ရာ စုစုပေါင်းအရှည် ၄၅၃ ကီလိုမီတာရှိသည်။ ယင်းလမ်းအပိုင်းမှာ အာရှလမ်းမကြီးအမှတ် (၁၄) နှင့်လည်း တစ်ထပ်တည်းဖြစ်နေသော လမ်းပိုင်းဖြစ်ရာ ထူးခြားသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအပြင် အာရှနိုင်ငံများနှင့်လည်း ဆက်စပ်နေသည့် လမ်းလည်းဖြစ်သည်။

မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့မှ မန္တလေးမြို့အထိ ဖောက်လုပ်ထားသော အာဆီယံလမ်းမ-၁၄ ကို လမ်းအစိတ်အပိုင်းငါးပိုင်းသတ်မှတ်ကာ စာမျက်နှာ ၃ ကော်လံ ၁ ❒

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အရေအတွက်မှ အရည်အချင်းဆီသို့

အရေအတွက်မှ အရည်အချင်းဆီသို့ ဆောင်ပုဒ်များကို လွန်ခဲ့သောနှစ်များက မြို့နယ်တော်တော်များများတွင် ထင်ရှားစွာရေးဆွဲထားသည်ကို တွေ့ရဖူးသည်။ လူ့စွမ်းအားအရင်းအမြစ်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် အရေအတွက်ထက် အရည်အချင်းရှိသူ အမြောက်အမြားပေါ်ထွန်းရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ငယ်စဉ်ကာလ စာသင်သားဘဝကို လွန်မြောက်၍ မိမိဝါသနာပါရာ၊ မိမိလုပ်ကိုင်ရာလုပ်ငန်းခွင်များတွင် ကျွမ်းကျင်ထွန်းပေါက်အောင်မြင်နိုင်ရေးအတွက် အရည်အချင်းမြင့်မားရန် လိုအပ်သည်။

အချို့က ပညာရေးဘက်တွင် ဘွဲ့ရသူများကို ဘွဲ့ရပညာတတ်များဟု ခေါ်လေ့ရှိကြသည်။ နောင်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်လျှင်ပင် ပညာတတ်ဟူ၍ ခေါ်ဝေါ်လာခဲ့ကြသည်။ ပညာတတ်များသည် ပညာရေးဘက်၌သာမက ဘက်စုံထူးချွန်လာစေရန်နှင့် လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်သောအခါ အရည်အချင်း ပြည့်ဝနေစေရန် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် သင်ယူနေရန် လိုအပ်သည်။

ယခုအခါ ကမ္ဘာ့အဆင့်မီ ပညာရေး အခွင့်အလမ်းကောင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ တိုးတက်ပေါ်ထွန်းလျက်ရှိရာ ထိုအခွင့်အလမ်းကောင်းများကို ရယူပိုင်ဆိုင်ပြီး အကျိုးရှိစွာ အသုံးချနိုင်ရန် မိမိကိုယ်တိုင်က အရည်အချင်းပြည့်ဝနေကြရန် လိုသည်။

လူတစ်ဦးတစ်ယောက် အရည်အချင်းပြည့်ဝနေစေရန် ပတ်ဝန်းကျင်မှ မည်သူတစ်ဦးတစ်ယောက်ကမျှ ထုဆစ်ပုံဖော်ပေး၍မရဘဲ ၎င်းကိုယ်တိုင်က ထုဆစ်ပုံဖော်ကြိုးပမ်းနေရမည်ဖြစ်သည်။

ယခုခေတ်သည် ပညာခေတ်၊ အိုင်တီခေတ်ဖြစ်သည်နှင့်အညီ ဝေးလံသော ကမ္ဘာတစ်လွှား မည်သည့်ဒေသသို့မဆို လူကိုယ်တိုင်သွားရောက်ရန် မလိုဘဲ သတင်းအချက်အလက်များ၊ အသိပညာ ဗဟုသုတများကို အချိန်နှင့်တစ်ပြေးညီ ရယူဆည်းပူးနိုင်ပြီဖြစ်သည်။ သင်ကြားရေးပိုင်းတွင်လည်း ကမ္ဘာ့အဆင့်မီ ပညာရပ်များကို ပြည်တွင်းတွင် သင်ကြားနိုင်သကဲ့သို့ ပြည်ပသို့လည်း အလွယ်တကူ သွားရောက်သင်ကြားနိုင်ကြပြီဖြစ်သည်။

မြန်မာနိုင်ငံကို ခေတ်မီနိုင်ငံအဖြစ် ပြည်သူ့စွမ်းအားဖြင့် တည်ဆောက်နေချိန်တွင် လူငယ်များကလည်း ပြည်သူထဲက ပြည်သူများအနေဖြင့် တစ်တပ်တစ်အား ပါဝင်ကြရမည်ဖြစ်သည်။ ယခုအချိန် တိုးပွားလာနေသော လူငယ်ပညာတတ်များသည် ကျောင်းသားဘဝပြီးဆုံးကာ မိမိတို့နှင့် သင့်လျော်သော လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် လုပ်ငန်းခွင်အတွေ့အကြုံများသည် မိမိဘဝတိုးတက်ရေးကို အထောက်အကူပြုမည့် အရည်အချင်းများဟုခံယူ၍ စဉ်ဆက်မပြတ် လေ့ကျင့်သင်ယူနေကြရမည်ဖြစ်သည်။ လုပ်ငန်းခွင်သို့ မဝင်ရောက်သေးဘဲ ပြည်တွင်းတွင်လည်းကောင်း၊ ပြည်ပတွင်လည်းကောင်း ပညာဆက်လက်ဆည်းပူးသူ လူငယ်များအနေဖြင့်လည်း မိမိတို့ ဆည်းပူးသင်ယူလေ့ကျင့်ရာမှ ရရှိလာသည့် အရည်အချင်းများကို မိမိနိုင်ငံတော်အတွက် ပြန်လည်အသုံးချမည်ဟူသော ခံယူချက်များထားရှိရန် လိုအပ်သည်။

သို့မှသာ ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်နေသော ယခုအချိန်တွင် တိုးပွားလာသော ပညာတတ်လူငယ်များသည် ပညာရည်မြင့်မားပြီး အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

စီမံကိန်းရေးဆွဲရေးဆိုင်ရာ စာရင်းဇယားများ ကောက်ယူရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ တွက်ချက်လေ့လာဖော်ပြနိုင်ရေး ပြည်ထောင်စုဝန်ကြီးက ကွင်းဆင်းစစ်ဆေးမှာကြား

နေပြည်တော် မေ ၁၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ် စီမံကိန်းရုံးများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုသို့ လှည့်လည်စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ခရိုင်နှင့် မြို့နယ်စီမံကိန်းရုံးများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းလျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ နှစ်စဉ် စီမံကိန်း၊ ပထမကာလတိုငါးနှစ်စီမံကိန်းနှင့် နှစ် ၂၀ စီမံကိန်းများ ရေးဆွဲရာတွင် ပိုမိုပီပြင်ရေးနှင့် ပြည်သူဗဟိုပြု စီမံကိန်းများ ဖြစ်စေရေး၊ ပြုပြင်ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေမှုများကို ပြည်သူများအနေဖြင့် လက်တွေ့ သိရှိခံစားနိုင်စေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ရေးဆွဲသွားကြရန်၊ စာရင်းအင်းအချက်အလက်များ စနစ်တကျမှန်ကန်စွာ ကောက်ယူနိုင်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရေး၊ နိုင်ငံတော်က ပြုပြင်ပြောင်းလဲရေး မူဝါဒများ ချမှတ်ပေးထားပြီးဖြစ်၍ နိုင်ငံတော်၏ စီးပွားရေး မူဝါဒများ၊ အမျိုးသားဘက်စုံ ဖွံ့ဖြိုးရေးစီမံကိန်း၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်တို့နှင့် ကိုက်ညီသော စီမံကိန်းများ ရေးဆွဲနိုင်ရေး၊ လယ်ယာကုန်ထွက်စာရင်းများ တွက်ချက်ရာတွင် ဈေးနှုန်းသတ်မှတ်ချက်များမှန်ကန်ရေးနှင့် ဒေသပေါက်ဈေးအတိုင်း တွက်ချက်တင်ပြရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြုပြင်ပြောင်းလဲ လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

အာယုဒါနဆေးခန်း အုတ်မြစ်စီမင်္ဂလာနှင့် ကွန်ပျူတာဆောင်ပန္နက်တင် အခမ်းအနားကျင်းပ

ပဲခူး မေ ၁၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာရှိ ဝေဠုဝန်ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်းဆောင်ရှိ အာယုဒါနဆေးခန်းအုတ်မြစ်ချနှင့် ကွန်ပျူတာဆောင် ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီက ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ဝေဠုဝန်ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်း ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဉာဏ၊ ကျောင်းအုပ် ဆရာတော် ဒေါက်တာအရှင်ပညောဘာသ (ပန်းပျိုးလက်)၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင့်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ဩဝါဒါစရိယဆရာတော်၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အာယုဒါနဆေးခန်းအုတ်မြစ်စီခြင်း၊ အုတ်မြစ်ကို အမွှေးနံ့သာပက်ဖျန်းခြင်းများ ပြုလုပ်ဆောင်ရွက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ကျောင်းသားကျောင်းသူများအား နှုတ်ခွန်းဆက်ဆုံးမစကားများပြောကြားခဲ့သည်။

ယင်းဝေဠုဝန် ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်းတွင် သူငယ်တန်းမှ မူလတန်းအထိ ကျောင်းသား ကျောင်းသူ ၄၃၅ ဦး ပညာ သင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။ **သန့်စင်**

မီးပွိုင့်လွှတ်မှုအချိန်လေး ပြန်ညှိပေးစေချင်ပါသည်

ထင်သာမြင်သာ ပြုပြင်စရာ

ကြည့်မြင်တိုင်မြို့နယ် ဗားကရာချောက်အတွင်း ထောင့်လေးထောင့်တွင် တပ်ဆင်ထားသော အော်တိုမီးပွိုင့်များ၏ နှစ်ဖက်သော မီးပွိုင့်မှ အဝါရောင်အချက်ပြမီးများကျွမ်းသွားခဲ့သည်မှာ ကြာပြီဖြစ်သည်။ ယနေ့တိုင် ပြန်လည်တပ်ဆင်ပေးနိုင်ခြင်း မရှိသည်ကိုလည်း ရက်ပေါင်းရှည်ကြာစွာ မြင်တွေ့နေရသည်။

သို့သော် ဗားကရာချောက် မီးရထားလမ်း ခုံးတံတားအောက်တွင်မူ နေ့စဉ်နှင့်အမျှ ယာဉ်ထိန်းရဲများက စည်းကမ်းဖောက်ဖျက်သော ယာဉ်များကို စောင့်ကြည့်အရေးယူလေ့ရှိသော်လည်း ထိုမီးပွိုင့် ပျက်နေသည့်အရေးမှာ သူတို့နှင့်မဆိုင် စည်ပင်နှင့်သာဆိုင်သည်ဟု ဆိုသည်။ ယင်းမှာ အမှန်စကားပါ။ သို့သော် ဆက်စပ်ဌာနချင်း အသိပေးညှိနှိုင်းဆောင်ရွက်ဖို့တော့ နည်းလမ်းရှိပါလိမ့်မည်။

မီးပွိုင့်၏ ဖြစ်ပျက်နေမှုကို ပြန်ကောက်ရသော်စိမ်းရာမှ ဖျတ်ခနဲ စိမ်း၊ ဝါ၊ နီ အရောင်အားလုံး ပျောက်လျက် ဖျတ်ခနဲပင် အနီရောင် အချက်ပြမီးက တန်းပြီး လင်းလာခဲ့သည်။

နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာနေကြသော လိုင်းကားများအနေဖြင့် မီးပွိုင့်၏ အထာကိုသိသော်လည်း အခြားသောယာဉ်များက မီးစိမ်းကို အရှိန်ဖြင့် ဖြတ်သန်းစဉ် ရုတ်ခြည်းခဏမီးနီသွားမှုကြောင့် ကားဘရိတ်နင်းသံတို့ကို ပတ်ဝန်းကျင်၌ အချိန်နှင့်အမျှ ကြားနေရသည်။ ထိုအခါ အရှိန်လွန်သောကား နောက်ပြန်မဆုတ်မီ ပုံတွင် မြင်တွေ့ရသည့်အတိုင်း အခြားဘက်များဆီမှ ဆင်းလာသောကားများနှင့် ခေါင်းချင်းဆိုင်ကာ နှုတ်ဆက်အနမ်းလေးများ ပေးတော့မယောင် အသည်းယားဖွယ်မြင်ကွင်းကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရပါသည်။

ထို့အပြင် တစ်ဖက်နှင့် တစ်ဖက် မီးပွိုင့်အချိန်ပေးမှုကိုလည်း ပြန်လည်သုံးသပ်ပြုပြင်သင့်သည်ဟု ရေးလိုပါသည်။ အထက်ကြည့်မြင်တိုင် လမ်းမကြီးဘက်မှ ဆင်းလာသည့် မီးပွိုင့်စောင့် ယာဉ်ကြောမှာ တစ်ခါတစ်ရံ မြို့နယ်ရဲစခန်းရှေ့အထိ ရောက်လာသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်ဆိုသည့် စကားကဲ့သို့ပင် တာဝန်ရှိသူများအနေဖြင့် ထင်သာမြင်သာပြုပြင်စရာ မြင်ကွင်းတစ်ရပ်အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

iNFO Net
Business Solution Development
Customer service is our priority
Email: infonetygn@gmail.com

❐ ရှေ့ဖုံးမှ

တိုင်းရင်းသားပိုင်ကုမ္ပဏီများက BOT စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ လမ်းပိုင်းအားလုံး တစ်ဆက်တစ်စပ်တည်း ပြီးစီးနေပြီဖြစ်သည်။

မူဆယ်နှင့် သိန္နီမြို့အထိ ဖောက်လုပ်ထားသော လမ်းအပိုင်းမှာ အရှည် ၁၂၄ ကီလိုမီတာ ရှိသည်။ ၂၄ ပေ အကျယ်ရှိသော နှစ်လမ်းသွားကတ္တရာလမ်းဖြစ်ရာ လမ်းတစ်လျှောက် မော်တော်ယာဉ်များ မောင်းနှင်သွားလာ အသုံးပြုနေပြီဖြစ်သည်။ အစုန်အဆန် မောင်းနှင်သွားလာနေသော ခရီးသည်တင်ကားများ၊ ပစ်ကပ်အမျိုးအစားကားများ၊ ခရီးသည်တင် အထူးဘတ်စ်ကားကြီးများနှင့် ကုန်တင်ကားများ ဖြတ်သန်းမောင်းနှင်လျက်ရှိသည်။

မူဆယ်-သိန္နီလမ်းအစိတ်အပိုင်းတွင် နေ့စဉ် ခရီးသည်တင်ကားပေါင်း ၈၀၀ ကျော်၊ကုန်တင်ကားပေါင်း ၇၀၀ ခန့် ပစ်ကပ်အမျိုးအစားကားပေါင်း အစီးရေ ၂၆၀ ကျော်တို့ ဖြတ်သန်းမောင်းနှင်အသုံးပြုနေပြီဖြစ်သည်။ ထို့အပြင် ခရီးသည်တင် အထူးဘတ်စ်ကားကြီးများ အစီး ၆၀ ခန့်နှင့် နောက်တွဲယာဉ်အစီးရေ ၁၆၀ ကျော်တို့လည်း ကုန်းလမ်းအစိတ်အပိုင်းပေါ်၌ နေ့စဉ် မောင်းနှင်သွားလာနေကြပြီဖြစ်ရာ နေ့စဉ် ကားအစီးရေ စုစုပေါင်း ၂၀၀၀ နီးပါး အသုံးပြုနေခြင်းပင်ဖြစ်သည်။

ထို့အတူ သိန္နီ-လားရှိုးလမ်းအစိတ်အပိုင်းကလည်း အရှည် ၅၂ ကီလိုမီတာရှိသည်။ ယခုအခါ ၂၄ ပေ အကျယ်နှစ်လမ်းသွား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ထားပြီးဖြစ်ရာ လမ်းတစ်လျှောက် မော်တော်ယာဉ်အမျိုးအစားများ မောင်းနှင်အသုံးပြုနေပြီဖြစ်သည်။

သိန္နီ-လားရှိုးလမ်းအစိတ်အပိုင်းပေါ်၌ နေ့စဉ် ခရီးသည်တင်ကား အစီးရေ ၁၁၃၀ ကျော်၊ ပစ်ကပ်အစီးရေပေါင်း ၇၂၀ ကျော်၊ ကုန်တင်ယာဉ်အစီးရေ ၈၇၀ ကျော်၊ ခရီးသည်တင် အထူးဘတ်စ်ကားကြီးများ အစီး ၇၀ ခန့်တို့ စုန်ဆန်မောင်းနှင်ကာ ကုန်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အဆင်ပြေစွာဆောင်ရွက်နိုင်လျက်ရှိသည်။

ဆက်လက်ပြီး လားရှိုး-ကျောက်မဲလမ်းအစိတ်အပိုင်းက အရှည် ၁၀၄ ကီလိုမီတာရှည်ပြီး ၂၄ ပေအကျယ်နှစ်လမ်းသွား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ထားပြီးဖြစ်သည်။ သီပေါမြို့ကို ဖြတ်သန်းသွားသည့်အပြင် ကျောက်မဲမြို့မှ မိုးမိတ်မြို့အထိလည်း နွေရာသီလမ်းဆက်စပ်လျက်ရှိနေရာ ဒေသဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုသည့်လမ်းအစိတ်အပိုင်းဖြစ်သည်။

လားရှိုး - ကျောက်မဲလမ်းအစိတ်အပိုင်းမှာ ထိန်းသိမ်းမှုအဆင့်သို့ရောက်ရှိနေပြီဖြစ်ရာ နေ့စဉ် ကုန်တင်ယာဉ် အစီးရေ ၁၀၄၀ ခန့်၊ ခရီးသည်တင်ကား ၆၅၃ စီးခန့်၊ ပစ်ကပ်ကား ၆၅၉ စီးခန့်နှင့် ခရီးသည်တင် အထူးဘတ်စ်ကားကြီးများ အစီးရေ ၁၅၀ ကျော်တို့ ဖြတ်သန်းမောင်းနှင် အသုံးပြုနေပြီဖြစ်သည်။

တစ်ဖန် ကျောက်မဲ - ပြင်ဦးလွင်လမ်းအစိတ်အပိုင်းကား အရှည် ၁၀၆ ကီလိုမီတာရှိသည်။ ယခုအခါ ၂၄ ပေ အကျယ်နှစ်လမ်းသွား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ထားပြီးဖြစ်ရာ မော်တော်များဖြတ်သန်းမောင်းနှင် အသုံးပြုနေပြီဖြစ်သည်။ ဤလမ်းအစိတ်အပိုင်းပေါ်တွင် အများဆုံး ဖြတ်သန်းမောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များမှာ ကုန်တင်ကားများဖြစ်ပြီး တစ်နေ့လျှင်အစီးပေါင်း ၁၁၇၆ စီးခန့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်လျက်ရှိသည်။ ထို့အပြင် ခရီးသည်တင်ယာဉ်များ၊ ခရီးသည်တင် အထူးဘတ်စ်ကားကြီးများ၊ ပစ်ကပ်ကားများနှင့် နောက်တွဲယာဉ်များ အပါအဝင် တစ်နေ့လျှင် မော်တော်ယာဉ် အစီးရေပေါင်း ၃၀၀၀ နီးပါး ဖြတ်သန်းမောင်းနှင်အသုံးပြုနေပြီဖြစ်သည်။

ဆက်လက်ပြီး ပြင်ဦးလွင်-မန္တလေးလမ်းအစိတ်အပိုင်းမှာ ၆၇ ကီလိုမီတာရှည်သည့်အပြင် တောင်စွယ်၊ တောင်ကြောများကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည်။ နှစ်လမ်းသွား ကတ္တရာလမ်းဖြစ်ပြီး နေ့စဉ် ကားအမျိုးအစားပေါင်းစုံ ၅၇၄၈ စီးခန့် ဖြတ်သန်းမောင်းနှင်အသုံးပြုနေပြီဖြစ်သည်။ အများဆုံးမှာ ကုန်တင်ကားနှင့် ခရီးသည်တင်ကားများဖြစ်ရာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်း၏ ပုံရိပ်တစ်ခုပင်ဖြစ်သည်။

ထို့ကြောင့် မန္တလေး - လားရှိုး- မူဆယ်လမ်းဖြစ်သည့် အာဆီယံလမ်းမ -၁၄ သည် ထိုင်းနယ်စပ် မြဝတီမှ မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့အထိ ၁၆၆၅ ကီလိုမီတာရှည်သော အာဆီယံလမ်းမ-၁ နှင့်လည်း ချိတ်ဆက်လျက်ရှိရာ ထိုင်း- မြန်မာ- တရုတ်- အိန္ဒိယနိုင်ငံများနှင့် ဆက်စပ်သွားလာကုန်သွယ်နိုင်သည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလမ်းပင် ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် မေ ၁၃

၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရောင်စုံဓာတ်ပုံပြိုင်ပွဲကို“ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ”ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

စည်းကမ်းချက်အနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀×၁၄) လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း၊ မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း၊ ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုသုံးဆုနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုများကို ၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဇွန် ၁၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းရည်မြင့်မားရေး သင်တန်းဖွင့်

မြဝတီ မေ ၁၃

ကရင်ပြည်နယ် မြဝတီမြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းရည် မြင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက်က ကျင်းပရာ ကရင်ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ဌေးက တက်ရောက်အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက် (သို့) ကျေးရွာအုပ်ချုပ်ရေးမှူးများက တစ်ဦးချင်းမိတ်ဆက်ကြသည်။ ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူးက ခရိုင်နှင့်မြို့နယ်များတွင် ဖွဲ့စည်းထားသည့်ကော်မတီများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ပြည်တွင်းသတင်း

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ မေလတွင် ဆက်လက်ရောင်းချမည့်အစီအစဉ်

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တပ်ဆင်ထားသော တန်ဖိုးနည်းမိုဘိုင်းဖုန်း ၃၅၀၀၀၀ ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ စတင်၍ မိဘပြည်သူများ အလွယ်တကူ၊ အဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေရောင်းချပေးခဲ့ပါသည်။

၂။ ရောင်းချပေးထားပြီးဖြစ်သည့် မိုဘိုင်းဖုန်း ၃၅၀၀၀၀ ၏ ၁၃-၅-၂၀၁၃ ရက်နေ့အထိ အမှန်တကယ် သုံးစွဲမှုမှာ တိုင်းတာစိစစ်ချက်များအရ ၃၄၄၀၀၂ ခန့်ဖြစ်ရာ ဖုန်းပေါင်း ၆၀၀၀ ခန့်မှာ သုံးစွဲမှုမပြုသေးကြောင်း တွေ့ရှိရပါသည်။

၃။ မိဘပြည်သူများ မိုဘိုင်းဖုန်းသုံးစွဲမှု အဆင်ပြေခြင်း ရှိ/မရှိကို မိုဘိုင်းအိတ်ချိန်းများတွင် မှတ်သားထားသည့် အချက်အလက်များအား တိုင်းတာစစ်ဆေးခဲ့ရာ ရန်ကုန်၊ ပုသိမ်၊ ပဲခူးနှင့် ပျဉ်းမနားမြို့များတွင် ရောင်းချပေးထားသည့် မိုဘိုင်းဖုန်းအင်အားထက် ပိုမိုသုံးစွဲလျက်ရှိနေသည်ကို တွေ့ရှိရပါသဖြင့် ထပ်မံရောင်းချပေးမည့် မိုဘိုင်းဖုန်းများ အဆင်ပြေစွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်သောစက်ပစ္စည်းများကို တိုးချဲ့တပ်ဆင်ထားပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် မိုဘိုင်းဖုန်း SIM Card ၃၅၀၀၀၀ ကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

(က) တယ်လီဖုန်းခေါ်ဆိုခ ငွေကျပ် ၃၀၀ ကြိုတင်ထည့်သွင်းထားသော မိုဘိုင်းဖုန်း SIM Card တစ်ခုအတွက် ငွေကျပ် ၁၅၀၀ နှုန်း ဖြစ်ပါသည်။

(ခ) ရောင်းချမည့်ဖုန်းအမျိုးအစားမှာ CDMA-800 MHz စနစ် မိုဘိုင်းဖုန်းဖြစ်ပြီး ဤစနစ် တပ်ဆင်ထားခြင်းမရှိသေးသည့် ချင်းပြည်နယ်တွင် WCDMA(3G) မိုဘိုင်းဖုန်းများကို နှုန်းထားတူ ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။

၅။ ပြည်သူများသက်သာသော နှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန်ရည်ရွယ်၍ ရောင်းချခြင်းဖြစ်ပါသဖြင့် ဖုန်းကတ်ဝယ်ယူထားသည့်နေ့မှစ၍ ၁၅ ရက်အတွင်း မိုဘိုင်းဖုန်း SIM Cardတွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ငွေကျပ်၃၀၀ မကုန်မီ မိုဘိုင်းဖုန်းသုံးစွဲသူသည် အနည်းဆုံး ငွေကျပ် ၅၀၀၀ တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ ဖုန်းကတ်အား အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှ ကာကွယ်ရန်အတွက် ၁၅ ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါ ဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၆။ စက်ပစ္စည်းတန်ဖိုး၊ စက်တပ်ဆင်မှု၊ ကုန်ကျစရိတ်များကို တယ်လီဖုန်းပြောဆိုခများမှ ပြန်လည်စုစည်းကောက်ခံရမည်ဖြစ်ပါသဖြင့် ဤတန်ဖိုးနည်းမိုဘိုင်းဖုန်းများကို လစဉ် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခ ငွေကျပ် ၂၅၀၀ အနည်းဆုံးသုံးစွဲရန် သတ်မှတ်ထားပြီးဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ ငွေကျပ် ၅၀၀၀ ကို အပြည့်မသုံးစွဲပါက အလိုအလျောက် ငွေကျပ် ၅၀၀၀ ပြည့်သည်အထိ ဖြတ်တောက်သွားမည်ဖြစ်ပါသည်။ တယ်လီဖုန်း SIM Card တွင် ဖြည့်သွင်းထားသောငွေကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း ငွေထပ်မံဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၇။ အမှန်တကယ်သုံးစွဲလိုသူ ပြည်သူများအနေဖြင့် တစ်ဆင့်ခံဈေးကြီးပေးပြီး ဝယ်ယူရခြင်းမရှိရစေရန် ရည်ရွယ်၍ လစဉ်ပုံမှန်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၈။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်အတူ အခြားလိုင်စင်ရ အော်ပရေတာများမှ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ ဆက်သွယ်သုံးစွဲနိုင်ရန် လုံလောက်သော စက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ပြီးစီးပါက မည်သည့်ကန့်သတ်ချက်မျှမရှိတော့ဘဲ လွတ်လပ်စွာ ရောင်းချသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အမြန်ဆုံး မီးငြိမ်းသတ်နိုင်ပြီး အန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

နိုင်ငံတကာသတင်း

တောင်ကိုရီးယားနိုင်ငံသို့ ကန်လေယာဉ်တင်သင်္ဘော ရောက်ရှိ

ဆိုးလ် မေ ၁၃

ချူကလီးယားစွမ်းအင်သုံး အမေရိကန်လေယာဉ်တင်သင်္ဘော Nimitz သည် ယခုသီတင်းပတ်ကုန်ပိုင်း၌ ကိုရီးယားကျွန်းဆွယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းရေပိုင်နက်များတွင် ပြုလုပ်မည့် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်ခန်းများတွင် ပါဝင်ဆောင်ရွက်ရန်အတွက် တောင်ကိုရီးယားနိုင်ငံသို့ မေ ၁၁ ရက်တွင် ရောက်ရှိခဲ့ကြောင်း ပေါင်းစပ်တပ်ဖွဲ့ဌာနချုပ်က ပြောကြားသည်။

ကမ္ဘာ့အကြီးဆုံး စစ်သင်္ဘောများအနက်မှ တစ်စီးအပါအဝင်ဖြစ်သည့် အလေးချိန် ၉၇၀၀၀ တန် ရှိသော Nimitz လေယာဉ်တင်သင်္ဘောသည် တောင်ကိုရီးယားနိုင်ငံတွင် သုံးရက်ကြာ လည်ပတ်မည်ဖြစ်သည်။ မေ ၁၀ ရက်တွင် ပြီးဆုံးခဲ့သော ပင်လယ်ဝါ၌ ပြုလုပ်သည့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ငါးရက်ကြာ စစ်ရေးလေ့ကျင့်ခန်းပြုလုပ်ပြီးနောက် Nimitz စစ်သင်္ဘောပါဝင်ဆောင်ရွက်မည့် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်ခန်းသည် မဟာမိတ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် စစ်ရေးအသင့်ရှိမှုအား မြှင့်တင်ဆောင်ရွက်ရေးတို့အတွက် ရည်ရွယ်ကြောင်း ပေါင်းစပ်တပ်ဖွဲ့ဌာနချုပ်က ပြောကြားသည်။ နှစ်နိုင်ငံရေတပ်များသည် တစ်နှစ်လျှင် စစ်ရေးလေ့ကျင့်ခန်း ၁၅ ခုမှ ၁၆ ခုအထိ ပြုလုပ်လျက်ရှိကြောင်း Nimitz တိုက်ခိုက်ရေးအဖွဲ့အကြီးအကဲ ရေတပ်ဗိုလ်ချုပ် မစ်ချဲဝိုက်က သတင်းထောက်များအား ပြောကြားသည်။ **(ယွန်ဟပ်)**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပြန်ပေးဆွဲခံရသည့် တူရကီအင်ဂျင်နီယာလေးဦးအား တာလီဘန်တို့ ပြန်လွှတ်ပေး

အင်ကာရာ မေ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ၌ ပြီးခဲ့သည့်ဧပြီလက မြေပြင်သို့ဆင်းသက်ခဲ့စဉ် ပျက်ကျသည့် ရဟတ်ယာဉ်တစ်စင်းမှ ပြန်ပေးဆွဲခံထားရသော တူရကီနိုင်ငံသားရှစ်ဦးအနက် လေးဦးကို တာလီဘန်စစ်သွေးကြွများက ပြန်လွှတ်ပေးလိုက်ကြောင်း တူရကီဘက်မှ ပြောကြားသည်။

တူရကီအင်ဂျင်နီယာရှစ်ဦးသည် မကြာမီက အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ ၎င်းတို့၏ရဟတ်ယာဉ် ပျက်ကျပြီး မြေပြင်သို့ဆင်းသက်ခဲ့ချိန်တွင် ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် ရီဆက်တေယက်အာဒိုဂန်က မေ ၁၂ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တူရကီနိုင်ငံသားလေးဦးကို ဘေးကင်းလုံခြုံစွာနှင့် မိမိတို့အား လွှဲပြောင်းပေးခဲ့သည့် တူရကီထောက်လှမ်းရေး(အင်န်အိုင်တီ)၏ ကြိုးပမ်းဆောင်ရွက်မှုကို ကျေးဇူးတင်ပါကြောင်း အာဒိုဂန် **(ဝဲပုံ)**က ဆက်လက်ပြောကြားသည်။

တူရကီနိုင်ငံသားများသည် ယင်းရဟတ်ယာဉ်ပေါ်တွင် ရုရှားနိုင်ငံသားတစ်ဦး၊ ကာဇက်စတန်နိုင်ငံသားတစ်ဦး၊ အာဖဂန်နစ္စတန်နိုင်ငံသားတစ်ဦးနှင့်အတူ လိုက်ပါလာပြီး ဧပြီလနှောင်းပိုင်းက အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း လိုဂါပြည်နယ်၌ လေယာဉ်ပျက်ကျပြီးနောက် ဆင်းသက်ချိန်တွင် တာလီဘန်စစ်သွေးကြွများက ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်။ တာလီဘန်ခေါင်းဆောင်များနှင့် ကျေအေးမှု ပြုလုပ်ဆောင်ရွက်ပြီးနောက် တူရကီနိုင်ငံသားလေးဦးသည် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း၊ ၎င်းတို့ကို ယင်းနေ့ မွန်းလွဲပိုင်းက နိုင်ဂါဟာပြည်နယ် အစွန်အဖျားဒေသတစ်ခုတွင် လွှတ်ပေးခဲ့ပြီး တူရကီကိုယ်စားလှယ်တစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း လိုဂါပြည်နယ်အနီးဝန်းကျင်ရှိနိုင်ဂါဟာပြည်နယ် ဟတ်ဇ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဟာမစ်ဒူလပ်ဟာမက်က ပြောကြားခဲ့သည်။

(ပရက်စ်တီဗွီ)

ဆူနာမီဘေးအန္တရာယ် လေ့ကျင့်မှု တရုတ်၌ပြုလုပ်

ပေကျင်း မေ ၁၃

ပစိဖိတ်လှိုင်း-၁၃ လေ့ကျင့်မှုဟု အမည်ပေးထားသော ဗဟိုပစိဖိတ်ဒေသနှင့် ဒေသဆိုင်ရာ ဆူနာမီဘေးအန္တရာယ် ကြိုတင်လေ့ကျင့်မှုတစ်ရပ်ကို တရုတ်နိုင်ငံတွင် မေ ၁၂ရက်က ပြုလုပ်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ သမုဒ္ဒရာဆိုင်ရာစီမံရေးအဖွဲ့(အက်စ်အိုအေ) က မေ ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

ပင်လယ်ပြင်ဆိုင်ရာ အခြေအနေသုံးသပ်မှုအရာရှိများ၏ သတင်းများလက်ခံမှု၊သတိပေးချက်ထုတ်ပြန်မှုနှင့် ၎င်းတို့၏အရေးပေါ်တုံ့ပြန်မှုစသည့် စွမ်းရည်များကို စမ်းသပ်ရန် လေ့ကျင့်ကြခြင်းဖြစ်သည်။

ထို့သို့ လေ့ကျင့်ရာတွင် အမျိုးသားရေကြောင်းဆိုင်ရာ သုံးသပ်ရေးစင်တာ (အင်န်အမ်အီးအက်ဖ်စီ)က ဆူနာမီဆိုင်ရာ သတိပေးချက်သတင်းများ ထုတ်ပြန်ပေးပြီး အမျိုးသားသမုဒ္ဒရာစီမံရေးအဖွဲ့(အက်စ်အိုအေ)က ကမကထပြုလုပ်ကာ တရုတ်နိုင်ငံတွင် လေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါလေ့ကျင့်မှုကို အိုင်အိုစီနှင့် ယူနက်စကိုတို့မှ တာဝန်ယူကာ ပစိဖိတ်ဒေသတစ်ဝန်း မေ ၁ ရက် မှ ၁၄ ရက်အထိ ပြုလုပ်နေခြင်းဖြစ်ပြီး ယခုအခါ တရုတ်၌ လေ့ကျင့်မှုပြုလုပ်ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ဘင်္ဂလားဒေ့ရှ် အဆောက်အအုံအပျက်အစီးများအောက်မှ ကယ်ခဲ့သည့်အမျိုးသမီး ဆေးရုံတွင် ကျန်းမာရေးကောင်းမွန်လာ

ဒါကာ မေ ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မကြာမီက ပြိုကျခဲ့သော ရာနာပလာဇာ၏ အပျက်အစီးများအောက်မှ ၁၇ ရက်ကြာပိတ်မိနေခဲ့ပြီးနောက် ပြန်လည်ကယ်ထုတ်နိုင်ခဲ့သည့် ရက်ရှ်မာဘီဂမ်သည် ဆေးကုသမှုခံယူနေရာမှ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ဆရာဝန်များက မေ ၁၃ ရက်က ပြောကြားသည်။ အသက် ၁၉ နှစ်အရွယ်ရှိ ရက်ရှ်မာဘီဂမ်သည် ယခုအခါ ကိုယ်တိုင်လမ်းမလျှောက်နိုင်သေးသော်လည်း အစားအစာများကို စားနိုင်ပြီဖြစ်ကြောင်း သူမဆေးကုသမှုခံယူနေသော စစ်ဆေးရုံမှ ဒါရိုက်တာတစ်ဦးဖြစ်သည့် ဒုတိယဗိုလ်မှူးကြီး ရှရစ်ဖ်အာမက်က ပြောကြားသည်။

ပြီးခဲ့သည့် မေ ၁၀ ရက် ညနေ ၄ နာရီ ၂၆ မိနစ်ခန့်က အဆောက်အအုံအပျက်အစီးများအောက်မှ သူမကို ကယ်ဆယ်ခဲ့ပြီးနောက်ပိုင်း ဆေးရုံ၌ တက်ရောက်ဆေးကုသပေးခဲ့ခြင်းဖြစ်သည်။ ရက်ရှ်မာဘီဂမ်သည် ယခုအခါ ကျန်းမာရေးကောင်းလာပြီဖြစ်ကြောင်း၊ မေ ၁၁ ရက်မှ စတင်ကာ ကောင်းကောင်းအိပ်နိုင်ခဲ့ကြောင်း **(အပေါ်ပုံ)** ရှရစ်ဖ်အာမက်က ပြောကြားသည်။ သူမအား ကျန်းမာရေးကောင်းမွန်ရန်အတွက် ဆေးကုသရေးအဖွဲ့ဖွဲ့ကာ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သူမကျန်းမာရေးကောင်းမွန်ပြီး ပြန်အလာကို စောင့်မျှော်ကြည့်ရှုနေသူများက သူမနေအိမ်သို့ သွားရောက်ကြမည်ဖြစ်သည်။ **(ဆင်ဟွာ)**

အစ္စလာမ္မာဘတ် မေ ၁၃

ပါကစ္စတန် ရဲတပ်ဖွဲ့ခေါင်းဆောင်နေအိမ် ဗုံးခွဲတိုက်ခိုက်ခံရ

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ကွက်တာမြို့တွင် ဘလိုချီစတန်ပြည်နယ်၏ ရဲတပ်ဖွဲ့ခေါင်းဆောင်နေအိမ်ကို မေ ၁၂ ရက်ညက အသေခံကားဗုံးခွဲတိုက်ခိုက်မှုတစ်ခုကြောင့် အနည်းဆုံးခြောက်ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။

အဆိုပါအသေခံကားဗုံးခွဲတိုက်ခိုက်မှုတွင် ဘလိုချီစတန်ပြည်နယ် ရဲတပ်ဖွဲ့ခေါင်းဆောင် မူရှာတတ်စူခီရာမှာ ဘေးမသိရန်မခဘဲ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း၊ သို့သော်လည်း ယင်းပေါက်ကွဲမှုကြောင့် ၎င်းအိမ်၏ အပြင်ဘက်တွင် ဖြန့်ကြက်ချထားသည့် ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး အခြားရဲတပ်ဖွဲ့ဝင် ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ယင်းတိုက်ခိုက်မှုသည် မေ ၁၂ ရက် ညနှောင်းပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားသည် ဖောက်ခွဲရေးပစ္စည်းများအား တင်ဆောင်လာသည့် ၎င်း၏ကားဖြင့် ရဲအရာရှိ မူရှာတတ်စူခီရာ၏ နေအိမ်ကို ဝင်တိုက်ခဲ့ခြင်းဖြစ်ပြီး နေအိမ်အစိတ်အပိုင်းအချို့ မြေပြင်သို့ လုံးလုံးလျားလျားပြိုကျသွားခဲ့ကြောင်း အခြားမီဒီယာများက ပြောကြားသည်။ **(ဆင်ဟွာ)**

တင်မောင်လွင် စုစည်းသည်

အမေရိကန်နိုင်ငံတွင် အမေများနေ့အခမ်းအနား၌ ပစ်ခတ်မှုဖြစ်ပွား၊ ၁၉ ဦး ဒဏ်ရာရ

နယူးအော်လင်း မေ ၁၃

အမေရိကန်နိုင်ငံ နယူးအော်လင်းမြို့၌ကျင်းပသော အမေများနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ကလေးနှစ်ဦးအပါအဝင် လူ ၁၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိများက ပြောကြားသည်။ **(ဝဲပုံ)**

ယင်းဖြစ်စဉ်သည် နယူးအော်လင်းမြို့ အမှတ်(၇)ရပ်ကွက်ရှိ ဖရင့်မင်းနှင့် ဗီလ်လာလမ်းဆုံတွင် မေ ၁၂ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲမှူးရိုနယ်ဆာပတ်စ်က ပြောကြားသည်။ အသက် ၁၀ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့မှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သော်လည်း မစိုးရိမ်ရကြောင်း၊ အခြားဒဏ်ရာရသူများထဲတွင် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့ပါဝင်ကြောင်း ရိုနယ်ကပြောကြားသည်။ ရဲအရာရှိများအနေဖြင့် အခင်းဖြစ်ပွားရာနေရာမှ သံသယရှိသူသုံးဦး ထွက်ပြေးသွားသည်ကို မြင်တွေ့ခဲ့ကြောင်း နယူးအော်လင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းပစ်ခတ်မှုဖြစ်ပွားချိန်တွင် အဆိုပါနေရာ၌ လူ ၂၀၀ခန့်ရှိနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အမေရိကန်နိုင်ငံတွင် အလားတူပစ်ခတ်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသောကြောင့် နှစ်စဉ် လူ ၃၀၀၀၀ ကျော် သေဆုံးလျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

ပါကစ္စတန်ရွေးကောက်ပွဲအခြေအနေ

မောင်မဟာ

ပါကစ္စတန်နိုင်ငံရွေးကောက်ပွဲကို အခက်အခဲတွေကြားက မေ ၁၁ရက်မှာ ကျင်းပခဲ့ပြီးတဲ့နောက် မေ ၁၃ ရက်က ထုတ်ပြန်တဲ့သတင်းအရ ပါကစ္စတန်မူဆလင်အဖွဲ့ချုပ်-နာဝပ်ဇ်(ပီအမ်အယ်လ်-အင်န်)က အမတ်နေရာအများအပြားရရှိပြီး အောင်ပွဲခံခဲ့တယ်လို့ ဆိုပါတယ်။

ပီအမ်အယ်လ် - အင်န်ပါတီက အခုလို အမတ်နေရာအများအပြား ရရှိခဲ့တာမို့ အရင်က ဝန်ကြီးချုပ် သက်တမ်းနှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ အသက် ၆၃နှစ် အရွယ်ရှိ နာဝပ်ဇ်ရှရစ်ဖ်ဟာ တတိယအကြိမ်မြောက် ဝန်ကြီးချုပ် တာဝန်ကို ထမ်းဆောင်ခွင့် ရရှိသွားပြီဖြစ်တယ်လို့ မီဒီယာတွေက ဖော်ပြနေကြပါတယ်။

ပီအမ်အယ်လ် - အင်န်ပါတီက ထုတ်ပြန်တဲ့သတင်းအရ ပါကစ္စတန်အမျိုးသားလွှတ်တော်အတွက် ပီအမ်အယ်လ်-အင်န်ပါတီက အမတ် ၁၂၄ နေရာရရှိခဲ့ပါတယ်။ ဒါကြောင့် ပြိုင်ဘက်ပါတီတွေကို အနိုင်ရယူနိုင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ပီအမ်အယ်လ်-အင်န်ပါတီရဲ့ ပြိုင်ဘက်တွေဖြစ်တဲ့ ပီတီအိုင်ပါတီက အမတ်နေရာ ၃၂နေရာ၊ အင်ဒီပင်းဒင့်ပါတီက ၃၁ နေရာ၊ ပီပီပီပီပါတီက အမတ်နေရာ ၃၀ ရရှိတယ်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် အမ်ကျူအမ်ပါတီက ၁၇နေရာနဲ့ အခြားပါတီတွေကလည်း အမတ်နေရာအနည်းငယ်စီ ရရှိခဲ့ကြပါတယ်။

ပြောကြား

ပီအမ်အယ်လ် - အင်န်ပါတီက အနိုင်ရရှိခဲ့တာမို့ အမေရိကန်သမ္မတ အိုဘားမားနဲ့ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့က နာဝပ်ဇ်ရှရစ်ဖ်ထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပါတယ်။

နာဝပ်ဇ်ရှရစ်ဖ်ကတော့ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့မှာရှိတဲ့ သူ့ရဲ့ အိမ်မှာ မေ ၁၂ ရက်ကတည်းက သူ့ကိုထောက်ခံသူ ထောင်ပေါင်းများစွာတို့နဲ့ တွေ့ဆုံတဲ့အခါ “သူ့ကို ယုံယုံကြည်ကြည်နဲ့ ထောက်ခံခဲ့ကြတဲ့အတွက် အခုလို ရွေးကောက်ပွဲမှာ အောင်မြင်မှုရရှိခဲ့တာပါ” လို့ ဂုဏ်ပြုပြောကြားခဲ့ပါတယ်။

နာဝပ်ဇ်ရှရစ်ဖ်ဟာ ပါကစ္စတန်ဝန်ကြီးချုပ်အဖြစ် ၁၉၉၀ ခုနှစ် နိုဝင်ဘာမှ ၁၉၉၃ ခုနှစ် ဇူလိုင်လအထိ တစ်ကြိမ်၊ ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီမှ ၁၉၉၉ ခုနှစ် အောက်တိုဘာလအထိ တစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပါတယ်။ အခုအကြိမ်ဆိုရင်တော့ တစ်ဆက်တည်းမဟုတ်ပေမယ့် သုံးကြိမ်မြောက် ဝန်ကြီးချုပ်ရာထူးကို ထမ်းဆောင်ရသူ ဖြစ်လာပါတယ်။

ရင်ဆိုင်ဖြေရှင်း

နာဝပ်ဇ်ရှရစ်ဖ်ဟာ ပါကစ္စတန်နိုင်ငံရဲ့ စွမ်းအင်ပြတ်တောက်မှု၊ အကြမ်းဖက်တိုက်ခိုက်မှု၊ စီးပွားရေးကျဆင်းမှုအပြင် အခြားစိန်ခေါ်မှုပြဿနာတွေနဲ့ တွေ့ကြုံရင်ဆိုင်ဖြေရှင်းရဖို့ ရှိနေတာမို့ ဘယ်လိုစွမ်းဆောင်သွားနိုင်မလဲဆိုတာ စိတ်ဝင်စားစရာတော့ ကောင်းနေတာ အမှန်ပါပဲ။ ။

လမျက်နှာပြင်ရှိ ရေနှင့် ကမ္ဘာတွင်ရှိသောရေတို့ ဖြစ်တည်မှုလားရာတူညီ

လမျက်နှာပြင်တွင်တွေ့ရှိရသော ရေနှင့် ကမ္ဘာတွင်ရှိနေသော ရေတို့သည် မူလဖြစ်တည်မှု လားရာမှာ အတူတူပင်ဖြစ်ကြောင်း အမေရိကန် အာကာသရေးရာ သုတေသနပညာရှင်များ၏ သုတေသနပြုချက်အသစ်တစ်ရပ်၌ ဖော်ပြသည်။

လမျက်နှာပြင်မှရယူထားသော ကျောက်တုံးများကို လေ့လာ သုတေသန ပြုခဲ့ရာမှ အဆိုပါ သုံးသပ်ချက် ထွက်ရှိလာခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့၏ သုတေသနပြုချက်ကို သိပ္ပံဂျာနယ်တစ်ခု၌ ဖော်ပြခဲ့ရာ လဖြစ်တည်ပုံနှင့်ပတ်သက်ပြီး မေးခွန်းအသစ်များလည်း ထွက်ပေါ်လာခဲ့သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံခန့်က ကမ္ဘာဂြိုဟ်ကို အလွန်ကြီးမားသော ဥက္ကာခဲကြီးတစ်ခုက ဝင်ရောက်တိုက်မိခဲ့ရာ ပွဲထွက်ခဲ့သော ဝဲဘက်အစိတ်အပိုင်းကြီးတစ်ခုမှနေ၍ လဖြစ်ပေါ်လာခဲ့သည်ဟု အာကာသ သိပ္ပံပညာရှင်အချို့က အချိန်ကာလအတန်ကြာကပင် လက်ခံထားခဲ့ကြသည်။

ယူဆ

ထိုသို့ပွဲထွက်ခဲ့သည့် နေရာမှ ဟိုက်ထရိုဂျင်နှင့် အောက်ဆီဂျင် အပါအဝင် အခြားဓာတ်များ ထွက်ပေါ် ပေါင်းစည်းမှုဖြစ်ကာ အာကာသအတွင်းပျံ့လွင့်ခဲ့ရာ အဓိက အနေဖြင့် လသို့စီးဝင်ရောက်ခဲ့ခြင်း ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ယူဆခဲ့ကြသည်။

လမျက်နှာပြင်ပေါ်တွင် တွေ့ရှိရသည့်ရေနှင့် ကမ္ဘာတွင်တွေ့ရှိရသည့်ရေတို့သည် မူလဖြစ်တည်မှုလားရာ တစ်ခုတည်းမှ ဖြစ်ကြောင်း ဘရွန်းတက္ကသိုလ်မှ သုတေသနပညာရှင် အယ်လ်ဘာတိုဆေးလ်က သုံးသပ်ပြောကြားသည်။

အာကာဟိန်း-ရေးသားသည်

နိုင်ငံတကာသတင်း

အမေရိကန်နှင့်တောင်ကိုရီးယား စစ်ရေးလေ့ကျင့်ပြန်

အမေရိကန်နှင့်တောင်ကိုရီးယားတို့သည် ကိုရီးယားကျွန်းဆွယ်တင်းမာမှုများကြားက နှစ်ရက်ကြာ ရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း မေ ၁၃ရက်က ပရက်စ်တီဗွီ သတင်းတွင်ဖော်ပြသည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် မေ ၁၃ရက် က စတင်ပြီး တောင်ကိုရီးယားနိုင်ငံ ဘူဆန်ဆိပ်ကမ်းတောင်ပိုင်း၌ ပြုလုပ်ခဲ့ကြသည်။

ယင်းစစ်ရေးလေ့ကျင့်မှုတွင်တန်ချိန် ၉၇၀၀၀ ရှိ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော USS Nimitz ပါဝင်သည်။ ထို့အပြင် ပဲ့ထိန်းခရုစ် ဒုံးကျည်နှင့်ပဲ့ထိန်းဒုံးခွင်းလက်နက်များလည်း ပါဝင်သည်။

....

ဖိလစ်ပိုင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှစ်ဆတိုး

ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(အက်ဖ်ဒီအိုင်)သည် လွန်ခဲ့သည့် ဖေဖော်ဝါရီလအတွင်း နှစ်ဆတိုးကာ အမေရိကန်ဒေါ်လာ ၄၃၆ သန်းအထိ မြင့်တက်ခဲ့ကြောင်း၊ ယင်းမှာ ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလက အမေရိကန် ဒေါ်လာ ၁၉၂ သန်းရှိခဲ့ရာမှ ၁၂၇ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ် ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ လွန်ခဲ့သည့် မေ ၁၀ရက်အထိ ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၁ ဒသမ ၁ ဘီလီယံအထိ ရှိလာမည်ဟုဆိုသည်။ သို့သော် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄ ဘီလီယံရှိခဲ့မှုနှင့်စာလျှင် ၁၈ ဒသမ ၇ ရာခိုင်နှုန်း လျော့နည်းနေမည်ဟု ဆိုသည်။

....

ဆီးရီးယားသူပုန် သေဆုံးမှုများပြား

ဆီးရီးယားနိုင်ငံရှိ ပြည်ပကျောထောက်နောက်ခံ စစ်သွေးကြွများသည် ဆီးရီးယားအစိုးရတပ်များက မြို့တော်ဒမတ်စကတ်ကို ထိုးစစ်ဆင်တိုက်ခိုက်စဉ်အတွင်း အကြီးအကျယ်ထိခိုက်ကျဆုံးမှုရှိခဲ့ကြောင်း ပရက်တီဗွီသတင်းတွင် ဖော်ပြသည်။ မေ ၁၂ ရက်က အစိုးရတပ်များနှင့် သူပုန်များ ဒိုးမားမြို့ ဆမ်ဆမ်ကျောင်းအနီး၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

ဆီးရီးယားအစိုးရတပ်များက အယ်လ်ရှိုဖိုနီယက်မြို့၌ အကြမ်းဖက်သမားများအား တစ်အိမ်တက်ဆင်း ချေမှုန်းတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ အလားတူ တိုက်ပွဲများ ဇာမယ်ကာနှင့် ဘာဇက်မြို့၌လည်း ဖြစ်ပွားခဲ့ရာ စစ်သွေးကြွများ အထိနာသည်ဟုဆိုသည်။

မြင့်မောင်စိုး-စုစည်းသည်

အိပ်ရာမှထထချင်း ဆေးလိပ်မှာတတ်သူများ အဆုတ်နှင့်ခံတွင်းကင်ဆာအန္တရာယ် ပိုများနိုင်

အိပ်ရာကနိုးထလျှင်နိုးထချင်း ဆေးလိပ်သောက်တတ်သူများသည် အခြားဆေးလိပ်သောက်သူများထက် အဆုတ်နှင့်ခံတွင်းကင်ဆာဖြစ်ရန် ပိုအန္တရာယ်များကြောင်း သုတေသနသစ်တစ်ရပ်က ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံတွင် အရွယ်ရောက်ပြီးဆေးလိပ်သမား ၂၀၀၀ နီးပါးကို သုတေသနပြုပြီး အချက်အလက်များ စိစစ်ချက်ရလဒ်အရ ယခုကဲ့သို့ ဖော်ပြခဲ့ခြင်းဖြစ်သည်။ သုတေသနစမ်းသပ်ခံများ၏ သွေးနမူနာနှင့် ဆေးလိပ်သောက်အလေ့အထကိုကောက်ယူပြီး အမေရိကန် အမျိုးသားကျန်းမာရေးတိုင်းတာမှုစင်တာက စူးစမ်းဖော်ထုတ်သည်။

ယင်းတွင်ပါဝင်သူများ၏ ၃၂ ရာခိုင်နှုန်းသည် အိပ်ရာထပြီး ငါးမိနစ်အတွင်း ဆေးလိပ်ဖွာကြကြောင်း၊ ကျန်အစု၏ ၃၁ ရာခိုင်နှုန်းက ခြောက်မိနစ်မှ မိနစ် ၃၀ အတွင်းတွင် ဆေးလိပ်သောက်ကြောင်း၊ ၁၈ ရာခိုင်နှုန်းသည် ၃၁ မိနစ်မှ မိနစ် ၆၀အတွင်းနှင့် ၁၉ ရာခိုင်နှုန်းက အိပ်ရာထပြီး တစ်နာရီနောက်ပိုင်းတွင်ဆေးလိပ်သောက်ကြကြောင်း သုတေသနပြုတွေ့ရှိသည်ဟု ဆိုသည်။

အိပ်ရာမှထထချင်း ဆေးလိပ်သောက်တတ်သူများတွင် ဆေးရွက်ကြီးမှ ထွက်သော ဘေးထွက်ဆိုးကျိုးဖြစ်သည့် NNAL ဓာတ်နှုန်းမြင့်မားစွာဖြစ်စေသည်။ ယင်းဓာတ်သည် သွေးတွင်းပျော်ဝင်ပြီး ကင်ဆာရောဂါဖြစ်စေသည့် အဓိကအကြောင်းရင်းခံတစ်ရပ်ဖြစ်သည်။ အိပ်ရာမှနိုးနိုးချင်း ဆေးလိပ်သောက်သူများတွင် သွေးတွင်းပျော်ဝင်သည့် ယင်းဓာတ်သည် နာရီဝက်တစ်နာရီနေပြီးမှ ဆေးလိပ်သောက်သူများထက် ပိုမြင့်မားသည်ကိုတွေ့ရကြောင်း ၎င်းတို့အဖွဲ့က ထုတ်ဖော်တွေ့ရှိခဲ့သည်။

ထို့အပြင်စမ်းသပ်ခံများ၏ သွေးတွင်းNNAL ဓာတ်ပါဝင်နှုန်းသည် ၎င်းတို့၏ အသက်အရွယ်၊ ယောကျ်ား မိန်းမ လိင်ကွဲပြားမှု၊ ဆေးလိပ်စသောက်သည့်အရွယ်နှင့် နေအိမ်တွင် အခြားဆေးလိပ်သောက်သူရှိမရှိ စသည့်အချက်အလက်များနှင့် နီးနွယ်ဆက်စပ်လျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။

“အိပ်ရာထထချင်း ဆေးလိပ်သောက်တတ်သူများမှာ NNAL နှုန်းများတာ အလွန်အရေးကြီးတဲ့ ကျန်းမာရေးအချက်ပါ။ အိပ်ရာကထစဆိုရင် အသက်ရှူတာများစွာ ပိုကောင်းနေတတ်တယ်လို့ ကျွန်တော်တို့ယူဆထားပါတယ်။ ဒါကြောင့် ဆေးလိပ်ငွေ့ရှူရှိုက်လိုက်ရာမှာ ပိုပြီး ပြင်းပြင်းရှူရှိုက်မိနေလို့သွေးတွင်း NNAL ပျော်ဝင်စီးဆင်းနှုန်း ပိုမိုမြင့်မားရခြင်းဖြစ်တယ်လို့ပဲ ရှင်းပြချင်ပါတယ်” ဟု သုတေသနစာတမ်း ပူးတွဲရေးသားသူ စတီဗင်က ပြောကြားခဲ့သည်။

မောင်သံဆင့် - ရေးသားသည်

ပြည်တွင်းသတင်း

❍ *ရှေ့ဖုံးမှ*

ကြိုတင် ကာကွယ်တားဆီးရေးအဖွဲ့သည် မေ ၁၂ ရက်တွင် စစ်တွေမြို့နယ်ရှိ သက်ဆိုင်ရာ ဒုက္ခသည်စခန်းနယ်မြေများ၌ ဆောင်ရွက်နိုင်မည့် အခြေအနေအား မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ဒုက္ခသည်များအား ရွှေ့ပြောင်းရေး အခြေအနေများကို လှည့်လည်ကြည့်ရှု စီမံဆောင်ရွက်ကြသည်။

ထိုသို့ စီမံဆောင်ရွက်ရာတွင် စစ်တွေမြို့ ဘောဒူဖဒုက္ခသည်စခန်းရှိ ရွက်ဖျင်တဲ အလုံး ၈၀ မှ အိမ်ထောင်စု ၈၀ လူဦးရေ ၆၄၁ ဦးအား တည်ဆောက်ပြီးစီးပြီဖြစ်သော ရှစ်ခန်းတွဲ တန်းလျား ၁၀ လုံးသို့လည်းကောင်း၊ ခေါင်းဒုက္ကာ ဒုက္ခသည်စခန်းရှိ ရွက်ဖျင်တဲ ၁၇၆ လုံးမှ အိမ်ထောင်စု ၁၇၆ စု လူဦးရေ ၉၈၇ ဦးအား တည်ဆောက်ပြီးစီးသော ရှစ်ခန်းတွဲ တန်းလျား ၂၂ လုံးသို့လည်းကောင်း၊ စုစုပေါင်း အိမ်ထောင်စု ၂၅၆ စု လူဦးရေ ၁၆၂၈ ဦးအား တန်းလျား ၃၂ လုံးတွင် နေရာချထားရေး၊ ပေါက်တောမြို့ရှိ ငှက်ချောင်း ဒုက္ခသည်စခန်းမှ ဒုက္ခသည်များအား ၄င်းစခန်းမှ တစ်မိုင်ခန့်အကွာရှိ ကန်ဆိပ်တောင်ပေါ်သို့လည်းကောင်း၊ အလားတူ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ၊ အမ်း၊ ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်များအား ကြိုတင်သတ်မှတ်ထားသော နေရာများသို့ မုန်တိုင်းဒဏ် ကာကွယ်နိုင်ရေးအတွက် ရွှေ့ပြောင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မေ ၁၂ ရက် နံနက်ပိုင်းတွင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UNHCR မှ တာဝန်ရှိသူများသည် ပေါက်တောမြို့ရှိ ဒုက္ခသည်များအား နေရာရွှေ့ပြောင်းပေးရန် သွားရောက်ခဲ့ပြီး ယာယီရွှေ့ပြောင်းရန် စီမံခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ဒုက္ခသည်များနှင့် ပြည်သူများအတွက် မုန်တိုင်းဒဏ် ကြိုတင်ကာကွယ်ပြင်ဆင်ရေးလုပ်ငန်းများကို မောင်တောမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်အား ကြီးကြပ်ဆောင်ရွက်ရန် စေလွှတ်ခဲ့သည်။

ထို့အပြင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီကလည်း ထုတ်ပြန်ကြေညာချက် (၁/၂၀၁၃)ကို မေ ၁၂ ရက်တွင် ထုတ်ပြန်၍ ရခိုင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်များအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီမံပေးထားသော မုန်တိုင်းဒဏ် လွတ်ကင်းရာနေရာများသို့ အလျင်အမြန်ရွှေ့ပြောင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

မုန်တိုင်းဒဏ် လွတ်ကင်းသည့် ကုန်းမြင့်များတွင်တည်ရှိသော ဒုက္ခသည်စခန်းအချို့အား ရွှေ့ပြောင်းခြင်း မပြုဘဲ မြေနိမ့်ပိုင်းဒေသရှိ ဒုက္ခသည်များကို လွတ်ကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ရေးအတွက် အရေးတကြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများအားလည်း မုန်တိုင်းလွတ်ကင်းရာသို့ ရွှေ့ပြောင်းကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

မေ ၁၃ ရက်တွင် စစ်တွေမြို့နယ် ဒါးပိုင်နှင့် မုန်စီကြားရှိ ရွက်ဖျင်တဲနှင့် နေသူ သံထော်လီမှ မိသားစု ၅၀၀၊ လူဦးရေ ၂၅၀၀ အား သက္ကယ်ပြင် စာသင်ကျောင်းသို့ လည်းကောင်း၊ ပလ္လင်ပြင်၊ ပိုက်ဆိပ်ရှိ မိသားစု ၁၆၈ စု လူဦးရေ ၆၀၅ ဦးကို အာဂျိတ္တော်ကုန်းသို့လည်းကောင်း၊ မိုးလေဝသ ဒုက္ခသည်စခန်းရှိ မိသားစု ၈၀ လူဦးရေ ၃၆၅ ဦးအား အထက(၄)သို့လည်းကောင်း၊ သဲချောင်းကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၁၆ စု လူဦးရေ ၆၀ အား အုန်းတောချေ ကယ်ဆယ်ရေးစခန်းရှိ တန်းလျားများသို့ လည်းကောင်း ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၂ ရက် မွန်းလွဲပိုင်းက ကျောက်ဖြူမြို့နယ် ဘုရားကြီးတောင်ကွင်းရှိ ဒုက္ခသည်စခန်း မှ ဒုက္ခသည်များအား ကညင်တော ကျေးရွာရှိ ဆောက်လုပ်ပြီး ယာယီတန်းလျား ရှစ်လုံးသို့လည်းကောင်း၊ ကျောက်တစ်လုံးကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည်များအား ဆောက်လုပ်ပြီး ယာယီတဲကြီး ၃၀ သို့ လည်းကောင်း၊ ကျန်ရှိနေသေးသော ဒုက္ခသည်များအား ယာယီစာသင်ကျောင်းများ၊ ဆေးပေးခန်းနှင့် ဂိုဒေါင်နှစ်လုံးသို့လည်းကောင်း ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ မုန်တိုင်း သတိပေးချက်များ လှည့်လည်ကြေညာခြင်း၊ သောက်သုံးရေအတွက် လိုအပ်သည်များ ကြိုတင်စီမံခြင်း၊ ကြိုးမဲ့ဖုန်းများ၊ စကားပြောစက်များတပ်ဆင်ရေးစီစဉ်ခြင်း၊ ရိက္ခာများစုဆောင်းခြင်း စသည်ဖြင့် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အလားတူ မုန်တိုင်းသတင်းများ ရရှိပြီးနောက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ မေ ၁၂ ရက် နံနက် ၆ နာရီတွင် တစ်ကြိမ်နှင့် မေ ၁၃ ရက် နံနက် ၁၀ နာရီတွင် တစ်ကြိမ် မော်တော်ယာဉ်ဖြင့် မြို့အတွင်းလှည့်လည်ပြီး သတိပေး ကြေညာခဲ့ကြောင်း သိရသည်။

ဖြန့်ဝေပေး

ထိုသို့ကြေညာရာတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သော မုန်တိုင်းသတင်းနှင့် ရေလုပ်ငန်း လုပ်ကိုင်နေသူများအတွက် ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ မုန်တိုင်းအန္တရာယ်မှ ရှောင်ရှား ကာကွယ်နိုင်ရန် ကြေညာချက်များကို အသိပေးခြင်း၊ မုန်တိုင်းအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးတွင်လည်း မုန်တိုင်းသတိပေးချက်များကို လှည့်လည်ကြေညာခြင်း၊ ရိက္ခာများ၊ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်နှင့် အသက်ကယ်အင်္ကျီများ စုဆောင်းစေခြင်း စသည်ဖြင့် အသိပေး နှိုးဆော်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းအန္တရာယ်ကြုံတွေ့ပါက လိုအပ်သည့်ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားမှုကို တွေ့ရစဉ်။

▲ *ကျောဖုံးမှ*

စီးဆင်းလျက် မြစ်ခွဲ၊ မြစ်လက်တက်များစွာဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို ဖြစ်ပေါ်စေကာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သည်။

ထို့အတူ ဧရာဝတီမြစ်မှ ခွဲထွက်လာသော ငဝန်မြစ်သည်လည်း လေးမျက်နှာ၊ သာပေါင်း၊ ပုသိမ်နှင့် ငပုတော စသည့်မြို့နယ်များကို ဖြတ်သန်းစီးဆင်းရာတွင် ဒါးကမြစ်၊ ပေပင်မြစ်နှင့် ပမ္မဝတီမြစ်များကို လက်ခံစီးဆင်းလျက် ငပုတောမြို့၏ အောက်ဘက်အရောက်တွင် သက္ကယ်သောင်မြစ်ကို ခွဲထွက်စေပြီးနောက် ငဝန်မြစ်ဝကျွန်းပေါ်ဒေသကို ဖြစ်ပေါ်စေလျက် ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သည်။

ငဝန်မြစ်သည် မြစ်၏အထက်ပိုင်းဖြစ်သော လေးမျက်နှာ၊ ငါးသိုင်းချောင်းနှင့် သာပေါင်းမြို့နယ်တို့ကို ဖြတ်သန်းစီးဆင်းရာတွင် အကွေ့အကောက်များစွာဖြင့် စီးဆင်းရသဖြင့် မြစ်ကွေ့တို့၏ သဘောသဘာဝအတိုင်း မြစ်ကွေ့၏ အပြင်ဘက်ကမ်းများ ရေတိုက်စားခံရလေ့ရှိပြီး အတွင်းဘက်ကမ်းများမှာ နုန်းပို့ချမှုကြောင့် သဲသောင်များ ဖြစ်ထွန်းလေ့ရှိသည်။ ငဝန်မြစ်၏ တည်ရှိနေပုံ ပထဝီအနေအထားအရ ရေဝင်ရေလဲဧရိယာကြီးမားလှသဖြင့် နှစ်စဉ်ပုံမှန်ရွာသွန်းသည့် မိုးကာလများ တိုင်းလိုလိုပင် ငဝန်မြစ်ဝှမ်းတစ်လျှောက် (အထူးသဖြင့် ပုသိမ်ခရိုင်အတွင်း) ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိသည်။

ထိုကဲ့သို့ ရေကြီးရေလျှံမှုသည် တိုင်းဒေသကြီးအတွင်း၌ ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်ပေါ်လေ့ရှိခဲ့သော်လည်း မြစ်ဝကျွန်းပေါ် နုန်းတင်မြေနုဟူသော စကားရပ်အတိုင်း ရေကြီး ရေလျှံခြင်းကြောင့် မြေဆီ၊ မြေနှစ်များ နုန်းတင်ကျန်ရစ်ခြင်းဖြင့် သဘာဝမြေသြဇာများရရှိကာ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်သဖြင့် ရေကြီးရေလျှံခြင်းမှာ ယခင်ကာလက ဧရာဝတီတိုင်းသားများအတွက် စိုးရိမ်ပူပန်စရာ မဖြစ်ခဲ့ပါချေ။

သဘာဝ ဘေးအန္တရာယ်တွင် အပါအဝင်ဖြစ်သော ရေကြီးရေလျှံမှုဖြစ်စဉ်သည် လူသားတို့၏ ပယောဂကြောင့် သာမန်ဖြစ်ရိုးဖြစ်စဉ်ထက် ပိုမိုကြီးမားလာပြီး အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိခြင်းပင်ဖြစ်သည်။

ရေကြီး ရေလျှံဖြစ်ရခြင်းတွင် သစ်တောများ ပြုန်းတီးသည်အထိ ခုတ်ထွင်ရှင်းလင်းမှုကြောင့် အပေါ်ယံမြေလွှာများကို ထိန်းသိမ်းနိုင်ခြင်းမရှိတော့ဘဲ ရေစီးကြောင်းများ၏ တိုက်စားခြင်းခံရပြီး အမှုန့်များအဖြစ် မြစ်၊ ချောင်းများအတွင်းသို့ စီးဝင်ပြီး မြစ်ချောင်းများ၏ ကြမ်းပြင်များ လျင်မြန်စွာ မြင့်တက်လာစေခြင်း၊ မြစ်အတွင်းသို့စီးဝင်သော ချောင်းများ၊ မြောင်းများကို အခိုင်အမာပိတ်ဆို့၍ ငါးဖမ်းခြင်းကြောင့် မြစ်ချောင်းများ ပိုမိုတိမ်ကောလာစေခြင်း၊ မြစ်ကမ်းစပ်တွင် နေထိုင်သူများက မြစ်အတွင်းသို့ အိမ်သာများ၊ ရေဆင်းတံတားများ စသည်တို့ကို တိုးချဲ့ဆောက်လုပ်ခြင်းကြောင့် မြစ်ကြောင်းများ ကျဉ်းမြောင်းလာခြင်း၊ မြစ်များ၊ ချောင်းများအတွင်းသို့ မြို့ပြနှင့် ကျေးလက်နေပြည်သူများ၏ စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်သရိုက်များ အဆင်ခြင်မဲ့စွာ စွန့်ပစ်ခြင်း၊ မြစ်များ၊ ချောင်းများ၏ ရေဝေဧရိယာများဖြစ်သော မြေပြန့်စိုက်ပျိုးမြေများပေါ်တွင် မြေသားလမ်းများ၊ ကားလမ်းများ၊ ရထားလမ်းများ စသည်တို့ကို တည်ဆောက်ရာတွင် ရေစီးရေလာအခြေအနေကို ပြည့်စုံအောင်ထည့်သွင်းစဉ်းစားမှုမရှိခဲ့ခြင်း စသည့်အချက်များကြောင့် ဖြစ်ပေသည်။

ဧရာဝတီတိုင်း ဒေသကြီးသည် နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အများဆုံးဒေသဖြစ်၍ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းကို အနှောင့်အယှက်ဖြစ်စေသော မြစ်ရေတိုက်စားပြီး ကမ်းပြိုခြင်း၊ ပင်လယ်ရေငန်များ ဝင်ရောက်ဖျက်ဆီးခြင်း၊ စိုက်ပျိုးမြေဧရိယာများအတွင်း ရေကြီးနစ်မြုပ်ခြင်းတို့ကို ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားရှိသော ရေဘေးကာကွယ်ရေးတာတမံများ၊ ပင်လယ်ရေငန်တား တာတမံများ၊ ရေတံခါးများ၊ မြောင်းများကို စနစ်တကျစီမံဆောင်ရွက်ခြင်းဖြင့် ကာကွယ်လျက်ရှိပေသည်။

ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်းရှိ ရေဘေးကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် တာတမံများ၊ ရေတံခါးနှင့် ရေနုတ်မြောင်းများကို စီမံဆောင်ရွက်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သော ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းတို့ကို အဓိကဆောင်ရွက်လျက်ရှိပြီး နွေစပါးများ တိုးချဲ့စိုက်ပျိုးရာတွင် စိုက်ပျိုးရေအပြည့်အဝ ရရှိစေရန်အတွက်လည်း လိုအပ်သော ရေသွင်းမြောင်းများ တူးဖော်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနသည် လာမည့် မိုးရာသီကာလတွင် ရေကြီးနစ်မြုပ်မှု လျှော့ချနိုင်ရန်အတွက် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို ကန်ကြီးထောင့်မြို့နယ်တွင် ၃၃ ခု၊ ကျောင်းကုန်းမြို့နယ်တွင် ၁၂ ခု၊ ရေကြည်မြို့နယ်တွင် ၁၁ ခု၊ မအူပင်မြို့နယ်တွင် တစ်ခု၊ ပန်းတနော်မြို့နယ်တွင် ၁၃ ခု၊ ဓနုဖြူမြို့နယ်တွင် တစ်ခု၊ သာပေါင်းမြို့နယ်တွင် နှစ်ခု၊ လေးမျက်နှာမြို့နယ်တွင် ခြောက်ခု စုစုပေါင်း မြို့နယ် ရှစ်မြို့နယ်၌ ရေဘေးကာကွယ်ရေးလုပ်ငန်း ၇၉ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ။

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒီရေအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာများမှ ပြည်သူများအား ရွှေ့ပြောင်းပေး

နေပြည်တော် မေ ၁၃

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်းမဟာစင်ကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း မုန်တိုင်းဒီရေအန္တရာယ်ကျရောက်နိုင်သည့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့ညနေပိုင်းမှစတင်၍ ဒီရေလွှမ်းမိုးမှု ကင်းဝေးမည့် ကုန်းမြေနေရာများသို့ ရွှေ့ပြောင်းပေးလျက်ရှိရာ စစ်တွေမြို့နယ်၊ ပလ္လင်ပြင်ကျေးရွာမှ သံဃာ ငါးပါးနှင့် အိမ်ထောင်စု ၉၆ စု လူဦးရေ ၃၈၈ ဦးတို့အား စစ်တွေမြို့ ကျိတ်တော်ကုန်းသို့ လည်းကောင်း၊ စစ်တွေမြို့ ရဲနွယ်စုရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်းမှ အိမ်ထောင်စု ၅၂ စု လူဦးရေ ၃၆၅ ဦးတို့အား အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း တပ်မတော်သားများက တပ်ပိုင်မော်တော်ယာဉ်များဖြင့် ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့က အပြစ်မဲ့ပြည်သူနှစ်ဦးအား အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်

နေပြည်တော် မေ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကြူကုတ်(ပန်ဆိုင်း)မြို့နယ်ခွဲ မန်ခိုလုံကျေးရွာ၌နေထိုင်သော ဦးကိုကိုနိုင်၏ နေအိမ်သို့ မေ ၁၂ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် လက်နက်ငယ်ကိုယ်စီကိုင်ဆောင်ထားသော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ အရပ်ဝတ် ဝတ်ဆင်ထားသူငါးဦး ရောက်ရှိလာကာ နေအိမ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး ရွာ၏အရှေ့တောင်ဘက်သို့ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါပစ်ခတ်မှုကြောင့် ဦးကိုကိုနိုင် (၄၀ နှစ်)မှာ ယာနားထင်၊ ဝဲဘက်ပုခုံး၊ ဝဲဘက်ပေါင်၊ ယာတင်ပါးတို့အား လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာနှင့် ဦးကျော်သူ (၃၂ နှစ်)မှာ ဦးခေါင်းနောက်စေ့၊ ဝဲလက်ဖျံတို့အား လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိပြီး မူဆယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးခဲ့သည်။

အမှုဖွင့်

သေဆုံးမှုနှင့်ပတ်သက်၍ ဦးကိုကိုနိုင်၏ဇနီးဖြစ်သူက ကြူကုတ်(ပန်ဆိုင်း)မြို့နယ်ခွဲ ရဲစခန်းသို့ တရားဥပဒေအရ အရေးယူပေးပါရန် အမှုဖွင့် တိုင်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၆၀–ဒီ)နေ ဦးမောင်မောင် – ဒေါ်ရှုကြည် (ဂမုန်းပွင့်)မိသားစုက မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး နှလုံးဆေးကုဌာနအတွက် ငွေကျပ် ၆၅၁၂၀၀၀ တန်ဖိုးရှိ Defibrilla-torge Health Care ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းလွင် လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(မြန်မာ့အလင်း)

တရုတ်နိုင်ငံမှ စစ်ရဟတ်ယာဉ်များ ဝယ်ယူထားသည်ဆိုမှု “ဝ”ပြည် သွေးစည်းညီညွတ်ရေးပါတီမှ တရားဝင်ငြင်းဆို

လတ်တလောကာလတွင် Jame Intelligence Review စာစောင်၌ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝေဟင်မှ ဝေဟင်ပစ် ဒုံးကျည်တပ်ဆင်ထားသည့် MI-17 အမျိုးအစား ရဟတ်ယာဉ်များ ဝယ်ယူရရှိသည်ဆိုသည့် သတင်းနှင့်ပတ်သက်၍ “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌဦးရှောင်းမီလျှံက အဆိုပါ သတင်းသည် အခြေအမြစ်မရှိသည့် သတင်းသာဖြစ်ကြောင်း သက်သေအထောက်အထားများနှင့်တကွ မေ ၁၀ ရက်က ငြင်းဆိုလိုက်သည်။

“ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးရှောင်းမီလျှံက မီဒီယာများသို့ ရှင်းလင်းတင်ပြစဉ်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ ပန်ဆန်းမြို့ အထူးဒေသ(၂)ရှိ ပြည်သူ့ခန်းမ၌ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်အပြီးတွင် ဦးရှောင်းမီလျှံက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုသာ တစ်စိုက်မတ်မတ်လုပ်ကိုင်ဆောင်ရွက်နေသည့် မိမိတို့အဖွဲ့အနေဖြင့် ယင်းသတင်း ထွက်ပေါ်လာမှုအပေါ် စိုးရိမ်ပူပန်မှု အနည်းငယ်ရှိနေကြောင်းလည်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။

“ကျွန်တော်တို့အထူးဒေသ(၂)က ပြည်သူတွေဟာ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ပါတယ်။ ဒီအတွက် ဒေသခံပြည်သူတွေ ဗဟုသုတရဖို့ ရည်ရွယ်ပြီး ဒေသအတွင်းမှာ သဘာဝဥယျာဉ်ကြီးတစ်ခု တည်ဆောက်ဖို့ ကျွန်တော်တို့လုပ်နေပါတယ်။ ထိုင်းနိုင်ငံက ရဟတ်ယာဉ်အဟောင်း (အခွံချည်းသက်သက်) စက်မပါတာက တစ်စင်း၊ ဖော်ကာလေယာဉ်အသေးစား (စက်မပါ) တစ်စင်း၊ မြစ်ကြောင်းသွားရေယာဉ်တစ်စင်း စုစုပေါင်းသုံးစင်းကို ဝယ်ယူခဲ့ပါတယ်။ ရဟတ်ယာဉ်မှာ နောက်မြီးတောင် မပါပါဘူး။ ဒေသတွင်းပြည်သူများ အသိဉာဏ်ပညာ၊ ဗဟုသုတရရှိစေဖို့ရည်ရွယ်ပြီး ဝယ်ယူခဲ့တာပါ။ ဘယ်လိုက ဘယ်လို အခုလို သတင်းတွေ ထွက်လာမှန်းမသိပါဘူး။ သူတို့က ကျွန်တော်တို့ကို တရုတ်နိုင်ငံက စစ်ရဟတ်ယာဉ်ငါးစင်းဝယ်ယူရရှိထားပြီတို့၊ စစ်လက်နက်အနေနဲ့ ဘယ်လိုအစွမ်းထက်တဲ့ ဒုံးကျည်မျိုးတွေ တပ်ဆင်ထားတယ်လို့ စသဖြင့်တွေ ရေးထားတယ်လို့ သိရပါတယ်” ဟု ဦးရှောင်းမီလျှံက ပြောကြားသည်။

အစိုးရနှင့် ငြိမ်းချမ်းရေးယူပြီး နောက်ပိုင်းကာလမှ စတင်ကာ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဇောက်ချလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အဆိုပါအဖွဲ့အနေဖြင့် နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် အကူအညီများ အဆက်မပြတ်ပေးအပ်ခဲ့မှုအပေါ် ကျေးဇူးတင်ရှိလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် ၎င်းတို့အဖွဲ့အကြား နားလည်မှုလွဲမှားကာ အထင်အမြင်လွဲချော်စေမည့်ကိစ္စရပ်များ ပေါ်ပေါက်မည်ကို စိုးရိမ်ပူပန်ကြောင်းဖြင့် ယင်းနေ့က ဆွေးနွေးပွဲတွင်လည်း ဦးရှောင်းမီလျှံက ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးဖော်ဆောင်

“ဝ” အထူးဒေသ (၂)သည် တပ်မတော်အစိုးရလက်ထက် ၁၉၈၉ ခုနှစ် မေလ ၉ ရက်နေ့က အပစ်အခတ်ရပ်ဆိုင်းခဲ့ပြီး ယခုအစိုးရသစ်လက်ထက်၌ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ငြိမ်းချမ်းရေးဖော်ဆောင်ခဲ့ကာ လက်ရှိတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ
အောင်နိုင်(သတင်းစဉ်)

ဒေသအတွင်း သဘာဝဥယျာဉ်တည်ဆောက်ရာ၌ ထည့်သွင်းအသုံးပြုမည့် ရဟတ်ယာဉ်အဟောင်း(အခွံချည်းသက်သက်) စက်မပါတစ်စင်းကို တွေ့ရစဉ်။

စိန်တစ်လုံးနှင့်ဟသ်ာ မှုဆယ်မှ တရုတ်နိုင်ငံသို့ ရောက်ရှိ

မန္တလေး မေ ၁၃

မန္တလေးတိုင်းဒေသကြီးသည် စိန်တစ်လုံးသရက်များ စိုက်ပျိုးရာ၌ စီးပွားဖြစ် အောင်မြင်လျက်ရှိသော ဒေသကြီးတစ်ခုဖြစ်သည်။ စဉ့်ကိုင်မြို့နယ်သည် မန္တလေးတိုင်းဒေသကြီးအတွင်း စိန်တစ်လုံးသရက် အများဆုံးစိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်ပြီး မေလလယ်သည် သရက်သီးလှိုင်လှိုင်ထွက်ရှိသော သရက်ရာသီတွင် မန္တလေးစိန်တစ်လုံးနှင့် ဟသ်ာသရက်သီးများကို တရုတ်ပြည်သို့ လှိုင်လှိုင်တင်ပို့နေပြီဖြစ်သည်။

စိန်တစ်လုံးသရက် မျိုးကောင်းများ စိုက်ပျိုးရာ စဉ့်ကိုင်မြို့နယ် ပေါ်တော်မူဘုရားအနီး သရက်ခြံပိုင်ရှင် ဦးခင်မောင်ဦးက “စိန်တစ်လုံးသရက်ဈေးကတော့ ပြီးခဲ့တဲ့နှစ်ကထက် ဒီနှစ်ပေါက်ဈေးနည်းနည်းပိုပါတယ်။ စိန်တစ်လုံးတစ်ဖာ တစ်သေတ္တာကို အိတ်စွပ်နဲ့အလွတ်ဆိုပြီး ဈေးနှစ်မျိုးရှိတယ်။ အိတ်စွပ်စိန်တစ်လုံးက တစ်ဖာ(တစ်သေတ္တာ)ကို တရုတ်ယွမ်ငွေ ၁၂၀-၁၃၀ အမြင့်ဆုံးဈေးရှိပြီး အလွတ်သီးအိတ်မစွပ်က တရုတ်ယွမ်ငွေ ၉၀ ဝန်းကျင်မှာရှိတယ်။ စိန်တစ်လုံးတစ်ဖာမှာ လေးဆယ်နဲ့ငါးဆယ်ကြားရှိပါတယ်။ ကြီးရင်လေးဆယ်ကျော်နဲ့ အလုံးလတ်ဆိုရင် ငါးဆယ်ဆန့်တယ်။ တစ်ဖာ(တစ်သေတ္တာ)ကို ၁၅ ကီလိုရှိတယ်၊ ဟသ်ာသရက်လည်း အိတ်စွပ်တစ်ဖာကို တရုတ်ယွမ်ငွေ ၁၁၀ နဲ့ ၁၂၀ ကြား ပေါက်ဈေးရှိတယ်၊ ဟသ်ာ အိတ်မစွပ်အလွတ်သီးက တရုတ်ယွမ်ငွေ ၅၀ နဲ့၆၀ပေါက်တယ်”ဟု ပြောပြသည်။

တစ်ဖန် ၁၀၅ မိုင် သစ်သီးပွဲရုံပိုင်ရှင်တစ်ဦးကလည်း “သရက်သီးဈေးကတော့ အတက်အကျရှိတယ်၊ အရည်အသွေးကောင်း စိန်တစ်လုံးတစ်ဖာကို ဈေးအမြင့်ဆုံး တရုတ်ယွမ် ၁၃၀ ရတယ်၊ ဟသ်ာအရည်အသွေးကောင်းဆိုရင် တစ်ဖာကို ယွမ် ၁၃၀ ပေါက်ဈေးရှိတယ်”ဟု ပြန်လည်ဖြေကြားပေးသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှ မြစ်သား၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ အမရပူရ၊ ပုသိမ်ကြီး စသော မြို့နယ်များမှ စိန်တစ်လုံးနှင့် ဟသ်ာသရက်သီးများကို မူဆယ်မြို့မှတစ်ဆင့် တရုတ်ပြည်မကြီးသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

ဆိုင်ကယ်ခိုးသူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၃

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်းအပိုင် ခေသိဒ္ဓိရပ်ကွက် အင်ကြင်းဈေးတွင် မော်တော်ဆိုင်ကယ် ပျောက်ဆုံးမှုကို ရဲတပ်ဖွဲ့က သုံးနာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခေသိဒ္ဓိရပ်ကွက် အင်ကြင်းဈေးထဲ၌ ချစ်ကို (၂၃နှစ်) ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာနေသူသည် မေ ၅ ရက်က ၎င်း၏ဦးလေးဖြစ်သူ ဦးတင်မြင့်၏ ဆန်ဆိုင်အမိုးများ ပျက်စီးနေ၍ ပြင်ဆင်ရန် ဆိုင်ကယ်ကို ဆိုင်ဘေး၌ ရပ်ထားစဉ် နံနက် ၁၁ နာရီခန့်တွင် အပြင်သို့သွားရန် ဆိုင်ကယ်ကို ကြည့်ရှုရာ ဆိုင်ကယ်ပျောက်ဆုံးနေ၍ အမှတ်(၃) ရဲစခန်းသို့ တိုင်ကြားရာ အမှတ်(၃) နယ်မြေစခန်းမှူး ရဲအုပ်ထွန်းထွန်းဦးက အမှုဖွင့်၍ အခင်းဖြစ်ရာနေရာသို့ သွားရောက်စစ်ဆေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညီဝင်း၏ လမ်းညွှန်ချက်နှင့်အညီ စခန်းမှူး ရဲအုပ်ထွန်းထွန်းဦး၊ အမှုစစ် ဒုရဲအုပ်စိုးတင့်နှင့် နယ်ထိန်းရဲတပ်ဖွဲ့သည် သင်္ကာမကင်းဖြစ်သောသူများကို စုံစမ်းစဉ် နေဖြိုးဝင်း(ခ)တင်ဇော်သူ (၂၅ နှစ်)သည် အခင်းဖြစ်နေရာတွင် နံနက်ခင်းပိုင်းက ထိုင်နေပြီးနောက် ပျဉ်းမနားမြို့ဘက်သို့ ဆိုင်ကယ်တစ်စီးနှင့် ထွက်ခွာသွားကြောင်း သတင်းအရ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် (၆) လမ်းတံတားထိပ်အနီး ယမင်း လက်ဖက်ရည်ဆိုင်မှ ရဲတပ်ဖွဲ့က စောင့်ဆိုင်းခဲ့ပြီး နေဖြိုးဝင်း(ခ) တင်ဇော်သူ ဆိုင်အတွင်းသို့ ဝင်လာစဉ် ၎င်းအားမေးမြန်းရာ အင်ကြင်းဈေးအတွင်း ဆန်ဆိုင်မှ ဆန်အိတ်များ၏ဘေးတွင် ချထားသော မော်တော်ဆိုင်ကယ်သော့တစ်ချောင်းကို တွေ့ရှိ၍ကောက်ယူပြီး မော်တော်ဆိုင်ကယ်ကို ခိုးယူထွက်ပြေးကာ သပြေကုန်းဈေးအနီးရှိ ဆိုင်တစ်ဆိုင်တွင် ငွေကျပ် ၁၇၀၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း ဝန်ခံထွက်ဆို၍ ၎င်းရောင်းချခဲ့သော ဆိုင်ကယ်ကို လိုက်လံပြသခိုင်းပြီး သက်သေများရှေ့တွင် သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နေဖြိုးဝင်း(ခ) တင်ဇော်သူအား တရားရုံးသို့ တရားစွဲတင်ပို့ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

နေဖြိုးဝင်း(ခ) တင်ဇော်သူနှင့် ဆိုင်ကယ်ကို တွေ့ရစဉ်။

မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ

၁။ ရေဒီယိုအမြဲဖွင့်၍ သတင်းနားထောင်ပါ။
၂။ ငါးဖမ်းထွက်ခြင်း၊ ရေလမ်းခရီးထွက်ခြင်းမှ ရှောင်ကြဉ်ပါ။
၃။ သောက်ရေ၊ ဆေးဝါး၊ ချက်လွယ်ကျက်လွယ်သော ရိက္ခာ ခုနစ်ရက်စာတို့ကို အသင့်ပြင်ဆင်ထုပ်ပိုးထားပါ။
၄။ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်အသင့်ထားပါ။
၅။ အရေးကြီးစာရွက်စာတမ်းများ၊ ရေစိုခံအိတ်ထဲထည့်ထားပါ။
၆။ စပါး၊ ပဲကဲ့သို့ မျိုးစေ့များကို ပလတ်စတစ်အိတ်မှာ လုံခြုံအောင်ထည့်ပြီး၊ ကုန်းမြေမြင့်တစ်နေရာမှာ မြေမြှုပ်ပါ။
၇။ အိမ်နှင့် အမိုးခိုင်ခံ့ပါက ထိုအိမ်တွင်သာ ခိုလှုံပါ။
၈။ ရေလွှမ်းမိုးမည်ထင်ရသောနေရာမှ မုန်တိုင်းခိုနေရာများသို့ ကျွဲ၊ နွားများနှင့်အတူ အလျင်အမြန်ပြောင်းရွှေ့ပါ။
၉။ မိသားစုများ တစ်ဦးစီကွဲသွားသည့်အခါ ပြန်ဆုံနိုင်မည့်နေရာကို ကြိုတင် သတ်မှတ်ထားပါ။
၁၀။ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များနှင့် မကျန်းမာသူများအား ခိုအောင်းရမည့်နေရာသို့ ဦးစားပေးပို့ဆောင်ပေးပါ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ရန်ကုန် – ဗန်ကောက် – ရန်ကုန်ခရီးစဉ်သစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၃

ပြည်တွင်းနှင့် နိုင်ငံတကာသို့ ပြေးဆွဲနေသော လေကြောင်းလိုင်းတစ်လိုင်းဖြစ်သည့် ရွှေမြန်မာလေကြောင်းလိုင်း၏ ရန်ကုန်-ဗန်ကောက်-ရန်ကုန်ခရီးစဉ် စတင်ပျံသန်းပြေးဆွဲခြင်းအခမ်းအနားကို မေ ၁၀ ရက် ညပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ် ဂိတ်အမှတ် (D8)၌ ကျင်းပခဲ့ကြောင်း သိရသည်။ ဖွင့်ပွဲအခမ်းအနားတွင် ရွှေမြန်မာလေကြောင်းလိုင်းမှ တာဝန်ရှိသူများနှင့် Airport of Thailand (AOT) မှ တာဝန်ရှိသူများက လေကြောင်းလိုင်းဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ကြသည်။

ရန်ကုန်-ဗန်ကောက်-ရန်ကုန်ခရီးစဉ်ကို နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်ပြီး ရန်ကုန်မှ ညနေ ၈ နာရီ ၅ မိနစ်တွင်ထွက်ခွာမည်ဖြစ်ပြီး ဗန်ကောက်သို့ ည ၇ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်မည်။ အပြန်တွင်ဗန်ကောက်မှ ည ၁၀ နာရီ ၁၀ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မြို့သို့ ည ၁၀ နာရီ၅၅ မိနစ်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ရွှေမြန်မာလေကြောင်းလိုင်းသည် ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်နှင့် ရန်ကုန်-စင်ကာပူခရီးစဉ်များကို ပျံသန်းပြေးဆွဲလျက်ရှိပြီး ယခုခရီးစဉ်သည် အဆိုပါ လေကြောင်းလိုင်း၏ တတိယမြောက်ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

(ညီမိုးစက်)

စလင်းမြို့တွင် လယ်ယာမြေလုပ်ခွင့်ပြုလက်မှတ်များ ပေးအပ်

စလင်း မေ ၁၃

လယ်ယာမြေလုပ်ခွင့်ပြုလက်မှတ်များပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၀ ရက်က ကျင်းပရာ မြို့နယ်လယ်ယာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ(ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်လယ်ယာစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမောင်ကောင်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ရေကြည်ကျေးရွာအုပ်စုနှင့်ဆုံကုန်းကျေးရွာအုပ်စုများရှိ တောင်သူလယ်သမား ၂၃၅ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **တင်ထွန်းဦး**

ပြည်တွင်းသတင်း

ပုဂ္ဂလိကကဏ္ဍပြောင်းလဲတိုးတက်ရေးအတွက် အစိုးရဌာနဆိုင်ရာများ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ဆောင်ရွက်ပေးမည်

နေပြည်တော် မေ ၁၃

ယနေ့နိုင်ငံတော်အစိုးရသည် နှစ်နှစ်တာကာလအတွင်းတွင် ပထမအဆင့်အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် စီးပွားရေးနှင့်လူမှုရေးကဏ္ဍများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍများ ပြောင်းလဲတိုးတက်ရေးအတွက် အစိုးရက ဆောင်ရွက်ပေးမည့်လုပ်ငန်းအခြေအနေများအား ရှင်းလင်းခြင်းအစည်းအဝေးတွင် ပြောကြားသည်။ (အောက်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသတစ်ခုချင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သောကြောင့် ပြည်သူဗဟိုပြု စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ရေးကိုလည်း အဓိကထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ အဖွဲ့အစည်းများက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ ဒေသအလိုက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်များရေးဆွဲနိုင်ရန် အဖွဲ့အစည်းအချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်ရှိသည်များနှင့် အစီအမံများကို အမြန်ဆုံး ရေးဆွဲတင်ပြကြရန် အထူးလိုအပ်ပါကြောင်းကိုလည်း ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီး

နိုင်ငံတော်သမ္မတ၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေး ကောင်စီအဖွဲ့ဝင် ဦးဇော်ဦး ပြောကြားစဉ်။
(သတင်းစဉ်)

သွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဝန်ကြီးဌာနနှင့် လုပ်ငန်းချင်းဆက်စပ်လျက်ရှိသော ပုဂ္ဂလိကဟိုတယ်ကဏ္ဍ ပြောင်းလဲတိုးတက်ရေးအတွက် ဒေသအလိုက်ကွင်းဆင်းပြီး ရရှိခဲ့သည့်အတွေ့အကြုံများနှင့်အခက်အခဲများကို အခြေခံ၍ စီမံဆောင်ရွက်ထားရှိသည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ရှင်းနှင့် ဒေါ်ခင်စန်းရီတို့က ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့နှင့် လုပ်ငန်းချင်း ဆက်စပ်နေသည့် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အဓိကဆောင်ရွက်မည့် Working Group များကို အမြန်ဆုံး ဖွဲ့စည်းဆောင်ရွက်ရေး၊ ဌာနအလိုက်၊ ဒေသအလိုက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် အစီအမံများကို ကြိုတင်ပြင်ဆင်ထားရှိရေး၊ နိုင်ငံတကာမှရရှိနိုင်သည့်အကူအညီနှင့် အထောက်အပံ့များရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေးတို့ကို ဖြည့်စွက် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဦးဇော်ဦးက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာကလည်း သိရှိနားလည်ပြီး ထောက်ခံအားပေးလျက်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံအား နိုင်ငံတကာမှ အထောက်အပံ့နှင့် အကူအညီများပေးရန် စောင့်ဆိုင်းနေသည့်အခြေအနေများနှင့် နိုင်ငံတကာ ပြုပြင်ပြောင်းလဲရေးဆိုင်ရာအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဌာနနှင့် ဒေသတို့အလိုက် Working Group များ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ဒေသအလိုက် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခက်အခဲများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပုဂ္ဂလိကကဏ္ဍများ ပြောင်းလဲတိုးတက်ရေးကို ဌာနအလိုက်၊ ဒေသအလိုက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ခြေမှ ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များ ပြည့်စုံတိကျမှန်ကန်ရေး၊ ဌာနအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးတို့ကို အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး အပြီးတွင် သတင်းအဖွဲ့သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်နိုင်သိန်းနှင့် ဦးဌေးအောင်၊ နိုင်ငံတော်သမ္မတ၏အကြံပေး ဦးဇော်ဦးတို့အား ပုဂ္ဂလိက ကဏ္ဍပြောင်းလဲတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ပုဂ္ဂလိက ကဏ္ဍ ပြောင်းလဲတိုးတက်ရေးအတွက် အစိုးရက ဆောင်ရွက်ပေးမည့် လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြခြင်း အစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ။ ။ ဦးတင်နိုင်သိန်း (ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန)

ဒီနေ့ကျင်းပတဲ့ အစည်းအဝေးကတော့ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကမကထပြုပြီးတော့ ပုဂ္ဂလိက ကဏ္ဍက အသင်းအဖွဲ့များနဲ့ ပူးပေါင်းညှိနှိုင်းဆွေးနွေးပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေကို အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းပြီးတော့ ဆောင်ရွက်နိုင်အောင် အသေးစိတ်လုပ်ငန်းစဉ်တွေကို ညှိနှိုင်းတဲ့အစည်းအဝေးဖြစ်ပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ရက်တွေမှာ နိုင်ငံတော်သမ္မတကြီးအနေနဲ့လည်း ပုဂ္ဂလိကကဏ္ဍ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို လှည့်ပြီးတော့ အားပေးရင်းနဲ့ လုပ်ငန်းကဏ္ဍနယ်ပယ်အလိုက်ကို အစိုးရနဲ့ ပုဂ္ဂလိကပူးပေါင်းပြီးတော့ ထိထိရောက်ရောက်နဲ့ ဆောင်ရွက်ကြဖို့ မှာကြားခဲ့ပါတယ်။

ပုဂ္ဂလိကအဖွဲ့အစည်းများနဲ့လည်းတွေ့ဆုံပြီးတော့ လက်တွေ့ထိထိရောက်ရောက် လုပ်မယ့် Working Group လေးတွေဖွဲ့စည်း၊ အစိုးရဌာနအလိုက်ကလည်း ထိထိရောက်ရောက်လုပ်ကိုင်မယ့် Working Group တွေကို ဖွဲ့စည်းဖို့နဲ့ ဒီ Working Group Level တွေဟာ တကယ့်လက်တွေ့ နယ်ပယ်တွေမှာ ကွင်းဆင်းပြီးတော့ တကယ့်မြေပြင် သတင်းအချက်အလက်တွေကိုယူပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာလည်း အရေးပါတဲ့အဖွဲ့အစည်းအဖြစ်နဲ့ ဆက်လက်ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

မေး။ ။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းချင်း ဆက်စပ်လျက်ရှိတဲ့ ပုဂ္ဂလိကဟိုတယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်နဲ့ ဝန်ကြီးဌာနများက ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို ရှင်းပြပေးပါ။

ဖြေ။ ။ ဦးဌေးအောင် ပြည်ထောင်စုဝန်ကြီး(ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)

ခရီးသွားလုပ်ငန်းကဏ္ဍဆိုတာ အဓိကက ပုဂ္ဂလိကအခန်းကဏ္ဍ အများဆုံးပါဝင်ပြီး လုပ်ကိုင်တာပေါ့။ ဧည့်သည်တွေလာတယ်။ လာတဲ့ဧည့်သည်တွေက လာပြီးတဲ့အခါမှာ နိုင်ငံတွင်းမှာ နေထိုင်သွားလာသုံးစွဲသွားတယ်၊ လေ့လာသွားတယ်၊ ဒီဟာတွေအားလုံးဟာ ပုဂ္ဂလိကကဏ္ဍကို အကျိုးပြုပါတယ်။ ဒါ့ကြောင့် ပုဂ္ဂလိက ကဏ္ဍကို စနစ်တကျဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။ ဒီလိုလုပ်တဲ့အခါမှာ ကျွန်တော်တို့က ပုံမှန်

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ပြောကြားစဉ်။
(သတင်းစဉ်)

လုပ်ရိုး လုပ်စဉ်အတိုင်း မလုပ်ဘဲနဲ့ ပိုပြီးထိရောက်သွားအောင်၊ သက်ဆိုင်ရာဒေသတွေအထိ ပိုပြီးအကျိုးရှိသွားအောင်လို့ ဒေသတွေမှာ Working Group တွေ လုပ်ငန်းအဖွဲ့တွေ ဖွဲ့စည်းရပါမယ်။

ဒီလို ဖွဲ့စည်းတဲ့အခါကျတော့ လုပ်ငန်းအဖွဲ့ကို အစိုးရဌာနတွေပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့၊ နောက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့၊ ဒီလိုအဖွဲ့တွေကနေ လုပ်ကိုင်ဆောင်ရွက်သွားဖို့ပဲ ဖြစ်တယ်။ ဒီအဖွဲ့တွေက လုပ်တဲ့အခါမှာ ဒေသအုပ်ချုပ်ရေးအဖွဲ့တွေ လုပ်နေတဲ့လုပ်ငန်းတွေ၊ စီမံကိန်းတွေ ဒါတွေကိုသွားပြီးတော့ ဝင်ရောက်စွက်ဖက်လုပ်ကိုင်တာမျိုး မဖြစ်ရပါဘူး။ ဒေသမှာဖြစ်နေတဲ့ အဖြစ်မှန်တွေ၊ သတင်းအချက်အလက်တွေကို သူက သေချာစုဆောင်းမယ်။ စုဆောင်းပြီးတဲ့အခါမှာ သူရရှိတဲ့ သတင်းအချက်အလက်တွေကို သေချာပြုစုပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တွေကိုလည်း တင်ပြမယ်၊ သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့တွေကိုလည်းတင်ပြမယ်၊ ဒီလို တင်ပြတဲ့အခါမှာလည်း သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတွေကနေ နိုင်ငံတော်ကို တင်ပြပြီးတော့ နိုင်ငံတော်ကလည်း မှန်ကန်တဲ့ သတင်းအချက်အလက်တွေ ပြည့်စုံစွာရမှ လိုအပ်တဲ့လမ်းညွှန်မှုနဲ့ မူဝါဒတွေကိုပေးနိုင်မှာ ဖြစ်ပါတယ်။

ဒီရည်ရွယ်ချက်နဲ့ ဒီနေ့ စလုပ်တာဖြစ်ပါတယ်။ အဓိကကတော့ ဒီလုပ်ငန်းအဖွဲ့တွေကို ပြည့်ပြည့်စုံစုံ ဖွဲ့စည်းပြီးတဲ့အခါမှာလည်း လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်တဲ့ Group တွေကို Task Group တွေပေးလိုက်တယ်၊ ဒီ Group တွေက ဒါရိုက်တာ Level တွေပဲ၊ သူတို့ကနေလုပ်ပေးတယ်၊ လုပ်ပေးပြီးရင် သူတို့ကနေ NTO လို့ခေါ်တဲ့အဖွဲ့အစည်းကို တင်ပြတယ်။ ဒီအဖွဲ့အစည်းက ညွှန်ကြားရေးမှူးချုပ် အဆင့်တွေဖြစ်ပါတယ်။ သူတို့က ဒီအပေါ်မှာ လိုအပ်တာ ညှိနှိုင်းဆွေးနွေးပါတယ်။ ပြီးတော့ ဝန်ကြီးအဆင့် အစည်းအဝေးမှာ တင်ပြပါတယ်။ နောက်ဆုံး ဝန်ကြီးအဖွဲ့ကဦးစီးဦးဆောင်ပြီး လုပ်တာပိုကောင်းပြီး ထိရောက်မယ်လို့ ယုံကြည်ပါတယ်။ ကျန်တဲ့လုပ်ငန်းဌာနတွေက တကယ့်ခေါင်းဆောင်ပြီး တာဝန်ယူ လုပ်ကိုင်ပေးတဲ့အဖွဲ့ကို ဝိုင်းဝန်းပံ့ပိုးကူညီဖို့ ဖြစ်တယ်။ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့တွေမှာလည်း ဒီလိုပါပဲ။ ကျွန်တော်တို့ဆို ဟိုတယ်ဇုန်တွေ တစ်နိုင်ငံလုံးမှာရှိတယ်။ ဒေသတစ်ခုမှာရှိတဲ့ ဇုန်ဥက္ကဋ္ဌကနေ ခေါင်းဆောင်မယ်၊ အတွင်းရေးမှူးပါမယ်၊ သက်ဆိုင်တဲ့ဟိုတယ်လုပ်ငန်းတွေပါမယ်၊ ဟိုတယ်မန်နေဂျာတွေပါမယ်၊ စားသောက်ဆိုင်တွေပါမယ်၊ သယ်ယူပို့ဆောင်ရေးတွေပါမယ်၊ ဧည့်လမ်းညွှန်တွေပါမယ် စသည်အားဖြင့် ဒီလိုအားလုံးပူးပေါင်းပါဝင်တဲ့ပုဂ္ဂလိက အဖွဲ့အစည်းတွေက မြေပြင်မှာဖြစ်ပေါ်နေတဲ့အခြေအနေမှန်တွေကို သူတို့က စုဆောင်းပြီးတော့တင်ပြမယ်၊ ဌာနဆိုင်ရာတွေကလည်း ဥပမာ ဟိုတယ်ဆို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တာဝန်ခံအရာရှိကနေ ဦးဆောင်ပြီးတော့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘာတွေလိုနေတယ်၊ ဘာတွေတော့ လုပ်ပေးသင့်တယ်၊ ဘယ်အချက်တွေကတော့ ကျွန်တော်တို့ ဖြည့်ဆည်းပေးမှုဖြစ်မယ်၊ ဘယ်အချက်တွေကတော့ ကျွန်တော်တို့ကနေ ဦးဆောင်ဦးရွက်ပြုပြီး ဘယ်ဌာနတွေက လုပ်ပေးရမယ်၊ ဘယ်အချက်တွေကတော့ ကျန်တဲ့ဌာနတွေက ဆောင်ရွက်ရမယ်၊ သတင်းအချက်အလက် အခြေအနေမှန်တွေကို အခါအားလျော်စွာ တင်ပြပေးခြင်းအားဖြင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတွေကလည်း သတင်းအချက်အလက်တွေကို အကုန်စုစည်းပြီးတော့ လိုအပ်တဲ့အခြေအနေမှန်တွေကို အထက်ကိုတင်ပြပေးမှာဖြစ်တယ်။ ဒါမှလည်း ကျွန်တော်တို့ လုပ်ငန်းတွေဟာ သွက်သွက်လက်လက်နဲ့ ဖြစ်လာမှာပေါ့။

ဥပမာပြောရရင် အာဆီယံမှာ ဒီနေ့လိုပုံစံမျိုးပဲ အာဆီယံမှာ ကျွန်တော်တို့လုပ်နေတဲ့ လုပ်ငန်းနယ်ပယ်တွေအများကြီးရှိပါတယ်။ အဲဒီနယ်ပယ်တွေကို တာဝန်ပေးတဲ့အခါမှာ ဒီအာဆီယံအဖွဲ့ဝင်နိုင်ငံတွေကနေ တစ်ခါတည်း Working အဆင့် အစည်းအဝေးကနေ ပြန်လည်သုံးသပ်ပြီး နောက်ဆုံးဆက်လုပ်မယ့် လုပ်ငန်းစဉ်တွေကို ထိပ်သီးအစည်းအဝေးကို တင်ပြပြီးတော့ လမ်းညွှန်ချက်ယူပါတယ်။ အခုလုပ်တဲ့ပုံစံလည်း ဒီသဘောပါပဲ။

မေး။ ။ ပုဂ္ဂလိကကဏ္ဍပြောင်းလဲတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များ ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားရှိရမယ့် လုပ်ငန်းအခြေအနေများကို ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ ဦးဇော်ဦး (နိုင်ငံတော်သမ္မတ၏ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီအဖွဲ့ဝင်)

နိုင်ငံတော်သမ္မတကြီးကနေပြီးတော့ ဒီနိုင်ငံထဲမှာ ပြုပြင်ပြောင်းလဲမှုအစီအစဉ်တွေကို နိုင်ငံရေး၊ စီးပွားရေးနဲ့ ဒီနှစ်မှာဆိုရင် အုပ်ချုပ်ရေးနဲ့ အဓိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ပါတယ်။ အဓိက ဦးတည်ချက်ကတော့ ကျွန်တော်တို့နိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကနေပြီးတော့ ပိုပြီးတော့ပြည်သူကို ဗဟိုပြုတဲ့ဖွံ့ဖြိုးမှုလုပ်ငန်းတွေပါဝင်နိုင်ရေးကို ဦးတည်ပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီပြည်သူ ဗဟိုပြုဖွံ့ဖြိုးမှုဆောင်ရွက်တဲ့အခါမှာ ဦးဆောင်ပြီးတော့ ဆောင်ရွက်လာနိုင်အောင် ပြည်သူအများဆုံးပါတာကတော့ အဓိကကတော့ ပုဂ္ဂလိကလုပ်ငန်းတွေဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေနဲ့ ပြည်သူအခြေပြုတဲ့ လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာရေးဟာ ကျွန်တော်တို့သွားနေတဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အားလုံးရဲ့ ဦးတည်ချက်ဖြစ်နေပါတယ်။

ဒီဦးတည်ချက်တွေကို နောက်ဆုံးအဆင့်အနေနဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွေရဲ့ တတိယအဆင့်ဖြစ်တဲ့ ပြည်သူ့အုပ်ချုပ်ရေး၊ ကောင်းမွန်တဲ့အုပ်ချုပ်ရေးနဲ့ သန့်ရှင်းတဲ့အစိုးရဖြစ်လာရေးဆိုတဲ့ အစီအစဉ်တွေဟာလည်း နောက်ဆုံးအနေနဲ့ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီးတော့ ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရတဲ့ အကြောင်းရင်းကလည်း ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲပြီးခဲ့တဲ့ အနေအထားတွေမှာ ဈေးကွက်ထဲမှာပဲ ကြည့်ကြည့်၊ တခြားနိုင်ငံရဲ့ ဖွံ့ဖြိုး

ရေးလုပ်ငန်းတွေမှာပဲ ကြည့်ကြည့်၊ ဈေးကွက်ထဲမှာဆိုရင် ပုဂ္ဂလိက လုပ်ငန်းတွေနဲ့ နိုင်ငံရဲ့ဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာဆိုရင်တော့ လူထုအခြေပြု အဖွဲ့အစည်းတွေ၊ ဒီအဖွဲ့အစည်းတွေက ပိုမိုတာဝန်ယူ ဆောင်ရွက်လာကြတာ ဖြစ်တယ်။

နိုင်ငံတော်ရဲ့ ဌာနတွေနဲ့ အစိုးရအဖွဲ့အစည်း အဆင့်ဆင့်ကလည်း ပုဂ္ဂလိကကဏ္ဍတွေကို အားပေးဆောင်ရွက်တဲ့ဘက်ကို ပိုပြီးတော့ ပြောင်းလဲပြီးတော့ ဆောင်ရွက်လာကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှာ စတုတ္ထအဆင့်အနေနဲ့ စတင်ဆောင်ရွက်တဲ့အခါမှာ အစိုးရဌာနတွေကလည်း နောက်ကနေပြီးတော့ ပံ့ပိုးကူညီတဲ့အပိုင်းကို ဆောင်ရွက်နိုင်အောင် နောက်ပြီးတော့ ပုဂ္ဂလိကကဏ္ဍနဲ့ အစိုးရပူးပေါင်းဆောင်ရွက်တဲ့ပုံသဏ္ဌာန်တွေလည်း ပိုမိုပြည့်ပြည့်စုံစုံဖြစ်လာအောင် စဉ်းစားနေတဲ့ Working Group လို့ ခေါ်တဲ့ အကူအညီ အပြန်အလှန်ပေးရေးအဖွဲ့အစည်းတွေ စုဖွဲ့မှုတွေကို စတင်စဉ်းစားဆောင်ရွက်နေတာတွေရှိပါတယ်။

မြို့နယ်တွေမှာဆိုရင် မြို့နယ်အဆင့် အထောက်အကူပြု အစုအဖွဲ့တွေကို မြို့နယ်တွင်းမှာရှိတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ အခြားဌာနဆိုင်ရာ အကြီးအကဲတွေသာမက မြို့မိမြို့ဖတွေနဲ့ မြို့နယ်ထဲမှာရှိတဲ့ လုပ်ငန်းရှင်တွေကပါ အားလုံးဝိုင်းပြီးတော့ မြို့နယ်တစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အားလုံးဝိုင်းစဉ်းစား၊ ဆွေးနွေးလုပ်ကိုင်ကြဖို့ဆိုတဲ့ ပုံစံတွေကို စတင်စဉ်းစားလာတာရှိပါတယ်။ ဒီစုဖွဲ့မှုအသစ်တွေဟာဆိုရင် နိုင်ငံတော်မှာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေရဲ့ အသီးအပွင့်တွေလို့လည်း ပြောလို့ရပါတယ်။ ဒီစုဖွဲ့မှုတွေကတစ်ဆင့် ပိုမိုအားကောင်းတဲ့ ရေရှည်တည်တံ့နိုင်မယ့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွေဘက်ကိုသွားနိုင်ဖို့ အားလုံးပြင်ဆင်ထားဖို့ လိုတယ်ဆိုတာကို နှိုးဆော်ပြောကြားလိုပါတယ်။

◆ ***ရှေ့ဖုံးမှ***

၂၀၁၃ ခုနှစ်၊ မေလ ၁၄ /၁၅ ရက်အပြီး လုံခြုံစိတ်ချရသည့် နေရာများသို့ အမြန်ဆုံးရွှေ့ပြောင်းထားရန် ညွှန်ကြားထားပြီးဖြစ်သည်။

၄။ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများပါဝင်သည့် စီမံကွပ်ကဲမည့် အဖွဲ့အား ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင်စ၍ ရခိုင်ပြည်နယ် အမ်းမြို့တွင် အခြေပြုကာ အနီးကပ်ကွပ်ကဲသွားရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

၅။ တပ်မတော်အနေဖြင့် မုန်တိုင်းဒဏ်ကျရောက်နိုင်သော ပင်လယ်ကမ်းရိုးတန်းဒေသရှိ တိုင်းစစ်ဌာနချုပ်များတွင် လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘော၊ မော်တော်ယာဉ်များအား လိုအပ်ပါက ချက်ချင်းအကူအညီပေးနိုင်ရေး အသင့်ပြင်ဆင်ထားပြီး ဆေးကုသရေးအဖွဲ့များနှင့် အခြားအထောက်အကူပြုနိုင်မည့်အဖွဲ့များကိုလည်း ဖွဲ့စည်း၍ ကြိုတင်အသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

ဆိုင်ကလုန်းမုန်တိုင်း မေ ၁၆ ရက် ညနေပိုင်းတွင် မြန်မာ (ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း) ကမ်းခြေ နှင့် ဘင်္ဂလားဒေ့ရှ်ကမ်းခြေဆီသို့ ဖြတ်ကျော်နိုင်

၂၀၁၃ ခုနှစ် မေလ ၁၃ ရက်နေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် မုန်တိုင်းသတင်းကို အောက်ပါအတိုင်း လေးစားစွာ အစီရင်ခံအပ်ပါသည်။

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း မဟာစင် (MAHASEN)သည် မြန်မာနိုင်ငံ (ကိုကိုးကျွန်း)၏ အနောက်တောင်ဘက် မိုင် ၄၃၀ ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၅၆၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၆၀၀ ခန့်၊ အိန္ဒိယနိုင်ငံ (ချင်းနိုင်မြို့)၏ အရှေ့တောင်ဘက် မိုင် ၃၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး မုန်တိုင်းဗဟိုချက်အနီးတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ မိုင် ၆၀ အထိ ရှိနိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာ ရှိသော်လည်း နောက်ဆုံးတိုင်းထွာရရှိသော ခန့်မှန်းချက်များအရ မေ ၁၆ ရက် ညပိုင်းခန့်တွင် မြန်မာနိုင်ငံ (ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း)ကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများဆီသို့ ဖြတ်ကျော် ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းရသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ် ရှောင်ရှားရန်လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

(သတင်းစဉ်)

● ***ကျောဖုံးမှ***

ယခုဆွေးနွေးပွဲတွင် မေတ္တာတရားကိုအခြေခံကာ အပြန်အလှန်အပြစ်ဖို့ခြင်းမပြုဘဲ အတူတကွ ပေါင်းစည်းနိုင်မည့် နည်းလမ်းကို ရှာဖွေပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်သည် ခေတ်၊ စနစ်များပြောင်းလဲလာခဲ့ပြီဖြစ်ရာ ယခုကဲ့သို့သော ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများကို ပြည်သူများက မျှော်လင့်စောင့်စားနေကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်သမ္မတကြီးနှင့် အတူ တာဝန်ရှိသူများက အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာ၏ ထောက်ခံအားပေးမှုများကိုလည်း ရရှိနေပြီဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်း မိတ်ဝတ်မပျက် ဆက်ဆံရေးမျိုးဖြင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ အကျိုးစီးပွားများကို ကာကွယ်နိုင်ရေးအတွက် တိုင်းရင်းသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ပြင်ဆင်နေပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် SSPP/ SSA အဖွဲ့ ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး စာချုပ်များ လက်မှတ်ရေးထိုးပြီးမှ မလိုလားအပ်သည့် ထိတွေ့မှုများရှိခဲ့သည့်အတွက် စိတ်မကောင်းဖြစ်မိပါကြောင်း၊ ရှေ့ဆက်သွားမည့်ခရီးအတွက် နှစ်ဖက်အပြန်အလှန်အချင်းချင်းညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်ရာတွင် ပွင့်လင်းရိုးသားစွာညှိနှိုင်းသွားကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် SSPP/ SSA မှ တာဝန်ရှိသူတစ်ဦးက ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဦးဝင်းမြင့်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကောင်းမွန်စေရန် ပူးပေါင်းဆောင်ရွက်သွားရေး၊ ထာဝရငြိမ်းချမ်းစွာ အတူတကွ ပူးပေါင်းနေထိုင်ရေး၊ တစ်ဖက်နှင့်တစ်ဖက် စိတ်ဆန္ဒဖြူစင်စွာဖြင့် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခု တွေ့ဆုံဆွေးနွေးပွဲသည် တိုင်းရင်းသားပြည်သူများနှင့် နှစ်ဖက်အဖွဲ့အစည်းများအတွက် အားရကျေနပ်ဖွယ်ရာ ရလဒ်ရှိသည့် ဆွေးနွေးပွဲဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အထက်ပိုင်း တာဝန်ရှိသူများသာမက အောက်ခြေအဆင့်အထိ ပေါက်ရောက်အောင်မြင်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် နှစ်ဖက်သဘောတူ သတင်းထုတ်ပြန်ကြေညာချက်တစ်စောင်ကို အောက်ပါအတိုင်း ပူးတွဲထုတ်ပြန် ကြေညာခဲ့သည်။

၁။ ယခင် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ သဘောတူညီချက်များအား နှစ်ဖက်လုံးမှ အလေးအနက်ထား လိုက်နာဆောင်ရွက်မည်။

၂။ တပ်မတော်နှင့် SSPP/ SSA တပ်ဖွဲ့များ၏ တပ်ဖြန့်ခွဲမှု၊ တပ်လှုပ်ရှားမှုများနှင့် ပတ်သက်၍ တပ်ပိုင်းဆိုင်ရာ နှစ်ဖက် တာဝန်ရှိသူများမှ ငြိမ်းချမ်းစွာ အတူတကွ ညှိနှိုင်းဖြေရှင်းရန်။

၃။ ပြည်သူလူထုအပေါ် ဥပဒေမဲ့ လုပ်ရပ်များဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုများကို ရှောင်ရှားရန်။

၄။ တစ်ဖက်နှင့်တစ်ဖက် သံသယဖြစ်ဖွယ်ရာ ကိစ္စရပ်များနှင့် ပြဿနာဖြစ်ဖွယ်ရာကိစ္စရပ်များ ပေါ်ပေါက်လာပါက နှစ်ဖက်ကိုယ်စားလှယ်များ အမြန်ဆုံးတွေ့ဆုံ၍ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဖြေရှင်းရန်ဟူ၍ ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စုပေါင်း၍အမှတ်တရမှတ်တမ်းဓာတ်ပုံများရိုက်ကြသည်။

ထိုမှတစ်ဆင့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မဟာဝိဟာရဘုန်းတော်ကြီးကျောင်းတွင် ဒေသတွင်း နှစ်ဖက်ထိတွေ့မှုများကြောင့် ခေတ္တလာရောက် တိမ်းရှောင်နေကြသည့် ဒေသခံတိုင်းရင်းသားများအား သွားရောက် တွေ့ဆုံအားပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် SSPP/ SSA အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစဝ်ခေးတိုင်းက လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်အချက်များ

၁။ **ဆိုင်ကလုန်းမုန်တိုင်းချဉ်းကပ်လာချိန်တွင် ဆောင်ရွက်ခြင်း**

(က) မုန်တိုင်းဆိုင်ရာ သတိပေးချက်များအတွက် ရေဒီယိုနားထောင်ပါ။ ရုပ်မြင်သံကြားကြည့်ပါ။ ဆိုင်ကလုန်းမုန်တိုင်း၏ ဦးတည်ရာဘက်၊ အမြန်နှုန်း(သို့မဟုတ်) ပြင်းထန်မှုသည် အချိန်နှင့်လိုက်၍ ပြောင်းလဲသွားနိုင်သဖြင့် နောက်ဆုံးသတင်းအချက်အလက်များအတွက် ရေဒီယိုဖွင့်ထားပါ။

(ခ) တံခါးများ၊ ပြတင်းပေါက်များအားလုံးကို လုံခြုံအောင်ပြုလုပ်ထားပါ။

(ဂ) လွတ်နေသော ပျဉ်ချပ်များ အိမ်ခေါင်မိုးသွပ်ပြားများ၊ အမှိုက်ပုံးများ (သို့မဟုတ်) အန္တရာယ်ဖြစ်လာနိုင်သော အခြားအရာများအားလုံးကို သိမ်းဆည်းထားပါ။ (သို့မဟုတ်) ခိုင်မြဲအောင် ချည်နှောင်ထားပါ။

(ဃ) အိမ်တိုင်းတွင် အသက်ကယ်အင်္ကျီ၊ (Life Jacket) နှင့် အသက်ကယ်ဘောကွင်းများအသင့်ဆောင်ထားပါ။ အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သူများနှင့် ရေလမ်းခရီးအသုံးပြုနေသူများသည် အသက်ကယ်အင်္ကျီ (Life Jacket) နှင့် အသက်ကယ်ဘောကွင်းများ ကိုယ်စီဆောင်ထားပါ။

(င) တန်ဖိုးကြီးပစ္စည်းများ၊ ဆေးနှင့်နွေးသော အဝတ်အစားအပိုများကို ပလတ်စတစ်အိတ်ဖြင့်ထည့်၍ အရေးပေါ်အိတ်အတွင်းထားရှိပြီး အလွယ်တကူ လက်လှမ်းမီသည့်နေရာတွင်ထားပါ။

၂။ **ဆိုင်ကလုန်းမုန်တိုင်း မကျရောက်မီ အန္တရာယ်ကင်းရှင်းရာသို့ ပြောင်းရွှေ့ခြင်း**

(က) မြစ်ရေလွှမ်းမိုးသည့်နေရာတွင် နေထိုင်ပါက (သို့မဟုတ်) မြေနိမ့်ကမ်းခြေအနီးတွင် နေထိုင်ပါက ဆိုင်ကလုန်းမတိုက်မီ ရေလွတ်သောအန္တရာယ်ကင်းရှင်းသည့် ခိုလှုံရာနေရာသို့ ရွှေ့ပြောင်းရပါမည်။ ပိုင်ဆိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်လျက် နောက်ဆုံးအချိန်အထိ မစောင့်ပါနှင့်။ ပိုင်ဆိုင်ပစ္စည်းများနှင့်အတူ အသက်ဆုံးရှုံးနိုင်ပါသည်။

(ခ) အကြမ်းခံသော အဝတ်အစားများ၊ ဖိနပ်များကို ဝတ်ဆင်ပါ။

(ဂ) အန္တရာယ်ကင်းရှင်းရာသို့ သွားရောက်ချိန်တွင် မည်သည့်နေရာသို့ သွားရောက်ကြောင်း အားလုံးသိရှိစေရန် ပြောကြားသွားပါ။ ယင်းနေရာသို့ သွားရန်အတွက် အချိန်အလုံအလောက်ရှိစေရပါမည်။အချိန်နည်းနေပါက စောင်၊ အဝတ်အစားနှင့် အစားအစာတို့ကိုသာ ယူဆောင်ပါ။ ပစ္စည်းများကို စုဆောင်းရန်အချိန်ရပါက အောက်ပါဦးစားပေးအစီအစဉ်အတိုင်း ယူဆောင်ပါ-

(၁) ကြိုတင်ပြင်ဆင်ထားသော အရေးပေါ်အိတ်

(၂) ရေနှင့် အစားအစာအပို

(၃) အရေးကြီးစာရွက်စာတမ်းများ

(၄) ပလတ်စတစ်အခင်းစ

(၅) စောင်နှင့်အဝတ်အစားများ

(၆) အခြားတန်ဖိုးကြီးပစ္စည်းများ (ရွှေ၊ ငွေ၊ လက်ဝတ်ရတနာ)

(ဃ) နေအိမ်မှ မထွက်ခွာမီ လျှပ်စစ်မီးပိတ်ပြီး ဓာတ်ငွေ့ (ဂက်စ်) မီးဖိုကိုပိတ်လျက် အိမ်ကိုသော့ခတ်ပါ။ မီးဖိုကို မီးငြိမ်းသတ်ပါ။

(င) အန္တရာယ်ကင်းရှင်းရာသို့ သွားရောက်စဉ်တွင် အောက်ပါတို့ကို သတိပြုရပါမည်-

(၁) တံတားများ

(၂) ပြတ်ကျနေသော လျှပ်စစ်ဓာတ်အားလိုင်းများ

(၃) ချောင်းများတွင် မျောလာသောအပျက်အစီးများ

(၄) သစ်ပင်များနှင့် သစ်ကိုင်းများကျိုးကျခြင်း

(၅) လေနှင့်အတူ လွင့်ပါလာသော မှန်နှင့်သွပ်ပြားများ

(၆) ရေနှင့် မျောပါလာသော အဆောက်အအုံအပျက်အစီးများ၊ အထူးသဖြင့် မှန်နှင့် သွပ်ပြားများ

၃။ **ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ချိန်တွင် ဆောင်ရွက်ခြင်း**

(က) အဆောက်အအုံ၏ ခိုင်ခံ့သောအပိုင်းတွင် ခိုလှုံနေပါ။

(ခ) မှန်ပြတင်းပေါက်တံခါးများ အထူးသဖြင့် တရုတ်ကတ်မှန်များမှ ဝေးရာတွင်နေပါ။

(ဂ) ရပ်ရွာမှ တာဝန်ရှိသူများ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ပါ။

(ဃ) အကယ်၍ အိမ်ခေါင်မိုး စတင်၍လွင့်ပါစပြုလာလျှင် အိမ်၏ လေကာဘက်ခြမ်းတွင်ရှိသော ပြတင်းပေါက်များကို ဖွင့်ပါ။

(င) မုန်တိုင်းဗဟိုချက်သည် လေငြိမ်သော မုန်တိုင်းမျက်စိဖြစ်သဖြင့် လေရုတ်တရက် တစ်နာရီခန့် ငြိမ်သွားနိုင်ပါသည်။ ယင်းတည်ငြိမ်မှုမှာ တစ်နာရီခန့်မျှ ကြာမြင့်နိုင်ပါသည်။ ယင်းအချိန်အတွင်း အရေးပေါ်ပြင်ဆင်ရန်မရှိလျှင် အိမ်အတွင်းတွင်နေထိုင်ပါ။

(စ) တံခါးများ၊ ပြတင်းပေါက်များကို ပိတ်ထားပါ။

(ဆ) ပြင်ပသို့ ထွက်ရမည်ဆိုပါက လေသံကျယ်လောင်လာသည်နှင့် တစ်ပြိုင်နက် ခိုလှုံရာနေရာသို့ ပြန်လည်ဝင်ရောက်ပါ။ လေ၏အသံမှာ အလွန်လျင်မြန်စွာ ကျယ်လောင်လာတတ်ပါသည်။ အလွန်ပြင်းထန်ပြီး ဦးတည်ရာဘက်အသစ်လည်း ဖြစ်နိုင်ပါမည်။

(ဇ) နေအိမ် စတင်၍ ပြိုကျလာပါက လူတိုင်းအား မွေ့ရာများ၊ စောင်များဖြင့် အကာအကွယ်ပေးထားပါ။ ခိုင်မြဲစွာတပ်ဆင်ထားသည့် ပစ္စည်းများကို ကိုင်ထားပါ။ သို့မဟုတ် ခိုင်သောစားပွဲများအောက်တွင် ခိုလှုံနေပါ။

(ဈ) ရေဒီယိုဖွင့်၍ မိုးလေဝသကြိုတင်ခန့်မှန်းချက်များ၊ အသိပေးချက်များကိုနားထောင်ပါ။

(ည) မည်သည့်သက်ရှိသတ္တဝါကိုမျှ ချည်နှောင်ထားခြင်း၊ လှောင်ထားခြင်းမပြုမိရန် သတိထားပါ။

(ဋ) လေမုန်တိုင်းအနည်းငယ်လျော့ပါးချိန် ရေဒီယိုဖွင့်၍ မိုးလေဝသကြိုတင်ခန့်မှန်းချက်များ၊ အသိပေးချက်များကို နားထောင်ပါ။

၄။ **မုန်တိုင်းကျော်လွန်သောအခါတွင် ဆောင်ရွက်ခြင်း**

(က) အိမ်အပြင်သို့ထွက်ရန်အတွက် တာဝန်ရှိသူများမှ အန္တရာယ်ကင်းရှင်းကြောင်း တရားဝင်အသိပေးချက်မရမချင်း အိမ်ပြင်ပသို့မထွက်ပါနှင့်။ ဂက်စ်မီးဖိုယိုစိမ့်ခြင်း ရှိ/မရှိ စစ်ဆေးပါ။ လျှပ်စစ်ပစ္စည်းများကို စိုစွတ်နေသည့်အချိန်တွင် အသုံးမပြုပါနှင့်။

(ခ) ရေဒီယိုကို ဆက်လက်ဖွင့်ထားပြီး တရားဝင်သတိပေးချက်နှင့် အကြံပြုချက်များကို နားထောင်ပါ။

(ဂ) နေအိမ်မှ ဘေးကင်းရာသို့ သွားရောက်ခဲ့ပါက နေအိမ်သို့ပြန်ရန် အန္တရာယ်ကင်းရှင်းပြီဟု ထုတ်ပြန်ချက်မထွက်မချင်း နေအိမ်သို့ မပြန်ပါနှင့်။

(ဃ) နေအိမ်သို့ပြန်ပါက အသုံးပြုသင့်သည်ဟုဆိုသော လမ်းကြောင်းအတိုင်းသွားပါ။ အလောတကြီး မသွားပါနှင့်။

(င) ပြုတ်ကျနေသော လျှပ်စစ်ဓာတ်အားလိုင်းများ၊ ပျက်စီးနေသော တံတားများ၊ အဆောက်အအုံများ၊ သစ်ပင်များကို သတိပြုပါ။ ရေလျှံနေလျှင် ရေအတွင်းသို့ မဖြတ်ကူးပါနှင့်။

(စ) သတိပေးချက်များအားလုံးကို ဂရုပြုပါ။ လှည့်ပတ်ကြည့်ရှုခြင်း မပြုပါနှင့်။

(ဆ) ဆိုင်ကလုန်းကြောင့် နေအိမ်မှာပျက်စီးပြီး နေထိုင်ရန်မဖြစ်နိုင်တော့ပါက ရပ်ရွာအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့ သို့မဟုတ် နယ်မြေအာဏာပိုင်ထံ ဆက်သွယ်၍ အကူအညီတောင်းခံပါ။

(ဇ) ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ချိန်တွင် မုန်တိုင်းဒီရေမြင့်တက်ခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ကမ်းရိုးတန်းအနီးတွင် နေထိုင်ပါက ရေလွှမ်းမိုးမှုအတွက် ဖော်ပြထားသော သတိပေးချက်များကိုလည်း လိုက်နာဆောင်ရွက်နိုင်ပါသည်။

(ဈ) ကောလာဟလသတင်းများကို နားမထောင်ပါနှင့်။

၅။ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် မြို့နယ်များအလိုက် ဖွဲ့စည်းထားသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား အသင့်အနေအထား စုဖွဲ့ထားရှိပြီးဖြစ်ပါသည်။ မုန်တိုင်းတိုက်ခတ်ပြီးသည်နှင့် ဘေးဒဏ်သင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ စေလွှတ်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

မီးသတ်ဦးစီးဌာန

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ယာဉ်သွားလာမှုစနစ်တကျရှိစေရေး ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၁၃

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် မေ ၈ ရက်က တာဝန်ရှိသူများလိုက်ပါလျက် မြို့တွင်း ယာဉ်ကြောရှင်းလင်းရေးနှင့် ယာဉ်သွားလာမှုစနစ်တကျရှိစေရေးတို့ကို စစ်ဆေးကြည့်ရှုခဲ့သည်။

စစ်ဆေးစဉ် ဝန်ကြီးက မန္တလေးဈေးချိုနှင့် မန်းမြန်မာပလာဇာသို့ လာရောက်ရပ်နားကြသော မော်တော်ယာဉ်များ စနစ်တကျရှိမှသာ ယာဉ်ကြော ရှင်းလင်းမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီပြီး စည်းကမ်းရှိအောင် ပူးပေါင်းလုပ်ဆောင်ကြစေလိုကြောင်း မြို့တွင်းခရီးသည်တင် ယာဉ်လိုင်းများကလည်း စည်းကမ်းရှိစွာ လိုက်နာကြရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ၃၅ လမ်းနှင့် ၈၄ လမ်းထောင့်တွင် တရားမဝင်ဂိတ်ထိုး၍ မန္တလေး-မုံရွာ ပြေးဆွဲနေသော ယာဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ယင်းမှတစ်ဆင့် ၈၆ လမ်းနှင့်လမ်း ၄၀ ထောင့် ယာဉ်လိုင်းများ ခရီးသည်တင်ဆောင်မှုအခြေအနေနှင့်ကမ်းနားလမ်းတစ်လျှောက် ရှမ်းလေးကျွန်းလမ်းဆုံးအထိ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

တင်မောင်(မန္တလေးကိုယ်ပွား)

ငါးလုပ်ငန်းဦးစီးဌာနမှ ရေထွက်ပို့ကုန်လုပ်ငန်းရှင်များအတွက် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေး

နေပြည်တော် မေ ၁၃

ငါးလုပ်ငန်းဦးစီးဌာနက ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင်များ ပြည်ပနိုင်ငံအသီးသီးနှင့် ကုန်စည်တင်ပို့မှုဆောင်ရွက်ရာတွင် အဆင်ပြေစေနိုင်ရေး ဖြေလျှော့မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

စစ်ဆေး

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေထွက်ကုန်အသီးသီးအား ပြည်ပသို့တင်ပို့ရာတွင် ယခင်က ဆောင်ရွက်ခဲ့သည့်အနေအထားများမှ ယခုကုန်သေတ္တာ တစ်လုံးချင်းအလိုက် တင်ပို့စဉ်စစ်ဆေးခြင်း မပြုတော့ဘဲ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် စက်ရုံများသို့ တစ်လလျှင် တစ်ကြိမ်ကျ သွားရောက်စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးတင်ပို့မှုများအတွက် နိုင်ငံတော်သို့ ပေးသွင်းရမည့် စစ်ဆေးခများဖြစ်သည့် Physical နှင့် Micro စစ်ဆေးခများကို လုပ်ငန်းရှင်များအနေနှင့် အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ငါးလုပ်ငန်းဦးစီးဌာနတစ်နေရာတည်းတွင် အပြီးပေးသွင်းနိုင်ရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

လုပ်ဆောင်

လေကြောင်းဖြင့် တင်ပို့ပေးရသည့် ရေထွက်ပစ္စည်း(အရှင်) တင်ပို့မှုများ၌ FIQC ဌာနခွဲနှင့် မွေးမြူရေးဌာနခွဲတို့ ပူးပေါင်းကာ အဖွဲ့တစ်ခုတည်းဖြင့် စစ်ဆေးပေးလျက်ရှိကာ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့တင်ပို့မည့် ကုန်သေတ္တာ အလုံးအရေအတွက်အလိုက် တင်ပို့မှုစာရင်းအား ငါးလုပ်ငန်းဦးစီးဌာန FIQC ဌာနခွဲ၌ တင်ပြခြင်းဖြင့် စာရင်းဇယားရရှိရေး လုပ်ဆောင်ပေးလျက်ရှိသည်။

ထို့အပြင် ပို့ကုန်များ၏ Health Certificate နှင့် Catch Certificate ထုတ်ပေးခြင်းများကိုလည်း သက်ဆိုင်ရာအရာရှိများက အချိန်ကုန်သက်သာစေရန် ငါးလုပ်ငန်းဦးစီးဌာနအတွင်း၌ပင် လက်မှတ်ရေးထိုး ဆောင်ရွက်ပေးလျက် ရှိနေပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သတင်းရရှိသည်။

ခင်ရတနာ

မြစ်ကြီးနားမြို့တွင် ဘာသာပေါင်းစုံ ချစ်ကြည်စွာ တွေ့ဆုံပွဲကျင်းပ

မြစ်ကြီးနား မေ ၁၃

မြန်မာနိုင်ငံသည် မည်သည့်ဘာသာမဆို လွတ်လပ်စွာ ကိုးကွယ်နိုင်ခွင့်ရှိသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသားတိုင်း မိမိယုံကြည်ရာဘာသာကို ကိုးကွယ်ကြသည်။ ဤသို့ကိုးကွယ်ခြင်းကိုလည်း နိုင်ငံတော်အစိုးရက ခွင့်ပြုပေးထားသည်။ ရှေးယခင်ကတည်းကပင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာများကို ကိုးကွယ်ကြသူများသည် ညီရင်းအစ်ကိုပမာ ခင်မင်ရင်းနှီးစွာ မိသားစုသဖွယ် မြန်မာနိုင်ငံ၌ နေထိုင်လာခဲ့ကြသည်မှာ အမှန်ပင်ဖြစ်ပေသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ကြီးနားမြို့ အရှေ့သာယာကုန်းရပ်ကွက် စွန္နီဂျာမေ့ဗလီတွင် မေ ၁၀ ရက် ညနေ ၃ နာရီက ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းဖြစ်ပေါ်ရေးဩဝါဒပေး ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ထိုသို့တွေ့ဆုံပွဲတွင် ဦးတေဇောဘာသ (ကံတက်ကုန်း မစိုးရိမ်ကျောင်းတိုက် ဆရာတော် မန္တလေး)က“ဘယ်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ ဘယ်ဘာသာဝင်မဆို ငြိမ်းချမ်းစွာ နေထိုင်ခြင်းဟာ အေးချမ်းမှုကိုဖြစ်စေပါတယ်” ဟု မိန့်ကြားသည်။

စွန္နီဂျာမေ့ဗလီ မူဆလင်ဘာသာရေးဥက္ကဋ္ဌ ဦးမောင်မောင်ကလည်း “အခုလိုပွဲမျိုးမှာ တက်ရောက်လာတဲ့ ဆရာတော် ဦးတေဇောဘာသ၊ မစိုးရိမ်ဆရာတော် နဲ့ သံဃာတော်များ၊ ရပ်ဖိရပ်ဖလူကြီးများ ဘာသာအသီးသီးမှပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေက ပုဂ္ဂိုလ်များ အားလုံးကိုယ်စား ကျွန်တော့်အနေနဲ့ အလွန်ပဲ ဝမ်းသာပီတိဖြစ်ရပါတယ်”ဟု လှိုက်လှဲစွာ ပြောကြားသည်။

တက်ရောက်

ဘာသာပေါင်းစုံ တွေ့ဆုံပွဲတွင် ကံတက်ကုန်း မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဦးတေဇောဘာသ ဆရာတော်နှင့် သံဃာတော်များ၊ မူဆလင်ဘာသာရေးဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ ဟိန္ဒူဘာသာရေးဥက္ကဋ္ဌ ဦးတင်မောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ခရစ်ယာန်ဘာသာရေး ကိုယ်စားလှယ်များ၊ မြစ်ကြီးနားမြို့မ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ဥယျာဉ်တော် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရဲမြင့်နှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

မောင်မောင်စိုး (မြစ်ကြီးနား)

မကွေးစည်သူဈေးသမဝါယမအသင်းချေးငွေထုတ်ချေး

ညောင်ဦး မေ ၁၃

ညောင်ဦးမြို့ မကွေးစည်သူဈေး သမဝါယမအသင်းမှ အသင်းသား ဈေးသူဈေးသားများသို့ ချေးငွေပေးအပ်ပွဲကို မေ ၇ ရက် နံနက် ၁၀ နာရီက ဒါနဘဏ်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သန်းက သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်နှစ်ရပ်၊ လုပ်ငန်းစဉ် ငါးရပ်နှင့် အသင်းသားများသို့ ချေးငွေထုတ်ချေးပေးခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းမှာကြားပြီး မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ဈေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်တို့က လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ထုတ်ချေး

ထို့နောက် မကွေးစည်သူဈေး သမဝါယမအသင်းမှ အသင်းသား ဈေးသူဈေးသား ၁၁၀ ဦးသို့ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ချေးငွေပေါင်း ကျပ်သိန်း ၁၁၀ ကို ဝိုင်းကြီးချုပ်စနစ်ဖြင့် တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သီဟကျော်(ပုဂံ)

ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများသို့ သောက်သုံးရေများလှူဒါန်း

ပန်းတောင်း မေ ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ နှစ်စဉ်ရေရှားပါးလျက်ရှိသော တလုတ်ပင်ကျေးရွာအုပ်စု ရေတွင်းလှကျေးရွာနှင့် ကြိုးကြာကျေးရွာအုပ်စု ကြာအင်းကျေးရွာများသို့ မေ ၁၁ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံကြက်ခြေနီအသင်း လူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးမှု စီမံချက်(ပန်းတောင်းမြို့နယ်) မြို့နယ်မီးသတ်ဦးစီးဌာနတို့နှင့် ဥသျှစ်ပင်ကျေးရွာအလှူရှင်များ စုပေါင်းလှူဒါန်းခဲ့သည်။

အဆိုပါရေလှူဒါန်းရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစိုးမင်း၊ လူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးမှု စီမံချက် တောင်တွင်းကြီးမြို့နယ်မှ ဦးကျော်မြင့်ခေါင်းဆောင်သည့် စီမံချက်ဝန်ထမ်းများ၊ ပန်းတောင်းမြို့နယ်မှစီမံချက်ဝန်ထမ်းများ၊ ကျေးရွာကြက်ခြေနီစေတနာလုပ်အားရှင်များမှ ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးဖြင့် ကြိုးကြာကျေးရွာအုပ်စု ကြာအင်းကျေးရွာသို့ လှူဒါန်းခဲ့သည်။ ဆက်လက်၍ တလုတ်ပင်ကျေးရွာအုပ်စု ရေတွင်းလှကျေးရွာသို့ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်ဖြင့် လည်းကောင်း၊ လှည်းကူးကျေးရွာ အရန်မီးသတ်တပ်ဖွဲ့မှ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်ဖြင့်လည်းကောင်း၊ ဥသျှစ်ပင်ကျေးရွာ အနန္တမေတ္တာစတိုး ဦးအေးကြူမိသားစုမှ ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့်လည်းကောင်း အသီးသီးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(၀၀၈)**

ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းရပ်ကွက်၌ သူခိုးသောင်းကျန်း

နေပြည်တော် မေ ၁၃

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းရပ်ကွက်များတွင် ဌာနဆိုင်ရာ ဝန်ထမ်း ကြို/ပို့ကားများမှ ဆီတိုင်ကီသော့ဖျက်၍ ဆီခိုးထုတ်ယူခြင်း၊ ဆိုင်ကယ်များခိုးယူခံရခြင်း၊ နေ့လယ်ခင်း ဝန်ထမ်းများရုံးသွားချိန်တွင် တိုက်ခန်းများ အဖောက်ခံရခြင်း စသည်ဖြင့် မကြာခဏဆိုသကဲ့သို့ သူခိုးများ သောင်းကျန်းလျက်ရှိသည်။

မေ ၁၀ ရက် နံနက် ၂ နာရီခန့်က ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် (ဇက-၁၀၀၀) တိုက် (၁၃၇၀)မှ Zaw Kanbo အမျိုးအစား ၁၇/ယ . . . . ဆိုင်ကယ်တစ်စီး အခိုးခံရ၍သက်ဆိုင်ရာက လိုက်လံစုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

ယခုအခါ သူခိုးများသောင်းကျန်းအတင့်ရဲနေရခြင်း အခြေအနေကို ခနသိဒ္ဓိရပ်ကွက် ဝန်ထမ်းမိသားစုဝင်တစ်ဦးက “အမှန်တော့ အရင်ကလည်း သူခိုးခိုးခံရတာတွေ ရှိပါတယ်။ ဒါပေမယ့် အရင်က ကျွန်တော်တို့ရပ်ကွက်မှာ ရဲစခန်းရှိတယ်။ ညဘက်ဆို ရဲလှည့်ကင်းတွေရှိတယ်ဆိုတော့ အခြေအနေသိပ်မဆိုးဘူးပေါ့ဗျာ။ အခုကျတော့ ရပ်ကွက်မှာ ရဲစခန်းမရှိတော့ဘူး။ ရဲကင်းလောက်ပဲထားတော့တယ်။ ရဲကင်းဆိုတော့ ရဲဝန်ထမ်းအင်အားကလည်း နည်းသွားတော့ ရပ်ကွက်လုံခြုံရေးကိစ္စတွေ နည်းနည်းတော့ ဟာသွားတာပေါ့။ ကျွန်တော်တို့ မြို့နယ်မှာ အရင်က ရဲစခန်း ၁၀ ခုရှိတယ်ကြားတယ်။ ယခုရဲစခန်းငါးခုပဲ ထားတော့တယ်လို့ သိရတယ်။ စခန်းတွေပေါင်းလိုက်တော့ ကျန်တဲ့ နေရာတွေမှာ ရဲကင်းလောက်ပဲ ထားပေးတယ်လေ။ ဒါကြောင့်လည်း ရပ်ကွက်တွေမှာ လှည့်ကင်းအင်အား နည်းသွားတာပေါ့။ ဒါကို အခွင့်ကောင်းယူပြီး သူခိုးတွေပိုအတင့်ရဲသောင်းကျန်းလာတာလို့ ကျွန်တော်ယူဆမိပါတယ်ဗျာ”ဟု သုံးသပ်ပြောကြားသွားသည်။

သန်းဦး(လေးမျက်နှာ)

စေတနာရှင်ပြည်သူများ ဆက်လက်လှူဒါန်း

မိတ္ထီလာ မေ ၁၃

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ မိသားစုများအတွက် စေတနာရှင်ပြည်သူများက လှူဒါန်းမှုလက်ခံရာ ဌာန မြို့နယ်ဆက်သွယ်ရေးဧည့်ရိပ်သာသို့ လာရောက်လှူဒါန်းလျက်ရှိရာ မေ ၁၂ ရက်က ဒေါ်ရီ၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်ပို၊ ဒေါ်ဌေးဌေးရီ၊ မန္တလေးမြို့မှငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းမျိုးစုံ၊ ဦးကျော်စိုး(မန္တလေး)မှ ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ကူညီထောက်ပံ့ရေးစားနပ်ရိက္ခာများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မွတ်စလင်များအဖွဲ့က ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများလာရောက်လှူဒါန်းကြရာ မေ ၁၂ ရက်အထိ လက်ခံရရှိလှူဒါန်းငွေ ခန့်မှန်းငွေကျပ် ၁၉၉၅၇၅၀၀၀၊ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄၃၀၉၇၄၀ ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဘောလည်တိုက်နယ်ဆေးရုံဖွင့်

ရန်ကုန် မေ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဘောလည်ကျေးရွာအုပ်စု ဘောလည်တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက် ၇ နာရီတွင် အဆိုပါဆေးရုံအဆောက်အအုံ၌ကျင်းပရာ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးသန်းမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးကိုကိုနှင့် Dagon International Co.,Ltd. ဒါရိုက်တာ ဦးသူရိန်အောင်တို့က တိုက်နယ်ဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက တိုက်နယ် ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အလှူရှင် Dagon Group Co.,Ltd. ဥက္ကဋ္ဌဦးဝင်းအောင်က ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဓာတ်ခွဲခန်း၊ အမျိုးသားလူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ဘောလည်တိုက်နယ်ဆေးရုံဆောက်လုပ်လှူဒါန်းလွှဲပြောင်းခြင်းအခမ်းအနားကို ဘောလည်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ပညာရေး၊ ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လူတိုင်းကျန်းမာမှ လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ဘောလည်တိုက်နယ်ဆေးရုံကို ဆောက်လုပ်လှူဒါန်းပေးသော အလှူရှင်နှင့် မိသားစုအား ကျေးဇူးတင်ပါကြောင်းနှင့် ဆေးရုံရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းကူညီထိန်းသိမ်းစောင့်ရှောက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အလှူရှင် Dagon Group Co.,Ltd. ဥက္ကဋ္ဌက ဆေးရုံဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုက်နယ်ဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်ကာ ဒေသခံပြည်သူများကိုယ်စား ထန်းတပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးတိုင်းရက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဘောလည် တိုက်နယ်ဆေးရုံသည် အလျား ၁၂၈ ပေ၊ အနံ ၁၁၆ ပေရှိ RC ကွန်ကရစ်အဆောက်အအုံဖြစ်ပြီး Dagon Group Co.,Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်ဇနီး ဒေါက်တာ မိုးမြမြမိသားစုက ငွေကျပ်သိန်းနှစ်ထောင့်နှစ်ရာ အကုန်အကျခံတည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မုန်တိုင်းအန္တရာယ်ဟောပြော

ရန်ကုန် မေ ၁၃

မုန်တိုင်းဘေး၊ ရေဘေးနှင့်မိုးကြိုးဘေးအန္တရာယ်များအကြောင်း သိကောင်းစရာများ ဟောပြောပွဲကို မေ ၁၂ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလမှာ မိုးဦးကာလ(ဧပြီလ၊ မေလ)နှင့် မိုးနှောင်းကာလ(အောက်တိုဘာလ၊ နိုဝင်ဘာလ)တို့ဖြစ်ရာ မုန်တိုင်းဘေး၊ ရေဘေးနှင့် မိုးကြိုးဘေးအန္တရာယ်များ ဖြစ်နိုင်သဖြင့် သတိထားရမည့် အချိန်အခါများဖြစ်ကြောင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့်သတင်းစာများကို နားထောင်ဖတ်ရှုသင့်ပါကြောင်းနှင့် သဘာဝဘေးအန္တရာယ်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာသိမှတ်ဖွယ်ရာများကို ဟောပြောပြီး ရပ်မိရပ်ဖများနှင့် NGO အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၇၁) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး

၂၀၁၃ခုနှစ်၊ မေလ (၁၃)ရက်- (၁၄)ရက်

စုဝေးခန်းမ

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

လသာမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၁၃

မေ ၁၂ ရက် နံနက် ၁၀ နာရီခန့်က လသာမြို့နယ် အမှတ် (၈) ရပ်ကွက် အနော်ရထာလမ်းနှင့် ၂၃ လမ်းထောင့် တိုက်အမှတ် ၂၅၊ အာရ်စီ ရှစ်ထပ် ခြောက်လွှာပိုင်ရှင် ဒေါ်သန်းသန်းဆင့်၏ တိုက်ခန်းတွင် မီးလောင်မှုဖြစ်ပွားနေကြောင်း ပြည်သူတစ်ဦး၏ ဖုန်းဖြင့် သတင်းပေးပို့ချက်အရ ကျောက်တံတားမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်လေးစီး၊ စမ်းချောင်းမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ အလုံမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သာကေတမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ တာမွေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ လသာမှ အရန်မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ညွှန်ကြားရေးမှူးဦးသင်းဌေးရွှေ(ဦးစီး/ မကခ-၂) ဦးဆောင်သော ကွပ်ကဲမှုယာဉ်နှစ်စီးတို့ဖြင့်သွားရောက်မီးငြိမ်းသတ်ရာ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင်မီးကို ထိန်းနိုင်ခဲ့ပြီး ၁၀ နာရီ ၂၈ မိနစ်တွင် မီးကို လုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုအကြောင်းအရင်းမှာ လျှပ်စစ်မီးဖိုဖြင့် ဆီအိုးတည်ထားရာမှ ဆီအပူလွန်ကဲ၍ စတင်မီးလောင်ခဲ့ကြောင်းသိရသည်။

ဆုံးရှုံးမှုတန်ဖိုးအားဖြင့် မများသော်လည်း မီးပေါ့ဆမှုကြောင့် ပိုင်ရှင် ဒေါ်သန်းသန်းဆင့်အား လသာမြို့နယ်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ မီးလောင်မှုအား သန္ဓေမီးသတ်တပ်ဖွဲ့ဝင်အင်အား ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က ရေဂါလန် ၆၀၀၀ ခန့် အသုံးပြုငြိမ်းသတ်ခဲ့ရသည်ဟု ဆိုသည်။ မေ ၁၀ ရက် ည ၁၀ နာရီခန့်ကလည်း လမ်းမတော်မြို့နယ် အမှတ်(၅) ရပ်ကွက် အနော်ရထာလမ်းနှင့် ဘုန်းကြီးလမ်းထောင့်ရှိ တိုက်အမှတ် ၂၀၅/၂၀၇ ပိုင်ရှင်ဒေါ်မိုးမိုးထွေး၏ RC နှစ်ထပ်တိုက်မြေညီထပ်ရှိ Ice Berry အအေးနှင့်ကိတ်အရောင်းဆိုင်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျောက်တံတား၊ လသာမြို့နယ်မှ မီးသတ်ယာဉ်များဖြင့် ငြိမ်းသတ်ပေးမှုကြောင့် ည ၁၀ နာရီ ၂၅ မိနစ်၌ မီးလောင်မှုကို ထိန်းနိုင်ခဲ့ပြီး ၁၀ နာရီ မိနစ် ၃၀ တွင် ငြိမ်းသတ်နိုင်ခဲ့သည်။ အလုပ်သမားများက ဂက်(စ်)အိုးရွှေ့ပြောင်းရာမှ လွတ်ကျ၍ ခလုတ်ပွင့်ပြီး မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးပေါ့ဆမှုကြောင့် အလုပ်သမားဖြစ်သူ ညဏ်ထွန်းနှင့် ဝင်းသူဌေးတို့အား လမ်းမတော်မြို့နယ်ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရွှေနဂါး
ကျိုက်ထီးရိုး (ချောင်း)
ချောင်းသာ (နေ့စဉ်)
Ph: 299077, 09-731 67000
209388, 09-731 68000

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နေ့စဉ်/ည
Ph : 703790,09-861-9008
707062,09-861-7770

ပျောက်ဆုံးကြောင်း
ကျွန်တော်စောထွန်းလင်း၏ Passport No.M396118 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၃၂၈၂၃၆

အလိမ္မာစာမှာရှိ

GOLDEN STAR
ကျိုက်ထီးရိုး (ချောင်း)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

09-50-37438
532200

LMA
MEDICATED CREAM FOR PARALYSIS
Lwin Myint Aung Industrial Co.,Ltd.

အမည်ပြောင်း
ဦးစိုးဦး၏ သားသမီးများဖြစ်သော မော်လမြိုင်မြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်းမှမောင်ပြည်စိုးဦးအား မောင်မြင့်သူဟိန်း၊ သတ္တမတန်းမှ မချောဆင့်ရီအား မချောဆင့်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်မြင့်သူဟိန်း
မချောဆင့်

O.T.S (99) ကျောင်းဆင်းသူငယ်ချင်းများသို့

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၉)စည်သူတပ်ခွဲ၏ မိတ်ဆုံစားပွဲနှင့် စုပေါင်းအလှူဒါနပြုပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

စုပေါင်းအလှူဒါနပြုပွဲ

၁၈-၅-၂၀၁၃ရက် နံနက် ၁၀နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့၊ မဟာလယ်တီစံကျောင်းတွင်လည်းကောင်း၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်းရှိ နန်းဦးပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းတွင်လည်းကောင်း စုပေါင်းဆွမ်းကပ်၍ အလှူဒါနပြုကြပါမည်။

မိတ်ဆုံစားပွဲ

၁၅-၅-၂၀၁၃ရက်ည ၇နာရီတွင် နေပြည်တော်၊ပန်းခင်းလမ်းရှိ Pall Spring Restaurant တွင်လည်းကောင်း၊ ၁၈-၅-၂၀၁၃ရက် ည ၇နာရီတွင် ရန်ကုန်မြို့၊ ပြည်လမ်းနှင့်နာနတ်တောလမ်းထောင့်ရှိ ရွှေလီအကင်ဆိုင်တွင်လည်းကောင်း စုပေါင်းမိတ်ဆုံစားပွဲ ကျင်းပပြုလုပ်ပါမည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်

ပြည်ငြိမ်း ဖုန်း-၀၉-၅၀၄၁၈၃၄၊ မြင့်ကျော် ဖုန်း-၀၉-၄၉၂၅၉၈၃၄၊ ညီသင်းအောင် ဖုန်း-၀၉-၇၃၁၄၄၁၆၁၊ ဝေလင်း ဖုန်း-၀၉-၄၃၀၄၄၃၃၃၊ အောင်ဇော်ဦး ဖုန်း-၀၉-၇၃၀၉၈၅၄၈၊ အေးစိုး ဖုန်း-၀၉-၄၃၀၁၇၆၆၆၊

SH မြင့်သူထက် YU
B.Ed DTECT PhD
English 4 Skills Photoshop

ပြည်တွင်းသတင်း

ဒေသတွင်းစီးပွားရေးတိုးစေသည့် သီဟိုဠ်ဆန် ထုတ်လုပ်

မြိတ် မေ ၁၃

တနင်္သာရီတိုင်းဒေသကြီးသည် နှစ်ရှည်သီးနှံပင်များဖြစ်သည့် ရော်ဘာ၊ ကွမ်းသီး၊ သီဟိုဠ်နှင့် ဆီအုန်းများ စိုက်ပျိုးဖြစ်ထွန်းသောဒေသဖြစ်သည်။ သီဟိုဠ်ပင်ကို မြိတ်ဒေသအခေါ်မှာ ခရုပင်ဖြစ်ပြီး မြိတ်မြို့၌ သီဟိုဠ်ပင်များစိုက်ပျိုးထားခဲ့သည့် ရပ်ကွက်ကို ခရုတောရပ်ကွက်ဟုခေါ်ဆိုကြသည်။ သီဟိုဠ်စေ့အတွင်းမှ အဆန်ကို နှစ်စဉ် ဖေဖော်ဝါရီလမှ အောက်တိုဘာလကုန်အထိ ထုတ်လုပ်သည့်လုပ်ငန်းကို ဆောင်ရွက်ကြသည်။ သီဟိုဠ်စေ့များကို သီဟိုဠ်အတွက် အခွံချွတ်လုပ်ငန်းကို ဆောင်ရွက်ရသည်။ ပုံမှန်အသီး ၄၀ ကီလိုဂရမ်ကို အခွံချွတ်ပါက သီဟိုဠ်ဆန် ၁၀ ကီလိုဂရမ်ခန့် ရရှိသည်။ ခွဲပြီးသော အခွံအတွင်းမှ သီဟိုဠ်ဆန်ကို ကော်တံဖြင့် ကော်ထုတ်ရာ အဆန်မပျက် သီဟိုဠ်ဆန်ကို ရရှိပါသည်။ သီဟိုဆန်ထုတ် အလုပ်သမများမှာ တစ်နေ့တာ မိမိလုပ်ဆောင်ခဲ့သည့် သီဟိုဠ်ဆန်ကို ပြန်လည် အပ်နှံပါက လုပ်အားခ သီဟိုဠ်ဆန် တစ်ကီလိုဂရမ်ကို ငွေကျပ် ၂၂၀ နှုန်းဖြင့် ရရှိသည်။ အဆန်ထုတ် ကျွမ်းကျင်အလုပ်သမများအဖို့ တစ်နေ့လျှင်

ထုတ်သည့် လုပ်ငန်းရှင်များက ဒေသခံတောင်သူများသို့ ကြိုတင်ငွေပေးစနစ်ဖြင့်လည်းကောင်း၊ သီးနှံထွက်ဝယ်ယူသည့်စနစ်ဖြင့် လည်းကောင်းဝယ်ယူကြသည်။ ကုန်ကြမ်းသီဟိုဠ်စေ့ကို အစို/အခြောက်ပေါ်မူတည်၍ နေပူတွင် လေး၊ ငါး ရက် လှန်းကာမိုးကာလ၌ အဆန်ထုတ်ရန်အတွက် နွေရာသီတွင် ကြိုတင်လှန်း၍ အိတ်များသွပ်ကာ သိမ်းဆည်းထားရသည်။ ထိုသို့ နေပူလှန်းပြီး သိမ်းထားသော သီဟိုဠ်စေ့များကို နေ့စဉ်ထုတ်ရန် ကုန်နိုင်သလောက် မိုးပြဒယ်အိုးဖြင့် နာရီဝက်ခန့်ပြုတ်ကာ အဆန်ထုတ်ရန် သီဟိုဠ်ဆန် ၁၅ ကီလိုဂရမ်ခန့် လုပ်ဆောင်နိုင်သဖြင့် တစ်နေ့ လုပ်အားခ ငွေကျပ် ၃၀၀၀ ကျော်ရရှိကြသည်။ ဈေးကွက်သို့ တင်ပို့ရန် အသင့်ဖြစ်သော သီဟိုဠ် ဆန်များကို ၂၀ ကီလိုဂရမ်ဝင် စက္ကူဘူးများဖြင့် ထုပ်ပိုး၍ ရန်ကုန်မြို့ရှိ ပွဲရုံများသို့ ပေးပို့ကြသည်။ မြိတ်မြို့၌ သီဟိုဠ်ဆန် လုပ်ကိုင်သည့် အလုပ်ရုံ ခုနစ်ရုံခန့်ရှိ၍ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းပြီး စီးပွားဖြစ်လျက်ရှိကြောင်း ရေးသားတင်ပြအပ်ပါသည်။

မြင့်သိန်း (မြိတ်ကိုယ်ပွား)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ရန်ကုန် မေ ၁၃

ရွှေဈေး

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၁၁၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၉၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)
(အောင်သမာဓိရွှေဆိုင်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

အမေရိကန်	တစ်ဒေါ်လာ	၉၁၀ ကျပ်
ဥရောပ	တစ်ယူရို	၁၁၈၁ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၂၅ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၆၈ ကျပ်
တရုတ်	တစ်ယွမ်	၁၄၅ ကျပ်
မလေးရှား	ရင်းဂစ်	၃၀၄ ကျပ်

(သိမ်ဖြူငွေလဲကောင်တာ)

စက်သုံးဆီဈေးနှုန်းများ

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၈၈၀ ကျပ်

(Max/Newday စက်သုံးဆီအရောင်းဆိုင်)

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

၁။	ငါးကြင်း	တစ်ပိဿာ	၁၈၀၀ - ၃၅၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၃၀၀ - ၂၅၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၂၀၀၀ - ၃၅၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၈၆၀၀ ကျပ်
၅။	ကင်းမွန်	တစ်ပိဿာ	၂၅၀၀ - ၄၀၀၀ ကျပ်
၆။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၆၂၀၀ ကျပ်
၇။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀ -၃၀၀၀၀ ကျပ်
၈။	တီလားပီးယား	တစ်ပိဿာ	၁၀၀၀ - ၁၈၀၀ ကျပ်
၉။	ကြက်	တစ်ပိဿာ	၂၅၀၀ - ၉၀၀၀ ကျပ်
၁၀။	ဝက်	တစ်ပိဿာ	၃၅၀၀ - ၈၀၀၀ ကျပ်
၁၁။	အမဲ	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀ ကျပ်
၁၂။	ဆိတ်	တစ်ပိဿာ	၉၀၀၀ -၁၅၀၀၀ ကျပ်

(သား/ငါးဒိုင်များ)

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၀၅၀၀-၂၁၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၄၈၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၈၅-၄၂၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၅၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၄၅၀
၉။	ဟဲဟိုးအာလူး	တစ်ပိဿာ	၄၇၀-၅၉၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၆၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၆၀၀
၁၂။	သကြား	တစ်ပိဿာ	၈၇၅-၉၇၅

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အမြို့မြို့ အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့ရုံး
ချင်းပြည်နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်တွင် တည်ရှိသော ဧရိယာအတိုင်းအတာ (၂၆၀'×၁၈၀'×၈၀'×၁၈၀'×၂၀၀'×၁၅၀'×၁၅၀')ရှိ မြေကွက်ပေါ်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး (ရုံးခန်းများ၊ အစည်းအဝေးခန်းမများ၊ ယာဉ်ရပ်နားရန်နေရာများ) သုံးထပ်(RC)အမျိုးအစား အဆောက်အအုံတစ်လုံး ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် အောက်ပါအချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

(က) အဆောက်အအုံတည်ဆောက်လိုသည့် ကုမ္ပဏီမှရေးဆွဲတင်ပြသော Design estimate ပါ ပစ္စည်းအရေအတွက်၊ အရည်အသွေးစံချိန်စံညွှန်းများအတိုင်း တည်ဆောက်ရမည်ဖြစ်ပါသည်။ ခန့်မှန်းကုန်ကျငွေ(ကြမ်းခင်းဈေး)မှာ ကျပ် ၇၇၀၀ သန်း ဖြစ်ပါသည်။

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းသည့် ကုမ္ပဏီသည် အဆိုပြုတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းနှင့်ညီမျှသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို အာမခံအဖြစ် ထားရှိရန်။

(ဂ) တင်ဒါတင်သွင်းမည့် ကုမ္ပဏီအနေဖြင့် ကုမ္ပဏီ၏ Profile ဖြင့်တင်ပြရန်။

(ဃ) အဆောက်အအုံတန်ဖိုးအား တည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီးချိန်တွင် ၇၀ ရာခိုင်နှုန်း တန်ဖိုးကိုပေးချေ၍ လုပ်ငန်းအားလုံးပြီးဆုံးချိန်တွင် ကျန် ၃၀ ရာခိုင်နှုန်းကို ပေးချေမည်ဖြစ်ပါသည်။

(င) အိတ်ဖွင့်တင်ဒါလျှောက်လွှာတစ်စောင်ကို ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားရန်-

(၁) **အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်ရက်** - ၁၄-၅-၂၀၁၃ရက်မှ ၁၉-၅-၂၀၁၃ရက်အထိ

(၂) **အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်အချိန်** - နံနက် ၀၉:၃၀ နာရီမှ ၁၅:၀၀ နာရီအထိ

(၃) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၁၀-၆-၂၀၁၃ရက်

(၄) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန်** - နံနက် ၀၉:၃၀ နာရီမှ ၁၅:၀၀ နာရီအထိ

(၅) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဟားခါးမြို့

(စ) သတ်မှတ်ရက်အချိန်ထက် ကျော်လွန်နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၂။ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အဆောက်အအုံတည်ဆောက်မည့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို မေးမြန်းလိုပါက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၀-၂၁၀၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ချင်းပြည်နယ်အစိုးရအဖွဲ့

ဆီဘောက်ဆာကား ငှားရန်ရှိသည်

ဂါလန် ၂၈၀၀ ဆံ့ ရှစ်ဘီးကားငှားရန်ရှိသည်။ **ဖုန်း-၀၉-၅၀၁၆၈၇၀၊ ၀၉-၄၂၁၁၂၅၄၇**

Condo တိုက်ခန်းရောင်းမည်

မရမ်းကုန်းမြို့နယ်၊ ကိုးမိုင်၊ တော်ဝင်သီရိကွန်ဒို (Ocean)၊ 1550 sqft Lift,(1) MBR,(2) BR,Water Heater,Aircon သုံးလုံး၊ တစ်အိမ်လုံးပါကေးခင်း၊ ရှုခင်းအလွန်ကောင်း၊ ပြင်ဆင်ပြီး၊ အသင့်နေနိုင်၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၁၀၂၅၉၇**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ ဒေါက်တာမြင့်အောင်(ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်ဝင်း (အထက်တန်းပြ ဆရာမ၊ ငြိမ်း)တို့၏သားတပည့်၊
ရန်ကုန်မြို့နေ ဦးမြထွန်း (လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း) ပြည်ထောင်စုရာထူးဝန်အဖွဲ့-ဒေါ်ထွေးတင်တို့၏ တစ်ဦးတည်းသောသား၊
မြင်းမူမြို့နေ (ဦးသန်းကျော်-ဒေါ်ထွေးတင်)တို့၏ သားငယ်

မောင်ဇော်မင်းသန့်
B.A (Myanmar) (Dip in English)
ဒုတိယညွှန်ကြားရေးမှူး၊ ဝန်ကြီးရုံး၊ သတ္တုတွင်းဝန်ကြီးဌာန

နှင့်

ရန်ကုန်မြို့နေ ဦးအုန်းသွင် (ဒု-လ/ထ ညွှန်ကြားရေးမှူး၊ တာဝန်ခံ ခန္တီးမြို့၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်စန်းငွေးတို့၏ သမီးကြီး

မဝါဝါလွင်
B.A (Geo)
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

တို့၏ ၆-၅-၂၀၁၃ ရက်တွင် မဟာဂန္ဓာရုံကျောင်းတိုက် (ဇေကမ္ဘာဝင်း) ရန်ကုန်မြို့၊ မင်္ဂလာဆွမ်းကျွေးပွဲသို့ ကြွရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၈-၅-၂၀၁၃ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအားလည်းကောင်း၊ ၁၁-၅-၂၀၁၃ရက်တွင် Myanmar International Convention Centre (Banquet Hall) ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာမြင့်အောင် (ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်ဝင်း(အထက်တန်းပြဆရာမ၊ ငြိမ်း)တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်သက်လင်း၊ မင်္ဂလာအခါတော်ပေး ဒေါ်စံပယ်၊ မင်္ဂလာတေးသံသာဖြင့် သီဆိုညှော်ခံပေးသော လင်းရေစင်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မနန်းအိအိထွေး၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မချိုချိုငွေး၊ မမေကျော်ဇင်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးနေထွန်း၊ မောင်ဇေယျမင်း (ဦးစီးအရာရှိ၊ နေပြည်တော်ကောင်စီ)၊ မင်္ဂလာသတို့သမီးအရံ မယမုံဖူး၊ မလင်းလင်းတို့အားလည်းကောင်း၊ မိတ်ကပ်အလှပြင်ဆင်ပေးပါသော ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ အလှဆင်ပေးပါသော ဒီဇိုင်နာပြည်စိုးအောင်၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dragon ပုံနှိပ်တိုက်၊ ပန်းအလှဆင်ပေးပါသော ဘောဂသိဒ္ဓိ၊ MICC မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ဇော်မင်းသန့်-မဝါဝါလွင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၈/၃၆၅၃၊ Myanmar Yangon super Truck Light Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လင်းအောင် ၉/ပမန (နိုင်)၁၇၀၅၀၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

အိုးထရက်ဖို့ဒ်၌ ဖာဂူဆန်နောက်ဆုံးနှုတ်ဆက်အောင်ပွဲခံ

ဖာဂူဆန်ဟာ မန်ယူကွင်းအိုးထရက်ဖို့ဒ်မှာ နည်းပြတာဝန်ယူတဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ပရီမီယာလိဂ်ပွဲစဉ် (၃၇) ဖြစ်တဲ့ မန်ယူနဲ့ဆွမ်ဆီးပွဲကို မေ ၁၂ ရက်က တာဝန်ယူကိုင်တွယ်ခဲ့တဲ့ပွဲမှာ မန်ယူက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး ပရီမီယာလိဂ်ဖလားကို ကစားသမားတပည့်တွေနဲ့အတူ ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်ပါတယ်။

မန်ယူကို နည်းပြအဖြစ် ၂၆ နှစ်ခွဲခန့်ကြာမျှ ဆက်တိုက်တာဝန်ယူခဲ့တဲ့ ဖာဂူဆန်ဟာ အသက် ၇၁ နှစ်အရွယ်ရှိပြီဖြစ်တာမို့ သူပြုစုပျိုးထောင်ခဲ့တဲ့ မန်ယူအသင်းဟာ အောင်မြင်မှုတွေနဲ့အတူ နည်းပြသစ်အဖြစ် တာဝန်ယူမယ့် ဒေးဗစ်မိုယက်စ်ထံ ယုံကြည်စွာပဲ လွှဲအပ်တော့မှာဖြစ်ပါတယ်။

အိုးထရက်ဖို့ဒ်ကွင်းမှာ ဖာဂူဆန်အနေနဲ့ နည်းပြအဖြစ်နောက်ဆုံးတာဝန်ယူတဲ့ပွဲဖြစ်တာမို့ မန်ယူပရိသတ်တွေ ကွင်းလုံးပြည့်လာရောက်အားပေးခဲ့ကြပါတယ်။ ဒီပွဲစဉ်မှာ ရွှန်းနေကလွဲပြီး မန်ယူရဲ့အဓိက ပွဲထွက်ကစားသမားတွေအားလုံးနီးပါး ပါဝင်ကစားခဲ့ကြပြီး သူတို့ရဲ့ဆရာ ဖာဂူဆန်ကို ဂုဏ်ပြုခဲ့ကြပါတယ်။

ဒီပွဲစဉ်မှာ မန်ယူအတွက် ၃၉ မိနစ်မှာ ဟာနန်ဒက်ဇ်က တစ်ဂိုးသွင်းယူပြီး ၈၇ မိနစ်မှာ ဖာဒီနန်က အနိုင်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။ ဆွမ်ဆီးအတွက်ချေပဂိုး တစ်ဂိုးကိုတော့ ပွဲချိန် ၄၉ မိနစ်မှာ မီချူးက သွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဖာဂူဆန်လက်ထက်မှာ (၁၃) လုံးမြောက် ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့တာဖြစ်ပြီး မန်ယူအသင်းအတွက်တော့ အကြိမ် (၂၀) မြောက် ပရီမီယာလိဂ်ဖလားလည်း ဖြစ်ခဲ့ပါတယ်။ ဒီပွဲစဉ်ကလည်း မန်ယူအတွက် ဖာဂူဆန် နည်းပြအဖြစ် တာဝန်ယူခဲ့တဲ့ ၁၄၉၉ ပွဲမြောက် ပွဲစဉ်ဖြစ်ပါတယ်။ ဖာဂူဆန်ဟာ နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ပရီမီယာလိဂ်ပွဲစဉ် (၃၈)ဝက်စ်ဘရွန်းနဲ့ပွဲကို မန်ယူနည်းပြအဖြစ် ပွဲပေါင်း ၁၅၀၀ ပြည့်အနေနဲ့ နောက်ဆုံးကိုင်တွယ်မှာဖြစ်ပါတယ်။

မန်ယူနဲ့ ဆွမ်ဆီးပွဲအပြီးမှာ အိုးထရက်ဖို့ဒ်ကွင်းအတွင်းကနေပြီး ဖာဂူဆန်က မန်ယူပရိသတ်တွေကို နှုတ်ဆက်စကားပြောခဲ့တဲ့အခါ "မန်ယူအသင်းနဲ့ မိမိဘဝဟာ အဆုံးသတ်ပြီးဆုံးမှုမရှိသေးပါဘူး။ မန်ယူကို အမြဲတမ်းစောင့်ကြည့် ထိန်းမတ်ပေးသွားမှာဖြစ်ပါတယ်။ မန်ယူဘောလုံးသမားတွေ အနာဂတ်မှာ အောင်မြင်မှုတွေ အမြဲတမ်းရရှိပါစေလို့ ဆုတောင်းပါတယ်" လို့ ပြောကြားသွားပါတယ်။

ဒီနှစ် ဘောလုံးရာသီကုန်မှာ ဖာဂူဆန်အပြင် အနားယူမယ့် ကွင်းလယ်ကစားသမားတွေကတော့ ၃၈ နှစ်အရွယ်ရှိ ပေါလ်စခိုးနဲ့ ၂၉ နှစ်ရှိ ဒါရင်ဖလက်ချာတို့ပဲ ဖြစ်ပါတယ်။ ဒါရင်ဖလက်ချာဟာ အူကျရောဂါ တာရှည်စွာ ခံစားနေရသူဖြစ်တာမို့ အနားယူခြင်းဖြစ်ပါတယ်။ မန်ယူနဲ့ ဆွမ်ဆီးပွဲမှာ မပါဝင်တဲ့ ရွှန်းနေနဲ့ ပတ်သက်ပြီး "ရွှန်းနေက အသင်းပြောင်းရွှေ့ဖို့ တောင်းဆိုထားပါတယ်" လို့ ဖာဂူဆန်က သတင်းထောက်တွေရဲ့ အမေးကို ဖြေကြားသွားပါတယ်။

ဖာဂူဆန်ဟာ မန်ယူနည်းပြအဖြစ် အိုးထရက်ဖို့ဒ်ကွင်းမှာ ပထမဆုံးစတင်ကိုင်တွယ်ခဲ့တဲ့ မန်ယူနဲ့ ကျူပီအာပွဲကို တစ်ဂိုး-ဂိုးမရှိ အနိုင်ယူပြီး စတင်ခဲ့သလို ယခုအိုးထရက်ဖို့ဒ်ကွင်းရဲ့ နည်းပြနောက်ဆုံးပွဲစဉ်မှာလည်း ဆွမ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး နှုတ်ဆက်နိုင်ခဲ့သူဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက် ရေးသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- ချယ်လ်ဆီးအသင်းက အသက် ၂၆ နှစ်အရွယ်ရှိ ဂျာမန်ကွင်းလယ်ကစားသမား ခီဒီရာကို လာမည့်နွေရာသီ၌ ခေါ်ယူမည်ဖြစ်သည်။
- မိုနာကိုအသင်းသည် အက်သလက်တီကိုအသင်းမှ တိုက်စစ်မှူး ဖယ်လ်ကာအိုကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ပေး၍ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- လီဗာပူးတိုက်စစ်မှူး အင်ဒီကာရိုးလ်က အသင်းဟောင်းနယူးကာဆယ်တွင် ပြန်လည်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်စီးတီးနည်းပြ မန်ချီနီက မိမိအနာဂတ်အတွက် ယခုရက်ပိုင်းအတွင်း စဉ်းစားဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောကြားသည်။
- မီဝေါလ်အသင်း ကွင်းလယ်ကစားသမားဟောင်း ဘာချန်က မိမိသည် နည်းပြကောင်းတစ်ဦးဖြစ်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ကျူပီအာနည်းပြ ဟာရီရက်နက်က လာမည့်ဘောလုံးရာသီ၌ ပရီမီယာလိဂ်သို့ အတန်းပြန်တက်နိုင်ရေး ကြိုးစားမည်ဟု ပြောကြားသည်။
- ရီးရဲမက်ဒရစ်နည်းပြမော်ရင်ဟိုက ယခုနှစ်ရာသီကုန် နောက်ဆုံးပွဲစဉ်အထိ အာရုံစူးစိုက်ကာ ရလဒ်ကောင်းရန် စွမ်းဆောင်သွားမည်ဟု ပြောကြားသည်။
- ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်က မိမိသည် ကစားနိုင်သမျှအချိန်အထိ ချယ်လ်ဆီး၌သာ ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဂျူဗင်တပ်စ်အသင်းသည် မန်ယူကွင်းလယ်ကစားသမား နာနီအား ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။
- ဘိုင်ယန်မြူးနစ်အသင်း၏ လာမည့်နှစ် မျှော်လင့်ချက်မှာ ဘွန်ဒက်စ်လီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလား ရယူရေးပင်ဖြစ်ကြောင်း ဂွါဒီယိုလာက ပြောကြားသည်။

နိုင်ငံတကာအားကစားသတင်း



ရာဖေးလ်နာဒယ် စပိန်ဖလားဆွတ်ခူး

စပိန်မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်က ဆွစ်ဇာလန်တင်းနစ်ကစားသမား ဝေါရင်ကာအား ၆-၂၊ ၆-၄ ဖြင့် နိုင်ပြီး ဖလားဆွတ်ခူးသွားသည်။ ရာဖေးလ်နာဒယ်သည် အဆိုပါဖလားကို တတိယအကြိမ်မြောက်အဖြစ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ နာဒယ်သည် ဝဲဘက်ဒူးခေါင်း ဒဏ်ရာရပြီးနောက် ယခုနှစ်အတွင်း ပဉ္စမမြောက်ဆွတ်ခူးနိုင်ခဲ့သည့် ဖလားလည်းဖြစ်သည်။ ၎င်းသည် တစ်နာရီနှင့် ၁၁ မိနစ်ကြာအောင် ကစားခဲ့ပြီးနောက် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ချီနီနေရာ မာလာဂါနည်းပြအစားထိုးမည်

မန်စီးတီးက နည်းပြမန်ချီနီအား အလုပ်မှဖြုတ်ပြီး ၎င်းနေရာတွင် မာလာဂါနည်းပြ မန်နျူရယ်ပယ်လာဂရီနီအား အစားထိုးရန် စီစဉ်လျက်ရှိသည်။ မန်ချီနီသည် ၂၀၀၉ ခုနှစ်က မာ့ခ်ဟူးချ်ထံမှ မန်စီးတီးကို လွှဲပြောင်းရယူခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် အက်ဖ်အေဖလားနှင့် တစ်နှစ်အကြာ၌ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ သို့သော်လည်း အသက် ၄၈ နှစ်ရှိ မန်ချီနီသည် ယခုနှစ်အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ဝီဂန်ကို ရှုံးနိမ့်ပြီး ဖလားလက်လွတ် ဖြစ်ခဲ့ရသည်။

ဘင်နီတက်ဇ် နေရာသစ်ရှာပြီ

ချယ်လ်ဆီးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် ရာသီကုန်တွင် ချယ်လ်ဆီးမှ ထွက်ခွာရမည်ဖြစ်သဖြင့် အလုပ်အကိုင်သစ် ရှာဖွေနေပြီဟု ဆိုသည်။ ၎င်း၏ အလုပ်အကိုင်သစ်သည် အင်္ဂလန်တွင် ဦးစားပေးဖြစ်မည်ဟု ဘင်နီတက်ဇ်က ဆိုသည်။ အသက် ၅၃ နှစ်ရှိ ဘင်နီတက်ဇ်သည် ယခုနှစ်နွေရာသီတွင် စတမ်းဖို့ဒ်ဘရစ်ချ်မှ ထွက်ခွာမည်ဖြစ်သည်။ ၎င်းသည် ချယ်လ်ဆီးအသင်းကို ယူရိုပါလိဂ်ဗိုလ်လုပွဲအထိရောက်အောင် ပို့ပေးနိုင်ခဲ့ပြီဖြစ်သည်။ ဘင်နီတက်ဇ်သည် ဧပြီလက အကောင်းဆုံး ပရီမီယာလိဂ်နည်းပြဆု ဆွတ်ခူးနိုင်ခဲ့သည်အထိ အသင်းကို ဦးဆောင်နိုင်ခဲ့သည်။

ကောင်းမြတ်သူ စုစည်းသည်

အများသိစေရန်ထပ်မံကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ဆွန်ပက်ကွန်ဒိုမီနီယံအိမ်ရာစီမံကိန်းရှိ COMMERCIAL AREA သုံးလွှာ၊ ဧရိယာ ၁၂၄၇၁ ဒသမ ၀၃ စတုရန်းပေအကျယ်ရှိ သုံးထပ်တိုက်အဆောက်အအုံနှင့်စပ်လျဉ်း၍ ၆-၄-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် **ကျွန်ုပ်၏အမှုသည် ဦးအောင်မင်း၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း၊ အာမခံထားခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းမှအစ အခြားနည်းလွှဲပြောင်းခြင်း အလုံးစုံတို့ကို ပြုလုပ်ခြင်းမပြုရန် ကျပ်တည်းစွာ တားမြစ်ပါကြောင်း** အများသိစေရန် ကြော်ငြာခဲ့မှုအပေါ် တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးကျော်မင်း (စဉ်-၃၇၅၅)နှင့် ဦးအောင်နိုင် (စဉ်-၇၈၂၆)တို့က ၂၈-၄-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၃၀-၄-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာများတွင် ဒေါ်တင်မို့မို့လွင်၏ ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်း ကြေညာမှုပြုထားပါသည်။

သို့ပါ၍ ဦးအောင်မင်း၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ထပ်မံကြေညာအပ်ပါသည်။

၁။ ၆-၄-၂၀၁၃ ရက်ထုတ်သတင်းစာများတွင် ဦးအောင်မင်း၏ ညွှန်ကြားချက်အရ ကြေညာခဲ့သော အများသိစေရန်ကြော်ငြာအား ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းရန် အကြောင်းမရှိပါ။

၂။ ၆-၄-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာများပါ ကြော်ငြာဖော်ပြချက်မှာ လီဆယ်လုပ်ကြံထားခြင်း တစ်စုံတစ်ရာမရှိပါ။ စာချုပ်မှတ်တမ်းအထောက်အထားအရ အမှန်အတိုင်း ကြော်ငြာခြင်းဖြစ်သဖြင့် ပြန်လည်ရုပ်သိမ်းရန် အကြောင်းမရှိပါ။

၃။ ဒေါ်တင်မို့မို့လွင်နှင့် ဦးအောင်မင်းတို့ လက်မှတ်ရေးထိုးချုပ်ဆိုသည့် ၆-၁-၂၀၁၂ရက်စွဲ စာချုပ်အရ ဒေါ်တင်မို့မို့လွင်က ဦးအောင်မင်းသို့ ငွေကျပ်သိန်း ၂၀၀၀ (ကျပ်သိန်းနှစ်ထောင်တိတိ/-)မှအပ အရောင်းအဝယ်ပြုသည့်တန်ဖိုးကျန်ငွေကို ယနေ့ထိတိုင် ဦးအောင်မင်းသို့ ပေးချေခြင်းမရှိပါကြောင်း ထပ်လောင်းအတည်ပြုကြေညာပါသည်။

၄။ ၂၈-၄-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၃၀-၄-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်း သတင်းစာကြော်ငြာများတွင် ဒေါ်တင်မို့မို့လွင်က အပိုဒ်(၁)ဖြင့် **ပိုင်ရေးပိုင်ခွင့်ရှိ၍ လက်ဝယ်ရရှိထားသူထံမှ ကာလတန်ဖိုးငွေများ အပြေအကျေပေးချေ၍ ကျွန်ုပ်တို့၏မိတ်ဆွေမှ ၂၀၁၂ ခုနှစ်ကတည်းက စဉ်ဆက်မပြတ် ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါသည်**ဟူသော ကြော်ငြာမှုမှာ ဦးအောင်မင်းထံမှ ဝယ်ယူခြင်းမဟုတ်ကြောင်း ကြေညာချက်ဟုမှတ်ယူပါသည်။

၅။ ယင်းကြေညာချက်မှာ မှန်ကန်မှုမရှိသည့်ပြင် တိကျရေရာမှုမရှိသည်သာမက အတိအလင်း မည်သူထံမှ မည်သည့်ရက်တွင် မည်သည့်သက်သေများရှေ့မှောက်၌ တန်ဖိုးငွေ မည်မျှဖြင့် ဝယ်ယူခဲ့ကြောင်း ဖော်ပြကြေညာခြင်းမရှိမှုမှာမူ မှန်ခြင်းမရှိသည့်ပြင် အများသူငှာတို့က ထင်ယောင်ထင်မှားဖြစ်စေရန် ကြေညာမှုတစ်ခုသာဖြစ်ပါသည်။

သို့ပါ၍ ဒေါ်တင်မို့မို့လွင်နှင့် အပေါင်းပါများအပေါ် ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ထပ်မံကြေညာအပ်ပါသည်။

ဦးမြင့်သဏ်း (စဉ်-၄၅၉၂)
တရားလွှတ်တော်ရှေ့နေ

1။ Chief Accountant (မ) - (၁) ဦး
- B.Com (သို့) ACCA (သို့) CPA [illegible]
- Financial Account [illegible]

2။ Senior Accountant (မ) - (၂) ဦး
- B.Com (သို့) LCCI Level III [illegible]

3။ Junior Accountant (မ) - (၂) ဦး
- B.Com (သို့) LCCI Level III [illegible]

4။ Secretary (မ) - (၁) ဦး
- [illegible] computer [illegible]

5။ Sale Executive (မ) - (၅) ဦး
- [illegible]

6။ Sale & Marketing (ကျား/မ) - (၂) ဦး
- Sale & Marketing [illegible]

7။ Graphic Designer (မ) - (၂) ဦး
- Adobe Photoshop, CorelDRAW, Adobe Illustrator software [illegible] Advertisement Design [illegible]

8။ Office Staff (မ) - (၂) ဦး
- [illegible] Microsoft Office, DTP, Graphic Design [illegible]

[illegible]

Treasure Star Co., Ltd.

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
နေပြည်တော်။ ၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၁ ရက် (၂၀၁၃ ခုနှစ် မေလ ၁၀ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ၂၀၁၃ ခုနှစ် ဇွန် ၁၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အကြိမ်(၅၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်းတွဲများ လျှောက်လွှာလက်ခံခြင်းကို ၂၀၁၃ ခုနှစ် မေလ ၁၅ ရက်အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ ကျောက်စိမ်းတွဲများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများကို ၂၀၁၃ ခုနှစ် မေ ၃၁ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေးမြို့တွင် အခြေပြုသည့် ကျောက်မျက်တူးဖော်ရေးဌာန၊ မန္တလေး(စခန်းရုံး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြု ရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ကတ္တရာများကို (မြန်မာငွေကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ကတ္တရာ (၈၀/၁၀၀)	၁၇၃၂.၅၅ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၇-၅-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်သည့်အချိန် - မွန်းတည့် ၁၂:၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၃-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - အင်ဂျင်နီယာမှူးကြီး(ရုံး)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
မန္တလေးတိုင်းဒေသကြီး၊
လမ်း၃၀၊ ၇၀×၇၁လမ်းကြား၊
ဖုန်း-၀၂-၃၉၁၈၆၊ ၀၂-၃၉၁၈၄

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကြော်ငြာ

ဝမ်းနည်းခြင်း (rendered heading below)

ဝူလာယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ် လီမိတက်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူ ဦးအောင်ကိုဝင်း သည် (၃၀ - ၄ - ၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံ့ဂုဏ်ဆောင်ဘွဲ့ (နိုင်ငံတော်အတွက် အမွန်တကျွာ တာဝန် အများဆုံး သယ်ပိုး ထမ်းဆောင်ခဲ့သည့် ထုပ်ဝန်ရှင် ပထမဆု) အား ချီးမြှင့်ခံရခြင်း အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုး အကျိုးကို ဆောက်ထမ်းပိုး ပိုမို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဧရာဝတီဘဏ်လီမိတက်

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဓနင်ကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူ ဦးချစ်နိုင် သည် (၃၀ - ၄ - ၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံ့ဂုဏ်ဆောင်ဘွဲ့ (အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင်ဆု)အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင် ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကိုဆောက် ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မက်စ်မြန်မာ ကုမ္ပဏီများအုပ်စု

ပြည်တွင်းသတင်း

ဒုတိယအကြိမ်ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

၂၀၁၀ ခုနှစ်က ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်(၆၄/၂၅၅) အရ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်ကို ယာဉ်လမ်းအန္တရာယ် ကင်းရှင်းရေး ဆယ်စုနှစ်အဖြစ်သတ်မှတ် အတည်ပြုခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးကလည်း ၂၀၁၁ခုနှစ် မေ ၁၁ ရက်တွင် ဆယ်စုနှစ်စတင်ခြင်း အခမ်းအနားများကို ကျင်းပခဲ့ကြကြောင်း သိရသည်။ယင်းနောက်ပိုင်း၌ ကမ္ဘာပေါ်တွင် ယာဉ်အန္တရာယ် ကင်းရှင်းလျော့ပါးစေရေးအတွက် ကုလသမဂ္ဂဝင်နိုင်ငံအသီးသီးက အရှိန်အဟုန်မြှင့်ဆောင်ရွက်လာခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆယ်စုနှစ်၏ ရည်မှန်းချက်မှာ ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးနေရသူအပေါင်းမှ ငါးသန်းခန့်ကို ကာကွယ်တားဆီးပေးရေးပင် ဖြစ်သည်ဟု ဆိုထားသည်။

ယနေ့ကမ္ဘာပေါ်တွင် နှစ်စဉ် ယာဉ်တိုက်မှုကြောင့် လူပေါင်း ၁ ဒသမ ၂၄သန်း အသက်ဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရကြောင်း ဖော်ပြထားသည်ကိုလည်းလေ့လာတွေ့ရှိရသည်။ ရာခိုင်နှုန်းတိုးမြင့်လာခြင်းကို တွေ့ရသည့်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းလျော့ပါးရေးလုပ်ငန်းစဉ်သည် အရေးတကြီးမဖြစ်မနေ။ ဆောင်ရွက်ကြရမည့်လုပ်ငန်းဖြစ်ကြောင်း သုတေသနပြုချက်အရ သိရသည်။

ကမ္ဘာ့ကုလသမဂ္ဂက ဒုတိယအကြိမ်ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်အဖြစ် ၂၀၁၃ ခုနှစ် မေ ၆ ရက်မှ ၁၂ ရက် အထိ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ ကျင်းပလျက်ရှိနေသည်။

လမ်းသွားလမ်းလာများ၏ ယာဉ်အန္တရာယ်ကင်းရှင်းရေး (Pedestrian Safety) အတွက် အဓိကထားပညာပေးရန်ဖြစ်ပြီး ရေတိုရည်မှန်းချက်အနေဖြင့် အဆိုပါ ရက်သတ္တပတ်ကာလအတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးသူ လုံးဝမရှိစေရေးပင်ဖြစ်သည်။

ဒုတိယအကြိမ် ကမ္ဘာ့လုံးဆိုင်ရာ ယာဉ်အန္တရာယ် ကင်းရှင်းရေး၏ ဆောင်ပုဒ်မှာ Road Safety is no Accidents (စုပေါင်းကာကွယ်လမ်းအန္တရာယ်ထိခိုက်မှုမှ ကင်းစေမယ်)၊ Pedestrian Safety (ခြေကျင်လမ်းအသုံးပြုသူများယာဉ်အန္တရာယ်ကင်းရှင်းရေး)ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ဦးဆောင်၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်လျက် မေ ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အတွင်း ယာဉ်နှင့်ခရီးသွားများ အသွားအလာများသည့် မြို့နယ်များအတွင်း လှုပ်ရှားဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်ရသည်။

လုပ်ငန်းစဉ်အားဖြင့် မေ ၆ ရက်တွင် ဒုတိယအကြိမ်မြောက် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားဖွင့်ပွဲကျင်းပခြင်း၊ မေ ၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ရွှေတိဂုံဘုရားလမ်းဆုံ၌ ပိုစတာစိုက်ထူပွဲ၊ မေ ၈ ရက်တွင် လူကူးမျဉ်းများ (၁၁) နေရာ၌ ခြေကျင်လမ်းအသုံးပြုသူများစနစ်တကျ သွားလာရေးပညာပေးခြင်းလုပ်ငန်း၊ မေ ၉ ရက်တွင် ခရီးသည်တင်ယာဉ်လိုင်းများ၏ ဂိတ်ရင်း၊ဂိတ်များ၌ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မေ ၁၀ ရက်တွင် ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်း လူကူးခုံးကျော်တံတားမှ ခြေကျင်လမ်းအသုံးပြုခရီးသည်များ စနစ်တကျသွားလာရေး ပညာပေးခြင်းများပြုလုပ်ခဲ့ပြီး၊ မေ ၁၁ ရက်တွင် လူကူးမျဉ်းကျား (၁၁)နေရာ၌ လမ်းကူးသူများ စနစ်တကျသွားလာရေး ပညာပေးခြင်း၊ မေ ၁၂ ရက်တွင် ယာဉ်ရပ်မှတ်တိုင်နေရာ ၃၀ ၌ ယာဉ်လုပ်သားများနှင့် ခရီးသွား ပြည်သူများကိုလည်းကောင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

လူကူးမျဉ်းကျားပေါ် ခရီးသွားပြည်သူများဖြတ်ကူးစဉ် တာဝန်ကျယာဉ်ထိန်းရဲမေတစ်ဦးက ကူညီပေးစဉ်။

ရထားခေါင်မိုးပေါ် လိုက်ပါသူ ကောလင်း-ဝန်းသိုကြား တံတားနှင့်တိုက်မိသေဆုံး

ကောလင်း မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နှင့် ဝန်းသိုမြို့ကြားရှိ ဆီးဖြူပင်တံတားမပညာ-GB-743350 တွင် မေ ၁၀ ရက် ည ၇ နာရီ ၄၅ မိနစ်က လူတစ်ဦးရထားအမိုးပေါ်မှစီးနင်းလိုက်ပါလာရင်း တံတားဖြင့် တိုက်မိကြောင်း ကောလင်းမြို့နယ်ရဲစခန်းတွင် တာဝန်မှူး ဒုရဲအုပ်သန်းဇော်တာဝန်ထမ်းဆောင်စဉ် သတင်းရရှိသဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးရာ အမှတ်(၅၆) အစုန်ရထားရိုးရိုးတန်းတွဲအမှတ်(၅) ခေါင်မိုးပေါ်တွင် စီးနင်းလိုက်ပါလာသူ ထပရ(၇၂၇) တပ်သားမျိုးလွင် (၂၅ နှစ်) ဖြစ်ကြောင်း သိရသည်။

သေဆုံးသူတပ်သားမျိုးလွင်သည် ကောလင်းမြို့နယ်နှင့် ဝန်းသိုမြို့နယ်ကြားရှိ ဆီးဖြူတံတားတွင် ည ၇ နာရီ ၄၅ မိနစ်ခန့်က အမိုးပေါ်မှစီးနင်းလိုက်ပါလာရင်း တံတားနှင့် တိုက်မိပြီး ဒဏ်ရာပြင်းထန်စွာရရှိ၍ ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ အဆိုပါ ဆေးရုံမှာပင် ည ၉နာရီ ၁၀ မိနစ်ခန့်က သေဆုံးသွားခဲ့သည်။ အဆိုပါအမှုကို ကောလင်းမြို့နယ် ရဲစခန်းမှူး ရဲအုပ်မြင့်ဝင်းက ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဝ၉၂)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် ရုံးသုံးပရိဘောဂနှင့် ရုံးသုံးစက်ကိရိယာများကို မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၄-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁၄-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၂၈၄၊ ၀၆၇-၄၁၃၂၈၅၊ Fax -၀၆၇-၄၁၃၁၈၅

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက် တန်ဖိုး (DDP နေပြည်တော်/ ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Geological Equipment ၆ မျိုး
(ခ) Laboratory Equipment and Apparatus ၁၆ မျိုး
(ဂ) Drilling Equipment and Spare Parts ၁၃ မျိုး
(ဃ) စာရေးကိရိယာနှင့် လုပ်ငန်းသုံးပစ္စည်းများ ၈၀ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၂၀-၅-၂၀၁၃ရက်မှ ၁၉-၆-၂၀၁၃ရက်အထိ မွန်းတည့် ၁၂နာရီအတွင်း မည်သူမဆို လွတ်လပ်စွာ တင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနခွဲ
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၄၀၇၉

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
(ကြေညာချက်)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ၂၀၁၂-၂၀၁၃ခုနှစ် ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၂၇-၅-၂၀၁၃ရက်တွင် ရုံးချိန်အတွင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး၊ ကင်မွန်းစခန်း၌ တင်ဒါလက်ခံမည်ဖြစ်ပြီး ၂၈-၅-၂၀၁၃ရက် နံနက် ၁၀နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၁။ ရွှေလှောင်စက္ကူ	(၁၃တင်းအိတ်)	=	၁၅၀	အိတ်
၂။ ကန်မြေ	(မြွေခွံအိတ်ပိုင်း)	=	၅၅	အိတ်
၃။ သုတ်ဖတ်	(မြွေခွံအိတ်ပိုင်း)	=	၅	အိတ်
၄။ အဝတ်ပုဆိုး	(မြွေခွံအိတ်ပိုင်း)	=	၁	အိတ်
၅။ ရွှေကပ်ရာတွင် အောက်ခံအခင်းဖျာ	(ချပ်)	=	၉၆	ချပ်

ကျိုက်ထီးရိုးစေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကျိုက်ထိုမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား CIF(Yangon)၊ နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

Tender No.05/DHPI/Equipment/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Shotcrete Machine Aliva III	3Nos
(ခ)	Concrete Pump Truck	2Nos

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၂၈-၅-၂၀၁၃ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇွန် ၄ရက် မွန်းတည့် ၁၂နာရီဖြစ်ပြီး ၁၃:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

အမည်ပြောင်း

ဦးဇော်ဝင်းမြင့်၏သမီး ကျိုင်းတုံမြို့ အထက(၅) သတ္တမတန်းမှ မဇင်ဝင်းရတနာလှိုင်အား ယနေ့မှစ၍ မစိမ်းသဲစုစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

မစိမ်းသဲစုစံ

အမည်ပြောင်း

ဦးသန့်ဇင်ဦး၏သမီး အထက(၅) ဗိုလ်တထောင် ဆဋ္ဌမတန်း(C)မှ မဖူးမြတ်ပိုင်အား မခိုင်ကေဇင်သွယ်ဟု ပြောင်းလဲခေါ်ပါရန်။

မခိုင်ကေဇင်သွယ်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၇၃၂၉ Honda C 50 Custom CMR M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ခမ်း(ခ)နိုင်နိုင်ဦး ၁၃/ကတန(နိုင်)၀၈၇၁၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ငွေချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပျဉ်းမနားမြို့၊ မြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဒေါ်တင်မာဖြူ **နှင့်** ဦးဝင်းမောင်
တရားလို **တရားပြိုင်**

ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ ၁၉ လမ်း၊ အမှတ်-၁၂၈၂နေ ဦးဝင်းမောင် ၉/ပမန(နိုင်)၀၀၆၅၂၅၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်တင်မာဖြူ၊ နယ်မြေ ၁၆၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့က အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၂၉ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးသန့်
မြို့နယ်တရားသူကြီး
ပျဉ်းမနားမြို့နယ်တရားရုံး

ငွေချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပျဉ်းမနားမြို့၊ မြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁

ဒေါ်တင်မာဖြူ **နှင့်** ဦးခင်မောင်အေး
တရားလို **တရားပြိုင်**

ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့နှင့် ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် ၁၂၈၃နေ ဦးခင်မောင်အေး PMA-၁၄၂၂၀၀ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်တင်မာဖြူ၊ နယ်မြေ ၁၆၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့က အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၂၉ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးသန့်
မြို့နယ်တရားသူကြီး၊ ပျဉ်းမနားမြို့နယ်တရားရုံး

အမည်ပြောင်း

ရမည်းသင်းမြို့နေ ဦးဇော်လွင်ဦး၏သမီး မန္တလေးမြို့ မြတ်ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်း ဆဋ္ဌမတန်းကျောင်းသူ မထူးအိမ်လွင်အား ယနေ့မှစ၍ မစောယုသံလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မစောယုသံလွင်

အမည်ပြောင်း

ဦးမြင့်ကြိုင်-ဒေါ်မြင့်မြင့်အေးတို့၏သား တပ်ကုန်းမြို့ အလက(၄) ဗိုလ်မင်းရောင်ကျောင်း အဋ္ဌမတန်း(A)မှ မောင်မိုးထိအား မောင်ကျော်ရဲအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ရဲအောင်

အမည်ပြောင်း

ရမည်းသင်းမြို့နေ ဦးဇော်လွင်ဦး၏သား ရမည်းသင်းမြို့ မြို့မအထက်တန်းကျောင်း တတိယတန်းကျောင်းသား မောင်ကျော်သီဟအား မောင်ကျော်သီဟဇော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်သီဟဇော်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကုန်းလွင်ရွာအနီး မျက်စိဆေးရုံဆောက်လုပ်နိုင်ရန် မြေနေရာရရှိ

အောင်ပန်း မေ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ ပင်းတယသို့သွားသောမြို့အထွက် ကုန်းလွင်ရွာကွင်း၌ တောင်ပေါ်ဒေသ မျက်စိဝေဒနာရှင်များအတွက် ဆေးရုံတည်ဆောက်ရန် မြေနေရာကို ဆရာတော်ဦးသုမင်္ဂလ၏ တပည့်ဒါယိကာမတစ်ဦးက ဆရာတော်မှတစ်ဆင့် လှူဒါန်း၍ ဆောက်လုပ်မည့်နေရာများအား မေ ၈ ရက် မွန်းလွဲ ၁ နာရီက ပြသပေးအပ်ခဲ့ကြောင်း သိရသည်။

"ဒီမြေလှူဒါန်းတဲ့ ဒါယိကာမကြီးက ဒီဒေသမှာရှိတဲ့ရွာတွေမှာ မျက်ခမ်းစပ်ရောဂါနဲ့ မျက်စိရောဂါ အဖြစ်များတာကို တွေ့ရတယ်တဲ့။ အဲဒီအတွက် ဂရုစိုက်ကြပ်မတ် ကုသပေးမယ့်နေရာ အတည်တကျမရှိဘူးပေါ့။ အဲဒီတော့ သူ့ရဲ့မြေကွက်ကို မျက်စိရောဂါကုသဖို့ဆေးရုံအတွက် လှူချင်ပါတယ်။ ဘုန်းကြီးကျောင်းအတွက် ဆရာတော်တစ်ပါးကိုလည်း ချောင်းဟိုဘက်မှာ လှူထားတာလည်းရှိတယ်။ မျက်စိဆေးရုံဖြစ်မြောက်ရေးအတွက် ဦးပဥ္စင်းက ဦးဆောင်ပြီး ဆောင်ရွက်ပေးစေလိုတာနဲ့ ဒါယိကာမကြီးရဲ့အလှူဒါနမြောက်ဖို့ရယ်၊ ဒီဒေသရဲ့ ကျန်းမာရေးလိုအပ်ချက်တစ်ခုကို တစ်ဖက်တစ်လမ်းကနေ ဖြည့်ဆည်းပေးတာပါ။ ဒီနေ့ဖြစ်နိုင်ရင် မြို့မိမြို့ဖတွေနဲ့ ဆေးရုံဖြစ်မြောက်ရေးကော်မတီဖွဲ့မယ်။ မြေအတိအကျနေရာရရင် အင်ဂျင်နီယာတွေလွှတ်မယ်။ Water Supply ကအစ လျှပ်စစ် လိုအပ်ချက်တွေ အကုန်တွက်ချက်ပြီး အဆောက်အအုံပုံစံရေးဆွဲပြီးတာနဲ့ ဆက်လက်အကောင်အထည်ဖော်လို့ရပြီ။ ဆောက်လုပ်ရတာမခက်ဘူး။ နေရာသေချာဖို့နဲ့ အဲဒီနေရာကို ဆရာဝန်၊ လူနာသွားလာမှုလွယ်ကူဖို့လိုတယ်။ ဆေးရုံကို ဆရာဝန်နဲ့ လူနာကသုံးမှာ။ ဦးပဥ္စင်းတို့ သုံးမှာ မဟုတ်ဘူး။ လူမမာနဲ့ ဆရာဝန်အဆင်ပြေမှုကို ဦးပဥ္စင်းတို့ စဉ်းစားကြတာ။ သွားလာဖို့လမ်းပန်းဆက်သွယ်ရေးနဲ့ လှူဒါန်းတဲ့ဘက်ကလည်း ပြတ်ပြီဆိုရင် ဦးပဥ္စင်းတို့ အကောင်အထည်ဖော်လို့ရပြီ" ဟု ဆရာတော် ဦးသုမင်္ဂလက မိန့်ကြားရှင်းပြသည်။

တောင်ပေါ်ဒေသဖြစ်သော အောင်ပန်းမြို့သည် တောင်ကြီး၊ ပင်းတယ၊ လွိုင်ကော်၊ သာစည် စသည့် တောင်ပေါ်မြေပြန့်လမ်းဆုံနေရာဖြစ်၍ မျက်စိဝေဒနာရှင်များ မြို့ကြီးများသို့အချိန်ကုန်၊ ငွေကုန်ကြေးကျများစွာဖြင့် သွားရောက်ကုသကြရပြီး စိုက်ပျိုးရေးဖြင့် အေးချမ်းစွာဘဝမြှုပ်နှံကြသည့်ဒေသဖြစ်သောကြောင့် လမ်းဆုံမြို့တွင် မျက်စိဆေးရုံဆောက်လုပ်ဖွင့်လှစ်နိုင်ပါက နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေသည့်အပြင် ပြည်သူတို့၏ ကျန်းမာရေးအတွက် အကျိုးရှိခြင်းကြောင့် ဆရာတော်အား အောင်ပန်းမြို့ခံတို့က သာဓုခေါ်ဆိုလျက် ဆေးရုံဖြစ်မြောက်ရေး စိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။

(၁၆၄)

ဖန်းမော်မြို့ နာရီစင်ကြီး နာရီများတပ်ဆင်ထားပြီ

ဖန်းမော် မေ ၁၃

ဖန်းမော်မြို့ နာရီစင်ကြီးကို နာရီများတပ်ဆင်ပေးစေလိုကြောင်း မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍ၌ မေ ၃ ရက်က ဖော်ပြပါရှိခဲ့ရာ မေ ၄ ရက်က နာရီစင်ကြီး၏ လေးမျက်နှာတွင် နာရီများတပ်ဆင်ပေးထားပြီးဖြစ်ကြောင်း တွေ့ရှိရသည်။ **(အပေါ်ပုံ)** **(ဆီမီးခုံ-နန်းရီ)**

မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီးသို့ ကရုဏာစမ်းရေအဖွဲ့မှ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

မော်လမြိုင် မေ ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း၌ မေ ၉ ရက် နံနက် ၁၀ နာရီက လူမှုရေးအသင်းအဖွဲ့ဖြစ်သည့် ကရုဏာစမ်းရေအဖွဲ့က ဆေးရုံသုံး စက်ကိရိယာများနှင့် ဆေးရုံသုံးပစ္စည်းများလှူဒါန်းခဲ့သည်။

လှူဒါန်းပွဲကို မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဇေယျ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကရုဏာစမ်းရေအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစံဖေ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ လှူဒါန်းသောပစ္စည်းများမှာ အောက်ဆီဂျင်နှစ်လုံး ငွေကျပ် ၉၆၀၀၀၀ ၊ သွေးရေကြည်ထုတ်စက်သုံးလုံး ငွေကျပ် ၁၈၀၀၀၀၀၊ ကလေးခွဲစုပ်စက်တစ်လုံး ငွေကျပ် ၁၃၀၀၀၀၊ ရင်ကျပ်ဆေးရှူစက်တစ်လုံး ငွေကျပ် ၄၉၀၀၀၊ သွေးပုလင်း စက် ၂၄ လုံး ငွေကျပ် ၉၆၀၀၀၀၊ သံခုတင်အလုံး ၄၀ ငွေကျပ် ၂၆ သိန်း၊ စုစုပေါင်း ငွေကျပ် ၆၄ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်ထွန်း(မော်လမြိုင်)

အင်္ဂပူ မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အနေ့ယာဉ်ဆိုက်ကားများ လိုင်စင်ဝင်ရာတွင် ယခင်က လိုင်စင်ခ၊ နံပါတ်ပြားဖိုးကျသင့်ငွေတစ်သောင်းနှစ်ထောင်ကျော်ခန့် ကောက်ခံခဲ့ရာမှ ယခုနှစ်အတွင်း ငွေကျပ် ငါးထောင်လျှော့၍ ကောက်ခံကြောင်း သိရသည်။

အင်္ဂပူမြို့နယ်တွင် အနေ့ယာဉ် ၈၆၄ စီးရှိပြီး လိုင်စင်ခလျှော့ကောက်ခံမှုနှင့်ပတ်သက်၍ အနေ့ယာဉ်လုပ်သားတစ်ဦးက "အခုလိုလိုင်စင်ခ၊ နံပါတ်ပြားဖိုးလျှော့ပြီးကောက်တာ အလွန်ဝမ်းသာပါတယ်။ ငွေငါးထောင်ဆိုတာ ကျွန်တော်တို့လို အနေ့ယာဉ်လုပ်သားတွေအတွက် နည်းတဲ့ငွေမှမဟုတ်တာ။ ဆိုက်ကားလိုင်စင်ဝင်ခါနီးရင် စိတ်ညစ်နေရတယ်။ အခုတော့ စိတ်မညစ်ရတော့ဘူးပေါ့။ အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ" ဟု သူ၏ ခံစားချက်ကို ပြောပြသည်။ **(နေလင်း-သတင်းစဉ်)**

အနေ့ယာဉ်လိုင်စင်ခလျှော့၍ အနေ့ယာဉ်လုပ်သားများဝမ်းသာ

မီးမှန်သမျှ သုံးတတ်က
မုချမီးဘေး စဉ်ကင်းဝေး

စိန်ရတနာ
Riso၊ မိတ္တူ၊ ကွန်ပျူတာ
အမှတ်(၇၆)၊ ၃၂လမ်း(အောက်)၊ ရန်ကုန်မြို့။
Ph : 1-388115, 095102750,09 730 29969
50,000/- Ks အထက်အားပေးသူများကို 5% Discount
100,000/- Ks အထက်အားပေးသူများကို 5% Discount
အပြင်အိမ်တိုင်ရာရောက် ပို့ပေးပါသည်၊
Print = 25 kyats
A4 ကျောကပ် (၁)မျက်နှာ ၆.၅ ကျပ်
အစုံ(၁၀၀)နှင့်အထက်
A4 ကျောကပ် (၁)မျက်နှာ ၆ ကျပ်

ပြင်ဆင်မှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ ကြားသိစေသည့်
အကြောင်းကြားစာ
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်တရားရုံး၌
၂၀၁၂ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၁၁၆

၁။ ဒေါ်တင်တင်အေး	နှင့်	၁။ ဒေါ်ခင်စန်း	၁၃။ ဦးမြသောင်း
၂။ ဒေါ်ခင်ပွား		၂။ ဦးသန်းညွန့်	၁၄။ ဒေါ်နွဲ့နွဲ့
၃။ ဒေါ်အေးအေးသင်း[ကွယ်လွန်သူ ဦးမောင်မောင်(ခ)ဦးကိုကို၏တရားဝင်ကိုယ်စားလှယ်]		၃။ ဒေါ်ခင်စန်းဝင်း	၁၅။ ဒေါ်ဆွေဆွေ
		၄။ ကိုတင်ဝင်းအောင်	၁၆။ ဒေါ်ခင်ချိုမြင့်
		၅။ မစုစုဝေ	၁၇။ ဒေါ်ချိုချို
၄။ ဦးအောင်ငွေ		၆။ မစန်းစန်းမင်း	၁၈။ မေသန်းဝင်း
၅။ ဦးခင်မောင်အေး		၇။ မတင်စန်းဝင်း	၁၉။ အောင်စိုးမိုး
၆။ ဒေါ်မမ		၈။ ကိုတင်ဝင်းငြိမ်း	၂၀။ မသန္တာဝင်း
၇။ ဦးချော(ခ)ဦးခင်မောင်ထွေး[ကိုယ်တိုင်နှင့် လျှောက်ထားသူ (၂)၊(၃)၊(၄)၊(၆)၊(၇)တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ- ဒေါ်တင်တင်အေး]		၉။ မစိုးစိုးလွင်	၂၁။ ကိုခိုင်ဇာဝင်း
		၁၀။ မနွယ်နီဝင်း	
		၁၁။ မသန်းဆင့်လွင်	
		၁၂။ မသန်းပြည့်လွင်(အရွယ်မရောက်သေးသူဖြစ်၍ ၎င်းတို့၏အုပ်ထိန်းသူ မစိုးစိုးလွင်)	
၈။ ဒေါ်မြမြ			
၉။ ဦးမျိုးမင်းကျော်			
၁၀။ ဒေါ်ကြည်ကြည်ခိုင်[ကိုယ်တိုင်နှင့် လျှောက်ထားသူ (၉)၊ (၁၀)တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ-ဒေါ်မြမြ]			
ပြင်ဆင်မှုလျှောက်ထားသူများ		**ပြင်ဆင်မှုလျှောက်ထားခံရသူများ**	

အမရပူရမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၄၅/၂၀၁၂)၏ ၂၀၁၂ခုနှစ် အောက်တိုဘာ ၁၆ရက်စွဲပါအမိန့်ကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ အမှတ်(၂) ဦးသန်းညွန့်၊ ၁၅လမ်း၊ ၈၁×၈၂ လမ်းကြား၊ မန္တလေးမြို့၊ လျှောက်ထားခံရသူ အမှတ်(၃) ဒေါ်ခင်စန်းဝင်း၊ ယာဉ်တော်ရပ်၊ အမရပူရမြို့၊ လျှောက်ထားခံရသူ အမှတ်(၄) ကိုတင်ဝင်းအောင်၊ (၁၃) ဦးမြသောင်း၊ (၁၄) ဒေါ်နွဲ့နွဲ့၊ ကွန်းသီးတန်းရပ်၊ အမရပူရမြို့၊ လျှောက်ထားခံရသူ အမှတ်(၅) မစုစုဝေ၊ ရွာသစ်ကလေးရပ် အမရပူရမြို့၊ လျှောက်ထားခံရသူ အမှတ်(၆) မစန်းစန်းမင်း၊ (၇) မတင်စန်းဝင်း၊ (၈) ကိုတင်ဝင်းငြိမ်း၊ ပြဿကြီးရပ်၊ အမရပူရမြို့၊ လျှောက်ထားခံရသူ အမှတ်(၉) မစိုးစိုးလွင်၊ (၁၀) မနွယ်နီဝင်း၊ (၁၁) မသန်းဆင့်လွင်၊ (၁၂) မသန်းပြည့်လွင် [အရွယ်မရောက်သေးသူဖြစ်၍ ၎င်းတို့၏အုပ်ထိန်းသူ မစိုးစိုးလွင်]၊ မြို့ဟောင်း၊ မန္တလေးမြို့၊ လျှောက်ထားခံရသူ အမှတ်(၁၅) ဒေါ်ဆွေဆွေ၊ ရွှေမင်းဝံရပ်၊ စစ်ကိုင်းမြို့၊ လျှောက်ထားခံရသူ အမှတ်(၁၆) ဒေါ်ခင်ချိုမြင့်၊ (၁၇) ဒေါ်ချိုချို၊ (၁၈) မေသန်းဝင်း၊ (၂၀) မသန္တာဝင်း၊ (၂၁) ကိုခိုင်ဇာဝင်း၊ ရှေ့တော်ပြေးရပ်၊ အမရပူရမြို့၊ လျှောက်ထားခံရသူ အမှတ်(၁၉) အောင်စိုးမိုး၊ ၈၄လမ်း၊ ဗိုလ်အိမ်မြောက်စက်၊ မန္တလေးမြို့၊ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် အမရပူရမြို့နယ်တရားရုံးမှ ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူ ဒေါ်တင်တင်အေး ပါ(၁၀)ဦးက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤပြင်ဆင်မှုကို ၂၀၁၃ခုနှစ် မေ ၂၁ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁၂ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်က ဤအမှုတွင် ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စောဝင်း)
ဒုတိယခရိုင်တရားသူကြီး
မန္တလေးခရိုင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၂

ဒေါ်ရင်ရင်မေ	နှင့်	၁။ ဦးသောင်း
		၂။ ဒေါ်သန်းသန်းလှ
		၃။ ဒေါ်နန်းခင်မေ
တရားလို		**တရားပြိုင်များ**

(၁) ဦးသောင်း၊ အမှတ်(၄၂)၊ ၂၁လမ်း၊ ၈၁×၈၂လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ၊ယခင်နေရပ်လိပ်စာ)၊ (၂) ဒေါ်သန်းသန်းလှ၊ အမှတ်(၃၁)၊ ၁၉ လမ်း၊ ၈၀×၈၁လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ (ယခုနေရပ်လိပ်စာမသိ၊ ယခင်နေရပ်လိပ်စာ)၊ (၃) ဒေါ်နန်းခင်မေ၊ အမှတ်(၁၆၃)၊ လမ်း(၂၀)၊ ၈၃×၈၆လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ၊ ယခင်နေရပ်လိပ်စာ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ရင်ရင်မေက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ ၀ဒသမ ၀၅၅၁ဧက အကျယ်အဝန်းရှိ ဦးသောင်းအမည်ပေါက် ဂရန်မြေကွက်နှင့် အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ ၀ဒသမ ၀၅၅၁ဧက အကျယ်အဝန်းရှိ ဒေါ်သန်းသန်းလှအမည်ပေါက် ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် တရားလိုသာ တရားဝင် လက်ရှိထားနေထိုင်ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၂၇ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်ဝါဝါသိန်း)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

သြဂဲနစ်သစ်မွှေး
စိုက်နည်း၊ ပျိုးနည်း
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးပင်များ လိုသလောက်ဖြန့်ချိပေးနေပါသည်။
ဝင်းသစ်မွှေး 09-5117226

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇စီ၁၊ မြေကွက်အမှတ် ၁၅၉၊ မြေကွက်တည်နေရာအမှတ် ၅၊ အရှေ့ကုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ဒေါ်လှကြွယ်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်လှကြွယ်နှင့် ခင်ပွန်းဦးဟိန်းတို့ ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် ၁၁၈(၁၄-၁-၁၃)ဖြင့် ဒေါ်စိန်လှ ၁၂/စခန(နိုင်)၀၀၆၃၇၀၊ ဒေါ်ခင်သန်းတင့် ၁၂/သကတ(နိုင်)၀၁၆၀၆၉၊ ဒေါ်လှသိန်း ၁၂/စခန(နိုင်)၀၀၆၂၉၁တို့က ပိုင်ဆိုင်ပြီး ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၅၆၃၊ မြေကွက်တည်နေရာအမှတ် ၅၆၃၊ မြရတနာ(၂)လမ်း၊ ၂၄ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကြီးမြင့် ၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့်ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆က တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၈/၃ ရှိ မြေကွက်အမှတ်(၃၂-က) အမည်ပေါက် ဦးခင်မောင်ထွန်း ၁၂/လကန(နိုင်)၁၃၀၂၂၀၊ မြေကွက်အမှတ် ၃၂-ခ အမည်ပေါက် ဦးကျော်လင်း ၁၂/ဒဂတ(နိုင်)၀၂၁၄၈၄ နှင့် မြေကွက်အမှတ် ၁၁၄-ခ အမည်ပေါက် ဦးသိန်းအောင် ISN-၃၇၀၃၈၀တို့ထံမှ ဝယ်ယူထားသူ ဦးစောကျော်အောင် ၁၂/သဃက(နိုင်)၁၁၇၇၆၈မှ မြေချပါမစ်ပြုလုပ်ပေးပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်များပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/နောက်၊ မြေကွက်အမှတ် ၆၄၁၊ မြေကွက်တည်နေရာအမှတ် ၆၄၁၊ ရွှေပြည်သာလမ်း၊ ၆/နောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးငွေထွန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးငွေထွန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ကျင်မြိုင် ၁၂/သကတ(နိုင်)၁၁၉၆၄၅က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၁၈၇၁ အမည်ပေါက်ဒေါ်သန်းသန်းချစ် ၁၂/သလန(နိုင်)၀၀၈၈၉၆၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးနေဝင်း ၁၂/သလန(နိုင်)၀၄၀၉၁၈က မြေကွက်စလစ်မူရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

နယ်သတင်းနှင့်ဓါတ်ပုံ

ခုံဆင့်-ဗန်းမော်-တာပိန် မြစ်ကူးတံတားဖွင့်ပွဲကျင်းပ

ဗန်းမော် မေ ၁၃

ဗန်းမော်ခရိုင် ခုံဆင့်-ဗန်းမော်-တာပိန် မြစ်ကူးသစ်သားတံတားဖွင့်ပွဲ အခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက ခုံဆင့်ကျေးရွာသစ်သား တံတားမုခ်ဦး၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မိုးမောက်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်၊ မိုးမောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ မိုးမောက်မြို့နယ် ခုံဆင့်ကျေးရွာတံတားဆောက်လုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် မြစ်ကူးတံတားပေါ်သို့ လမ်းလျှောက်ကြည့်ရှုစစ်ဆေးကြသည်။ ခရိုင်အုပ်ချုပ်ရေးမှူး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တံတားဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့သည် ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ကမ္ဘည်းမှတ်တိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး မုခ်ဦးရှေ့တွင် ပြည်သူများနှင့်တွေ့ဆုံ၍ ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ သစ်သားတံတားသည် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေရှိသည်။ ကချင်ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုငွေကျပ် သိန်း ၄၀၀၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၉၁ သိန်း၊ စုစုပေါင်းငွေကျပ် ၄၉၁ သိန်း ကုန်ကျသည်။ ဇန်နဝါရီ ၁ ရက်မှစတင်၍ တည်ဆောက်ခဲ့ရာ မတ် ၃၁ ရက်တွင် ပြီးစီးခဲ့သည်။ အဆိုပါတံတားတည်ဆောက်ပေးသည့်အတွက် တာပိန်မြစ်တစ်ဖက်ကမ်းရှိ ကျေးလက်ဒေသများမှ ပြည်သူများတံတားကိုဖြတ်၍ ဗန်းမော်သို့လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းပန်းတသာရှိနေကြသည်။ **(ဆီမီးခုံ-နန်းရီ)**

နယ်လှည့်ဓမ္မကထိက လူမှုကူညီရေးအသင်းသို့ ကားလှူဒါန်း

စဉ့်ကိုင် မေ ၁၃

စဉ့်ကိုင်မြို့နယ် ညောင်ပြရွာ ရွှေစည်းခုံတောရ မိုးကုတ်ဝိပဿနာ ပြန့်ပွားရေး ပဋိပတ္တိရိပ်သာမှ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဝဏ္ဏိတ၏ သက်တော် (၄၁ နှစ်)ပြည့်မွေးနေ့ ဝိဇာတမင်္ဂလာ အခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက စဉ့်ကိုင်မြို့နယ် ညောင်ပြရွာ ရွှေစည်းခုံစေတီတော် မိုးကုတ်ဝိပဿနာ ပြန့်ပွားရေးဓမ္မရိပ်သာ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ညောင်ပြ၊ မက္ခရာ၊ ကျွန်းဦး၊ စဉ့်ကိုင်မြို့ပေါ်တို့မှ ယောဂီများ၊ ညောင်ပြကျေးရွာအုပ်စု လူမှုကူညီရေးအသင်းအဖွဲ့ဝင်များ၊ ပင့်ဖိတ်ထားသော သံဃာတော်များ၊ အလှူရှင်များနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

ပရိတ်တရားများချီးမြှင့်ပြီးနောက် ကြွရောက်လာသော သံဃာတော်များအား ဆရာတော်က သင်္ကန်းဒွိစုံများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ အခမ်းအနားအပြီးတွင် ညောင်ပြကျေးရွာအုပ်စု(ညောင်ပြ၊ မက္ခရာ၊ ကျွန်းဦး) လူမှုကူညီရေးအသင်းအတွက် HIACE အမျိုးအစား ကားတစ်စီးကိုလှူဒါန်းရာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်က ကားကိုလက်ခံရယူခဲ့သည်။ ကား၏တန်ဖိုးမှာ ငွေကျပ် ၄၅ သိန်း ဖြစ်ကြောင်း သိရသည်။ **(၁၆၀)**

မုးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းသို့ အလှူငွေလှူဒါန်း

ရန်ကုန် မေ ၁၃

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ဆဋ္ဌမအကြိမ် ကျပန်းစကားပြော၊ ကဗျာရွတ်ဆိုနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစပ်ပြိုင်ပွဲတို့အတွက် မေ ၁၁ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း(ရုံးချုပ်)၌ အလှူရှင် သုခမ္မသီဂီ ဒေါက်တာမြသီတာဆွေတင်က ငွေကျပ် ၄၅ သိန်းနှင့် တူညီစိတ်ထား ဖြူစင်မေတ္တာအဖွဲ့က ငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူဆယ်၌ အမည်မသိသေနတ်သမားကြောင့် တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

မူဆယ် မေ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့် ခြောက်မိုင်ခန့်အကွာ တုန်ခန်ရွာမှ ကျိန်စမ်းကျော့ လွယ်အင်ရွာသွား လမ်းခွဲအနီး ဟိုနောင်ရွာ အကြားတွင် မေ ၉ ရက် နံနက် ၈ နာရီခွဲက တုန်ခန်ရွာမှ ဟိုနောင်ရွာသို့ ဆိုင်ကယ်ဖြင့် စီးနင်းလာသော မောင်သက်လွင်ဦး(၂၄ နှစ်)နှင့် ဇနီးဖြစ်သူ မနွယ်ဝေလှိုင် (၂၆ နှစ်)တို့အား ကားလမ်းဘေးတောင်စောင်းမှ အမည်မသိသေနတ်သမားများက ပစ်ခတ်သောကြောင့် သေနတ်ထိမှန် ဒဏ်ရာရ ထွက်ပြေးနိုင်ခဲ့သော်လည်း ဟိုနောင်ရွာမှ တုန်ခန်ရွာသို့ ဆိုင်ကယ်စီးနင်း လာသော မောင်ထွန်းရင်(၂၅ နှစ်)သည် ဆက်လက်ပစ်ခတ်နေသော သေနတ်ကျည်က ဦးခေါင်းကိုထိမှန်သောကြောင့် နေရာတွင် သေဆုံးသွားခဲ့သည်။ မောင်သက်လွင်ဦးနှင့် မနွယ်ဝေလှိုင်တို့သည် ဒဏ်ရာများရရှိပြီး မူဆယ်မြို့ ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေကြရသည်။ **(ယာပုံ)**

"ကျွန်တော်တို့က မြစ်ဝကျွန်းပေါ် ရေကြည်၊ ငါးသိုင်းချောင်းဘက်က ဒီမှာ အလုပ်လာလုပ်ကြတာပါ။ ကြားရသလောက် သက်လွင်ဦးတို့ ဇနီးမောင်နှံက မူဆယ်ဈေးသွားပြီး ဟိုနောင်ရွာ ပြန်လာတုန်း အပစ်ခံရတာပါ။ သေသွားတဲ့ တိုင်းရင်းသားလူငယ်ကတော့ ဟိုနောင်ကနေ တုန်ခန်ရွာကို သောက်ရေသယ်လာရင်း အပစ်ခံလိုက်ရတာ လို့ကြားပါတယ်။ ကျွန်တော်တို့ ဒီလမ်းကိုသွားနေတာ ရင်တထိတ်ထိတ်ဖြစ်နေပါပြီ။ နေရပ်ပြန်ဖို့တောင် စဉ်းစားနေရပါပြီ"ဟု ဈေးရောင်းသည့် အမျိုးသားတစ်ဦးက ဖွင့်ဟပြောကြားသည်။

သိန်းဇော်(ရွှေလီဦး)

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၀၀၂)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါက်တာမို့မို့ထွန်းထံမှ စာချုပ်စာတမ်းများဖြင့်ဝယ်ယူထားသူ ဦးဘဝင်း ၁၂/ကတတ(နိုင်)၀၁၄၃၈၀က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂/ဂုဏ်တန်တောင်၊ မြေကွက်/ဦးပိုင်အမှတ် ၄^{၈/၁}၊ ဧရိယာ ၀ ဒသမ ၉၁၇ ဧကရှိ ဦးဘချစ်အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးစိုးသန်း (ပါ-၆) ၉/ပမန(နိုင်)၀၁၃၈၄၈ (ဘ)ဦးဘချစ်က ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်း/ရပ်ကွက်အမှတ်-၁၅/မင်းခေါင်၊ ဦးပိုင်အမှတ် ၁၈၂၊ ဦးဝင်းမြင့်သိန်းအမည်ဖြင့်ပိုင်ဆိုင်သော အစိုးရမြေမျိုး မြေကွက်အား အမည် ဦးဝင်းမြင့်သိန်း ၉/ပမန(နိုင်)၀၁၁၈၂၈ (ဘ)ဦးဟန်စိုးက ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး မြေငှားဂရန်စာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်း/ရပ်ကွက်အမှတ် ၉/ဗန္ဓုလ၊ ဦးပိုင် ၂၃^{က}၊ ဒေါ်သရဖီစံအမည်ဖြင့်ပိုင်ဆိုင်သော အစိုးရမြေမျိုး မြေကွက်အား ဒေါ်သရဖီစံ ၉/တကန(နိုင်)၀၀၂၇၄၀ (ဘ)ဦးစံကြည်က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မြေငှားဂရန်စာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (မြို့သစ်-ခ)၊ မြေကွက်အမှတ် (၁၄၆-က)၊ အလျား ပေ၂၀×အနံပေ ၆၀ခန့် ဧရိယာ ၀ ဒသမ ၀၂၈ ဧက ကျယ်ဝန်းသော ဒေါ်တင်တင်ဌေးအမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ခ)ရပ်ကွက်၊ ၆ လမ်း၊ အမှတ် ၁၅၈(ခ)ဟုခေါ်တွင်သော နေအိမ်အပါအဝင် သက်ဆိုင်ဆက်နွယ်သည့် အကျိုးခံစားခွင့်အားလုံးကို စီမံခန့်ခွဲရောင်းချခွင့်ရှိသူ ပိုင်ရှင်ဒေါ်ခင်ခင်မြင့် ၁၂/လမတ(နိုင်)၀၁၆၅၃၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်၊ မြေတို့နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း အထောက်အထားမူရင်းနှင့်အတူ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးမြင့် LL.B, D.B.L, WIPO 201, GENEVER
(တရားလွှတ်တော်ရှေ့နေ-၆၇၂၈)
တိုက်-၉/၁၁၊ ၂၀၃-ဘီ၊ ၃၆လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၉၉၁၆၁

စက်ရုံနှင့်လုပ်ငန်း ရောင်းရန်ရှိသည်

လက်ရှိလည်ပတ်နေသော အရက်ချက်စက်ရုံ၊ သကြားစက်ရုံနှင့် အရက်လုပ်ငန်းကို ရောင်းချရန်ရှိသည်။ (ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်၊ ပွဲစားမလို။)

ဆက်သွယ်ရန် ဖုန်း-၀၉-၅၂၁၂၈၅၈၊
၀၈၁-၂၁၂၁၁၅၃

'အမေ့ဆေး'
အမှတ်တံဆိပ်

မှတ်ပုံတင်ပြီး

ဆီးချို သွေးချို
သောက်ဆေး

ပင်ရင်း - အမှတ် (၃၁)၊ (၁၂၂)လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁-၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉-၇၃၂၀၀၉၇၀

မဂ္ဂလာမိတ်ဆွေ မယ့် ခိုနဲဒေါ်မှု အသစ်တွေ အတွက် သင် ပြင်ဆင်နေပြီလား ? EDUMAP ရှိတယ်
English Knowledge Thinking
EDUMAP Language Centre 095191046
တိုက်(၁)၊အခန်း(၁၈)ပထပ်၊လှည်းတန်းလမ်းဆုံအနီး။ ☎ 505965

လျှော့ဈေးဖြင့်ရောင်းမည်။
ပါကေးဆိုဒ်စုံ
စပါးခွဲမီးစက် (50Hp)
Ph - 02-5153175, 5153715
02-68860,01-592257
09- 91038394

အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်နှင်းမာဟာရီ ၉/မကန(နိုင်)၀၈၄၅၆၀ နှင့် မသီတာ(ခ)ပူနမ် ၉/မကန(နိုင်)၁၂၉၇၆၂ တို့အား ၂၀-၁၂-၂၀၁၂ရက် မြန်မာ့အလင်းသတင်းစာပါ အမွေပြတ်စွန့်လွှတ်ခြင်းအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

ဖခင် - ဦးအေးဒူးကူးမား
၉/မကန(နိုင်)၀၆၈၄၈၆

ဇနီးမယားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်ဦးမင်းလွင်ဦး၏ဇနီး ဒေါ်နန်းသီတာမိုး ၁၃/သပတ(နိုင်)၀၄၁၈၅၆ သည် အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ ၁၂ နှစ်အရွယ် သမီးငယ်နှင့်အတူ ထားခဲ့၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့သည်မှာ နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ နောက်နောင် ဒေါ်နန်းသီတာမိုးနှင့်ပတ်သက်သော မည်သည့်ကိစ္စမျှ ကျွန်တော်ဦးမင်းလွင်ဦးနှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ ဇနီးမယားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမင်းလွင်ဦး ၁/မညန(နိုင်)၀၈၄၉၇၂

ခင်ပွန်းအဖြစ်မှမသက်ဆိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေ မတင်ဇာဖြိုးဆင့် ၁၂/လမန(နိုင်)၁၃၁၉၉၂၊ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ ဘုရင့်နောင်အိမ်ရာ၊ အခန်း ၁၈၃ နေထိုင်သူ၏ခင်ပွန်း ဦးစိုးစည်သူကျော် ၁၂/ကမရ(နိုင်)၀၅၃၀၀၉ နှင့် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသဖြင့် ၎င်းသည် ၁၃-၁၂-၂၀၀၄ရက်တွင် ထွက်သွားခဲ့ပြီးနောက် ဤကြေညာသည့်ရက်အထိ နေအိမ်သို့ ပြန်မလာတော့ပါ။ ကျွန်ုပ်၏မိတ်ဆွေ မတင်ဇာဖြိုးဆင့်သည် ခင်ပွန်းဖြစ်သူ ဦးစိုးစည်သူကျော်အား ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ၎င်းအား ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝသည်လည်း တာဝန်မရှိကြောင်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်ခင်ခင်သန်း B.A, D.A, H.G.P
ဥပဒေအကျိုးဆောင်ရှေ့နေ (စဉ်-၇၇၃၁)
အမှတ် (၁) သစ်ဆိုင်ဝင်း၊ အင်းစိန်လမ်းမကြီး၊
(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရှေ့တန်းရောက်ဒဏ်ရာရ တပ်မတော်သားနှင့် ပြည်သူများကို ထောက်ပံ့ငွေပေးအပ်

မူဆယ် မေ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ဒေသအတွင်း မေ ၉ ရက်က ပုံမှန်နယ်မြေကွင်းဆင်းနေစဉ် လက်နက်ကိုင်များ၏ ချောင်းမြောင်းပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသော တပ်မတော်သားလေးဦးနှင့် ကျေးရွာနေအိမ်တွင်းနှင့် ပြည်ထောင်စုလမ်းမပေါ်တွင် ပုံမှန်အေးဆေးစွာ နေထိုင်သွားလာနေသူ အပြစ်မဲ့ပြည်သူငါးဦးအား ပစ်ခတ်မှုကြောင့် အတွင်းလူနာအဖြစ် မူဆယ်ခရိုင် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိရာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးနှင့်အဖွဲ့သည် မူဆယ်ဆေးရုံအထူးကုသဆောင်သို့ မေ ၁၁ ရက် နံနက် ၁၁ နာရီက သွားရောက်အားပေးစကားပြောကြားခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့် လိုက်ပါလာသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ မူဆယ်မြို့ ကရုဏာဖောင်ဒေးရှင်းအသင်း စေတနာရှင်အသင်းတို့က လှူဒါန်းသော ထောက်ပံ့ငွေများကို တပ်မတော်သားတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ စီနှင့် ပြည်သူအရပ်သားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီကို ကိုယ်တိုင်လက်ရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

အယ်စိုး(iprd)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အထူးကုဆရာဝန်များ ပြန်လည်ဖြည့်ဆည်းပေးရန်လို

သီပေါ မေ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ရပ်ကွက် (၁၁)ရပ်ကွက်၊ ကျေးရွာအုပ်စု (၆၇)အုပ်စု၊ ကျေးရွာပေါင်း ၄၇၀ ဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ၁၃၃၇၄၅ ဦး နေထိုင်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အလျား ပေ ၂၂၀၊ အနံပေ ၉၀၊ အမြင့် ၁၀ ပေ၊ သံကူကွန်ကရစ်အမျိုးအစား ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံသစ်ကြီး **(အပေါ်ပုံ)** ကို ငွေကျပ် ၁၀၉၅ သိန်းကျော်အကုန်အကျခံကာ တည်ဆောက်ပေးခဲ့သည့်အပြင် အထွေထွေရောဂါကုသမားတော်၊ သားဖွားနှင့် မီးယပ်အထူးကု၊ ကလေးအထူးကုသည့် ဆရာဝန်ကြီးများကိုပါ ခန့်အပ်တာဝန်ပေးခဲ့သည်။

သို့သော်လည်း ဖော်ပြပါ အထူးကုသမားတော်ကြီးများသည် ခွင့်ယူပြီး ပြန်လည်ရောက်ရှိမလာခြင်း၊ ပြောင်းရွှေ့သွားသော်လည်း ပြန်လည်အစားထိုး ခန့်အပ်မပေးခြင်း စသည့် အကြောင်းများကြောင့် ဒေသခံတိုင်းရင်းသား ဝေဒနာရှင်များအနေဖြင့် ပြင်ဦးလွင်၊ မန္တလေး၊ ရန်ကုန် စသည့် မြို့ကြီးများသို့ အချိန်ကုန်၊ လူပန်းသွားရောက်ရသကဲ့သို့ အချို့အရေးကြီးလူနာများ ခရီးပန်းဒဏ်ကို မခံနိုင်သဖြင့် လမ်းခရီးတွင် ရေတိမ်နစ်ရသည့် အဖြစ်မျိုးနှင့် ကြုံတွေ့ရင်ဆိုင်နေကြရသည်။

ထို့ကြောင့် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများကို ဒေသခံပြည်သူများက မျှော်လင့်လိုလားတောင့်တလျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

ဆင်းဂါးဘီယာများဖမ်းမိ

ဝေါ မေ ၁၃

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်းအသစ်ဆုံရာ မဟာဗျူဟာလမ်းဆုံတွင် မေ ၉ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က Mobile Team လရ-၂ ညွှန်မှူးနှင့် ပူးပေါင်းအဖွဲ့သည် တရားမဝင် ကုန်ပစ္စည်းများတင်ဆောင်လာသော မော်တော်ကားများကို ရပ်တန့်စစ်ဆေးစဉ် ကျိုက်ထိုဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အောင်မင်းဆွေ မောင်းနှင်လာသော ယာဉ်အမှတ် ၆င/---- အေဒီဘင် ကိုယ်ပိုင်ယာဉ်ငယ်ကို Mobile Team တာဝန်ကျ ဝန်ထမ်းများက တားသော်လည်း ရပ်တန့်ပေးခြင်းမရှိဘဲ အန္တရာယ်ပြု မောင်းနှင်ထွက်ပြေးသွားသောကြောင့် အဆိုပါယာဉ်ကို နောက်မှ Mobile Team ယာဉ်ဖြင့် လိုက်လံဖမ်းဆီးရာ အဗျားငှက်ချေးဝင်း လမ်းဆုံတွင် ရှေ့မှပိတ်ဆို့တားဆီး၍ ဖမ်းဆီးရမိပြီး မိမိအခြေပြုရာသို့ ပြန်လည်ခေါ်ဆောင်လာကာ အဖွဲ့စုံဖြင့် ယာဉ်ပေါ်ပါ တရားမဝင်ကုန်ပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးရာ ဆင်းဂါးဘီယာ ၇၉ဖာ (၁×၂၄)= ကာလတန်ဖိုးငွေကျပ် ၉၄၈၀၀၀ ကို စစ်ဆေးတွေ့ရှိရသည့်အတွက် မော်တော်ယာဉ်နှင့် ယာဉ်မောင်းကို ဝေါရဲစခန်းက အမှုဖွင့်လုစ်ထားကြောင်း သတင်းရရှိသည်။

ဘုန်းသော်(ဝေါ)

မကွေးမြို့တော်ကြီးသို့ ဈေးကွက်ချဲ့ထွင်ကြော်ငြာလိုသည့် ကုမ္ပဏီကြီးများအတွက် ပထမဦးဆုံးအကြိမ် ထူးခြားစည်ကားစွာကျင်းပမည့်
IT, ELECTRONICS & CONSUMER PRODUCTS SHOW
မကွေးမြို့ (မြို့တော်ခန်းမ)
ပြခန်းစုံစမ်းရန်- WINNER Ph : 0950 31660, 0951 73076.

ခရစ်ယာန် (အစ္စရေး၊ ဂျော်ဒန်၊ အီဂျစ်) သုံးနိုင်ငံခရီး
ယေရှုခရစ်ဖွားမြင်ရာ ဗက်သလင်မြို့အပါအဝင် နာမည်ကြီးနေရာပေါင်းများစွာသို့-
ဇွန်လ(၁၇)မှ(၂၇)ရက်အတွင်း ခရစ်ယာန်အဖွဲ့ခရီး၊ ကျွမ်းကျင်ဆရာတစ်ပါးမှ ဦးဆောင်လမ်းညွှန်ပေးမည်ဖြစ်ပြီး၊
လူကြီးများသက်သောင့်သက်သာ ခရီးသွားလာနိုင်ရန် နောက်ဆုံးပေါ်-မာစီးဒီးကား အကောင်းစားများဖြင့်
လိုက်လံပို့ဆောင်မည်ဖြစ်သည်။ ဗီဇာ၊ လေယာဉ်လက်မှတ်၊ ဂါလီလဲတွင်အပျော်စီးလှေစီးခြင်း၊
အရှင်ပေတရု၏ငါးကင်ဖြင့်နေ့လယ်စာ စားသုံးခြင်း၊ Dead Sea တွင် ပေါလောပေါ်ရေကူးကစားခြင်း၊
ကြယ်လေးပွင့်အဆင့်ရှိဟိုတယ်ကြီးများတွင်သာတည်းခိုမည်ဖြစ်ပြီး၊ ဘူဖီးအစားအသောက်များနေ့စဉ်ပါဝင်သည်။
တစ်ဦးလျှင်-(၂၉)သိန်း(၅)သောင်းကျပ်တိတိဖြင့်၊ မေလ(၂၅)ရက်နေ့မတိုင်မီ စာရင်းအမြန်ပေးသွင်းနိုင်ပြီ။
Business Plus Travel and Tours Co., Ltd 01 518147, 09 73194300
အမှတ်(၁၄၁)၊ အခန်း(၉၀၃) ဗားဂရာကွန်ဒို၊ ဗားဂရာလမ်း၊ စမ်းချောင်း 09 73003527

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲခားမလို)
မြောက်ဒဂုံ၊(၄၃)ရပ်ကွက်၊ပုပ္ပားလမ်း။ (၄၂)ပေ × (၆၀)ပေ
၂ထပ်တိုက်၊အဝီစိရေ၊မီးစုံ၊ဂရန်အမည်ပေါက်၊အိပ်ခန်း(၃)ခန်း
A/C (၃)လုံးပါ။ Ph ပါ Over Head Tank
စတီးတိုင်ကီပါ၊ ခြံထဲတွင်ကားထားရန်နေရာရှိပြီး ခြံပြည့်မြေဖို့၊
ကွန်ကရစ်ခင်းပြီး။ Ph.0973033537/ 095057438

ဒီဇယ်၊ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
၂၁၊အနောက်မြင်းပြိုင်ကွင်းလမ်း၊
တာမွေမီးသတ်အနီး၊ရန်ကုန်မြို့
ဖုန်း- ၄၀၀၆၁၄ ၊ ၅၄၄၉၂၄၊
၀၉ ၅၀၅၂၁၁၅

ဝယ်လိုသည်
- ကားအပ်ပြီး စလစ်
-စ၊ဆမှလ၊သ၊အအထိ အပ်ကား။
ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ အရှေ့ဒဂုံစက်မှုဇုန်၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊ အမှတ် ၅၃တွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော HTUN MYINT HTUN COMPANY LIMITED သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စာချုပ်အမှတ် ၄၃၄၃/၂၀၁၃ဖြင့် တစ်ဦးတည်းမူပိုင်အသုံးပြုရန် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ် - ၄၃၄၃/၂၀၁၃

HTUN MYINT HTUN COMPANY LIMITED သည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုအသုံးပြု၍ဂျုံခေါက်ဆွဲ၊ ကြက်ဥခေါက်ဆွဲ၊အသင့်စားခေါက်ဆွဲ(Instant Noodle)၊ကြာဆံအမျိုးမျိုးနှင့် စားသောက်ကုန်အမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး၊ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ပါချန်ပီယံ (PREMIUM QUALITY) ကုန်အမှတ်တံဆိပ်အား ယင်းလုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်သည့် စာရွက်စာတမ်းများ၊ သတင်းစာကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် Channel အမျိုးမျိုးတွင်လည်းကောင်း၊ Internet, Website စသည့် ပြည်သူလူထုဆက်သွယ်ရေးတို့တွင်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်ပိုင်အမှတ်တံဆိပ်အဖြစ် သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ် အမည် အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှိုင်မြင်း၍ဖြစ်စေ၊ ကိုးကား၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ပုံစံတူဖြင့်တုပ၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီလာအောင် LL.B, LL.M	ဦးညီနပ်	ဒေါ်ငြိမ်းချမ်းထိုက်	ဒေါ်အိအိဟိန်း
တရားလွှတ်တော်ရှေ့နေ	(စဉ်-၂၉၃၆၁)	(စဉ်-၂၈၁၅၂)	(စဉ်-၂၈၂၃၁)
(စဉ်-၇၇၂၅)			

အထက်တန်းရှေ့နေများ
အမှတ် ၅၆၃၊ အခန်း ၂၀၃/၂၊ ဒုတိယထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၃၁၀၉၊ ၀၉-၄၂၁၀၁၂၂၁၈

အမည်မှန်

လားရှိုးမြို့၊ အထက (၆)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မမိဆယ်၏အမည်မှန်မှာ မမီးကယ်ဖြစ်ပြီး (မွေးသက္ကရာဇ်-၇-၆-၁၉၉၆) ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးရန်ချန်ဖာ ၁၃/လရန(နိုင်)၁၇၀၄၉၃ ဖြစ်ပါသည်။

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၁၄၃၆ အမည်ပေါက် ဦးသန်းငွေ၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးသန်းမောင် ၁၂/တမန(နိုင်)၀၈၁၄၆၅ က မြေကွက်စလစ်မူရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့် (၂)၊ မြေကွက်အမှတ် ၈၀၇ အမည်ပေါက်ဦးမြင့်စိန် ၁၂/လမန(နိုင်)၀၉၇၆၄၁၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်တင်လှ ၁၃/လရန(နိုင်)၀၃၃၂၀၁ က မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန်(မူရင်း)တင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၈၈၄၊ မြေကွက်တည်နေရာအမှတ် ၈၈၄၊ အောင်မြေလမ်း၊ ၁၂/ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်ခင်နုအမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဒေါ်ခင်နုထံမှ အရပ်ကတိစာချုပ်ဖြင့်ရရှိသူ ဒေါ်စုစုရီ ၁၂/ဥကမ(နိုင်)၀၅၆၇၆၆ က ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်များ တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ စံရွေးကျေးရွာအုပ်စုနေ ဦးညွန့်လှိုင်-ဒေါ်ကျင်ကျင်မေတို့၏သမီး မခင်ရတနာလှိုင် ၇/သဝတ(နိုင်)၁၂၂၁၇၅ သည် မိဘနှစ်ပါးအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ဆိုဆုံးမမှုကိုမနာခံ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဖခင်-ဦးညွန့်လှိုင် ၇/သဝတ(နိုင်)၀၅၃၅၆၀
မိခင်-ဒေါ်ကျင်ကျင်မေ ၇/သဝတ(နိုင်)၀၅၅၂၃၄**

သတင်းနှင့်ကြော်ငြာ

သောက်သုံးရေခက်ခဲသော ကျေးရွာများသို့ ရေလှူဒါန်း

ရွှေဘို မေ ၁၃

ရွှေဘိုခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ရွှေဘိုမြို့နယ် ဇီးတောကျေးရွာမှ ရွှေဘုံကြီး လူငယ်လူမှုကရုဏာရှင်များအသင်းတို့ ပူးပေါင်းပြီး ဝက်လက်မြို့နယ်အတွင်းရှိ သောက်သုံးရေခက်ခဲလျက်ရှိသော တမာကန်၊ တံတားဦး၊ ပြင်တော်နှင့် စမွန်းကျေးရွာတို့သို့ မေ ၈ရက် နှင့် ၉ ရက်တို့က သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းကြသည်။

ဖော်ပြပါ ကျေးရွာများသည် နှစ်စဉ်နှစ်တိုင်း နွေရာသီသို့ ရောက်ရှိလာပါက သောက်သုံးရေ ခက်ခဲလေ့ရှိသည်။ပြီးခဲ့သည့်နှစ်က မိုးရွာသွန်းမှု အလွန်နည်းပါးသဖြင့် ရွာနီးပတ်ဝန်းကျင်ရှိ ကန်ချောင်းများရေပြတ်လတ်ပြီး နှစ်တိုင်းထက်ပို၍ သောက်သုံးရေ ပြတ်လတ်မှုနှင့် ကြုံရသည်။ အဆိုပါကျေးရွာများသို့ ရွှေဘိုခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘလွင်ဦး၊ မြို့နယ်အရာရှိ ဦးစိုးဟန်၊ ဝက်လက်မြို့နယ် ဦးစီးအရာရှိ ဦးအောင်ဇော်ထူးနှင့် ရွှေဘုံကြီး လူငယ်လူမှုကရုဏာရှင်များအသင်းမှ အသင်းသူ အသင်းသားများ ပူးပေါင်းပြီး ဌာနပိုင်ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး၊ ထော်လာဂျီနှစ်စီးတို့ဖြင့် သွားရောက်ခါ ရေဂါလန် ၈၀၀၀ကျော်ခန့် ဖြန့်ဝေလှူဒါန်းခဲ့ကြသည်။ **(အောက်ပုံ) (ဝ၅ဝ)**

မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ဂန္ဓဝေါစာစစ်ဌာန၌ မေ ၈ရက်က စတင်ကျင်းပရာ ပထမကြီးတန်းတွင်၁ဝပါး၊ ပထမလတ်တန်းတွင်ရှစ်ပါး၊ ပထမငယ်တန်းတွင် ၁၇ပါးတို့ ဝင်ရောက်ဖြေဆိုကြစဉ်။ (၁၀၁)

မိခင်နှင့်ကလေးကျန်းမာရေး ဝိုင်းဝန်းကူညီပေး

နတ်မောက် မေ ၁၃

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ်၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မိခင်မှကလေးအားHIV/AIDSကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးအတွက် မေ ၅ ရက်ညနေ၅နာရီက ဈေးရပ်ကွက်၌ရှိသော မိခင်ရောဂါရှိသူထံ အာဟာရနို့မှုန့်ဘူးများ ထောက်ပံ့ကြသည်။

အဆိုပါမိခင်မှ ကလေးအား HIV/AIDS ရောဂါကူးစက်မှုထိမ်းချုပ်ရေးမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင် ဦးဆောင်သောအဖွဲ့က နတ်မောက်မြို့ ဈေးရပ်ကွက်အတွင်း အမျိုးသမီးတစ်ဦး ရောဂါသည်မှ သားသမီးတစ်ဦး မွေးဖွားသည့်အတွက် ယခုအကြိမ် နို့မှုန့်ဘူးများ ထောက်ပံ့မှုသည် ဒုတိယအကြိမ် ပေးအပ်ခဲ့ကြောင်းသိရသည်။

ဒေသခံတစ်ဦးမှ မြို့နယ်ဌာနဆိုင်ရာများဖြင့် ပူးပေါင်း၍ HIV/AIDSရောဂါရှိသူများအား ကူညီစောင့်ရှောက်ရန်နှင့်ဆေးဝါးထောက်ပံ့မှုများလိုအပ်ကြောင်း၊ လူသားချင်းစာနာထောက်ထားသော အဖွဲ့များက ပါဝင်သင့်ကြောင်း ပြောပြသည်။ **(နတ်မောက်သား)**

ကောလင်းမြို့ ကြို့ပင်ရွာ၌ ဘိန်းမည်းနှင့် ဘိန်းဖြူများဖမ်းမိ

စစ်ကိုင်း မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ကောလင်းမြို့နယ်ကြို့ပင်ကျေးရွာတွင်ဘိန်းမည်းနှင့် ဘိန်းဖြူများဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၅ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ချောင်းနားရဲစခန်းမှစခန်းမှူးဒုရဲအုပ်သောင်း မြင့်နှင့်အဖွဲ့သည် သတင်းအရသက်သေများနှင့်အတူ မူးယစ်ဆေးဝါးဖမ်းဆီးခွင့်ဝရမ်းအမှတ်၇/၁၃ဖြင့်ကောလင်းမြို့နယ် ကြို့ပင်ရွာနေ မဝင်းမေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်၏ နောက်ဖေး မီးဖိုချောင်အတွင်းမြေတွင်းထဲမှ ငါးသေတ္တာဘူးခွံဖြင့်ထည့်ပြီး ပလတ်စတစ်ဖြင့်ထုတ်လျက် အောက်ပါသက်သေခံပစ္စည်းများ သိမ်းဆည်းရမိသဖြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားသော အမှုဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများမှာ ပလတ်စတစ်ဖြင့်ထုတ်လျက်ဘိန်းမည်းဟုယူဆရသော အလေးချိန် ၆၀ ဂရမ်တစ်ထုတ်၊ ဘိန်းဖြူဟုယူဆရသော အလေးချိန် ဝဒသမ၁၂ဂရမ်ပါပင်နီဆီလင်ပုလင်းတစ်လုံး၊ ငါးသေတ္တာဘူးခွံတစ်ခု၊ ကြွပ်ကြွပ်အိတ်တစ်လုံးတို့ဖြစ်ကြောင်း သိရသည်။

ယင်းအမှုအား အမှုစစ် ဒုရဲအုပ်သောင်းမြင့်က သက်သေများ စစ်ဆေးခြင်း၊ တရားခံအားဖမ်းဆီး စစ်ဆေးခြင်း၊ ချုပ်ရီမန်တောင်းခံခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ/မရှိစစ်ဆေးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းနှင့် ရဲလုပ်ငန်းစဉ်များပြည့်စုံအောင်ဆောင်ရွက်ထားကြောင်းသိရသည်။သို့ဖြစ်၍ တရားခံ မဝင်းမေ(၄၀နှစ်)ကျပန်း၊ ကြို့ပင်ရွာကောလင်းမြို့နယ်နေသူအား ချောင်းနားရဲစခန်းမှဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်းသတင်းရရှိသည်။ **လူအောင်(ကသာ)**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ တကောင်း ဖလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ လူနေရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ်(၉၈/က)၊ မြေအကျယ် ပေ(၆၀×၂၀) ဧရိယာ ဝ ဒသမ ဝ၂၇၅ ဧက၊ စတုရန်းပေ ၁၂၀၀ နှစ် ၆၀ ဂရန် မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းစန်းမြင့်ထံမှ ဝယ်ယူထားသူ ဦးဘသန်းဖြူ ၁၁/မပတ(နိုင်)ဝဝ၈၆၆၂ က တရားဝင်လက်ရှိ ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စပါယ် LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၁၉၊ တတိယထပ်၊ ၁၅၇ လမ်း၊
တာမွေကြီး(က+ဂ)ရပ်ကွက်၊တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-ဝ၉-၄၂၂၄၇၆၃၇၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ် ၅၉၊ လေးထပ် RCခြေရင်းဘက်ခန်း၊ သုံးလွှာ၊ လေးထပ်အခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စုမြတ်နိုင် ၁၂/အစန(နိုင်)၂ဝ၉၈၈ဝထံမှ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သရဖီတင်ညွန့် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၂၀)
တိုက် ၁၀/၁၂၊ အခန်း (၁၀၄/F)၊ ပထမထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-ဝ၉-၇၃၁၁၇၄၂၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၊ မြေကွက်အမှတ် ၂၄၅၊ မြေကွက်တည်နေရာအမှတ် ၁၂၉၊ ၇ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးအုန်းမြင့် အမည်ပေါက် နှစ်၆ဝဂရန်မြေအား အမည်ပေါက် ဦးအုန်းမြင့် ကွယ်လွန်သဖြင့် ဒေါ်တင်တင်ဝင်း ၁၂/ဥကတ(နိုင်) ဝ၄၉၂၈၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း	ဦးအပ္ပရောင်း-ဒေါ်နီလာတို့၏သား ကျွန်တော်မောင်လှထွန်း PGU -၃၂၄၇၅၈ နိုင်ငံကူးလက်မှတ်အမှတ် M ဝ၆၉၃၃၉နှင့် စာရွက်စာတမ်းများသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **အိမ်အမှတ် ၁၃/၁၀၉၊ ကျွန်းသာယာလမ်း၊ ပဲခူးမြို့**
ကျေးဇူးဆပ်ပါမည်	စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရန်ကင်း(အောင်ရိပ်သာ)ရပ်ကွက်နေ ဦးသိန်းထွန်း၊ ဒေါ်မြသိန်းတို့၏သား မောင်အောင်ကျော်ထွန်း ၅/မရန(နိုင်)၁၆၀၃၉ဝသည် ၎င်း၏ ပတ်စ်ပို့နံပါတ်မမှတ်မိ ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-ဝ၉-၄၀၀၄၅၃၁၃ဝ**

အခိုင်မာဆုံးနှင့်ယုံကြည်စိတ်အချရဆုံး
edexcel
Approved Centre No. 93711
MYANMAR NOBLE COLLEGE
ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

HND Engineering
Construction & Built Environment
(Civil Engineering)
Electrical & Electronics
Mechanical
HND Business
HND Computing (IT)

မြန်မာနိဘယ်(လ်)ကောလိပ် (Myanmar Noble College) တွင် UK နိုင်ငံ Edexcel ပညာရေးအဖွဲ့အစည်း၏အသိအမှတ်ပြု BTEC (HND)သင်တန်းများအား(၁၈.၆.၂၀၁၃)ရက်နေ့တွင်ဖွင့်လှစ်မည် ဖြစ်၍ ကျောင်းသားသစ်များကိုစတင်လက်ခံလျက်ရှိပါသည်။

ဘာသာရပ်အလိုက် Top-up Course များကို Myanmar Noble College နှင့်တိုက်ရိုက်ဆက်သွယ်ထားသည့် Singapore နိုင်ငံမှ Shelton, MDIS၊ မလေးရှားနိုင်ငံမှ INTI, Nottingham, Sunway, Taylor's University နှင့် UK / Australia နိုင်ငံများရှိ တက္ကသိုလ်များတွင်ဘာသာရပ်အလိုက် ၁-နှစ်(သို့) ၂-နှစ်တက်ရောက်၍ B.Sc(Hons)/B.E ဘွဲ့များကိုရရှိနိုင်မည်ဖြစ်ပါသည်။

မေလ(၁၅)ရက်နေ့မှစ၍ဇွန်လ(၁၅)ရက်ထိသင်တန်းတက်ရောက်မည့်သူများအား English & Mathematics ဘာသာရပ် (၂)မျိုးအား Brush up Course အခမဲ့သင်ကြားပေးပါမည်။

Contact Info : အမှတ်(၁၀၈)၊နှင်းဆီလမ်း(အထက်)၊အလုံမြို့နယ်၊ရန်ကုန်။ ဝ၁-၂၂၀၄၇၆/ဝ၉ ၇၃၁၆၃၉၇၅ ။

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ရှိ ရုံးချုပ်နှင့် တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ		လုပ်ငန်းအမည်
၁	အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)	၁	နှစ်ထပ်ရုံးအဆောက်အအုံတစ်လုံး အကြီးစားမွမ်းမံပြင်ဆင်ခြင်း၊ RC(ရေ၊ မီးအပါအဝင်)
		၂	ပြင်ပရေရရှိရေးလုပ်ငန်း (၆"Ø အဝီစိတွင်းတူးဖော်ခြင်း၊ ဂါလန် ၃၀၀၀၀ဆံ့ မြေအောက် ရေလှောင်ကန်၊ ရေစင်၊ ရေစက်ရုံ၊ ရေပန့်၊ ရေပိုက်လိုင်း)
၂	မန္တလေးတက္ကသိုလ်	၁	တက္ကသိုလ်ဝင်းအတွင်း ရေနုတ်မြောင်းများဖောက်လုပ်ခြင်း/မြောင်းဘောင်ကျောက်ကြီးစီခြင်း
		၂	အင်း၀ Theatre စာသင်ခန်းမ အကြီးစားမွမ်းမံပြင်ဆင်ခြင်း
		၃	လေးခန်းတွဲလေးထပ် အရာထမ်းအိမ်တစ်လုံးဆောက်လုပ်ခြင်း၊ RC(ရေ၊ မီးအပါအဝင်)
		၄	စာကြည့်တိုက်အသစ်ရှေ့မျက်နှာစာ သံပန်းခြံစည်းရိုးကာရံခြင်း
		၅	သိပ္ပံသုတေသနအဆောက်အအုံအဝင်အထွက် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကားရပ်နားကွင်းပြုလုပ်ခြင်း
		၆	သိပ္ပံသုတေသနအဆောက်အအုံ ချိန်းလင့်ခြံစည်းရိုးကာရံခြင်း/အုတ်ခြံစည်းရိုးကာရံခြင်း
		၇	တက္ကသိုလ်အဝင်ဂိတ်မှ ယူနီဆန်လမ်းဆုံအထိ လမ်းဘေး ဝဲ/ယာကို Hollow Pipe ဖြင့် ခြံစည်းရိုးကာရံခြင်း (ဂိတ်တံခါးအပါအဝင်)
		၈	အကယ်ဒမီစာသင်ဆောင်အဝင်အထွက် ကွန်ကရစ်လမ်းခင်းခြင်း/မြောင်းကူးကွန်ကရစ်တံတားနှစ်စင်းပြုလုပ်ခြင်း
		၉	ရှစ်ခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်တစ်လုံးဆောက်လုပ်ခြင်း၊ BN(ရေ၊ မီးအပါအဝင်)
		၁၀	လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်တစ်လုံးဆောက်လုပ်ခြင်း၊ RC(ရေ၊ မီးအပါအဝင်)
		၁၁	ခြောက်လမ်းသွားလမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်း/ပလက်ဖောင်းပြုပြင်ခြင်းနှင့် ကွန်ကရစ်တံတား နှစ်စင်းပြုလုပ်ခြင်း
၃	တောင်ကြီးတက္ကသိုလ်	၁	လေးခန်းတွဲ လေးထပ် အရာထမ်းအိမ်တစ်လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်)
		၂	ရှစ်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်တစ်လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊မီးအပါအဝင်)
		၃	သိပ္ပံသုတေသနအဆောက်အအုံ နှစ်ထပ်တစ်လုံး RC (ရေ၊ မီးအပါအဝင်)
၄	စစ်ကိုင်းပညာရေးတက္ကသိုလ်	၁	သုံးထပ်စာသင်ဆောင်နှစ်လုံး ဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်)
		၂	၁၆၀ဦးဆံ့ ကျောင်းသားအိပ်ဆောင် နှစ်ထပ် နှစ်လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်)
		၃	မီတာ (၄၀၀)ပြေးလမ်းဖောက်လုပ်ခြင်း/အုတ်ရေမြောင်းပြုပြင်ခြင်း
		၄	လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်တစ်လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်)
		၅	အမျိုးသားဆောင်အသစ်သို့သွားသည့် ကွန်ကရစ်လမ်းခင်းခြင်း
		၆	ရွှေမင်းဝံ၊ မြဇေယျာနှင့် မြဇရာအဆောင်များအား ချိန်းလင့်ခြံစည်းရိုးကာရံခြင်း၊ (ဂိတ်တံခါး ခြောက်ပေါက် အပါအဝင်)
		၇	မိုးလုံလေလုံ အားကစားရုံဆောက်လုပ်ခြင်း
		၈	(၄၀)ဦးဆံ့ ဆရာမများဆောင် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊မီးအပါအဝင်)
၅	မကွေးတက္ကသိုလ်	၁	ပါမောက္ခချုပ်နေအိမ် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	ဘက်စုံခန်းမပတ်လမ်းကွန်ကရစ်ခင်းခြင်း
		၃	ခြောက်ခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်သုံးလုံးဆောက်လုပ်ခြင်း၊ BN (ရေ၊ မီးအပါအဝင်)
		၄	မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း
		၅	သိပ္ပံသုတေသနအဆောက်အအုံနှစ်ထပ်တစ်လုံး RC (ရေ၊ မီးအပါအဝင်)
၆	မုံရွာတက္ကသိုလ်	၁	၄၀ဦးဆံ့ ဆရာမများဆောင်နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	စာသင်ဆောင်များသို့သွားသည့်လမ်း ကွန်ကရစ်ခင်းခြင်း
		၃	မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း
		၄	လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၅	အင်ဂျင်နီယာဌာနတစ်ထပ်အဆောက်အအုံဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၆	သိပ္ပံသုတေသနအဆောက်အအုံ နှစ်ထပ်တစ်လုံး RC (ရေ၊ မီးအပါအဝင်)
၇	မြစ်ကြီးနားတက္ကသိုလ်	၁	သုံးထပ်စာသင်ဆောင်သုံးလုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	နှစ်ထပ်ရုံးအဆောက်အအုံတစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၃	ပြင်ပရေရရှိရေးလုပ်ငန်း(၈"Ø အဝီစိတွင်းတူးဖော်ခြင်း/စက်တပ်ဆင်ခြင်းအပါအဝင်)
		၄	ဘွဲ့နှင်းသဘင်အဆောက်အအုံဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၅	၂၀ ဦးဆံ့ ဆရာမများဆောင်နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၆	ခြောက်ခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်နှစ်လုံးဆောက်လုပ်ခြင်း BN (ရေ၊ မီးအပါအဝင်)
		၇	လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်သုံးလုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၈	သိပ္ပံသုတေသနအဆောက်အအုံနှစ်ထပ်တစ်လုံး RC (ရေ၊ မီးအပါအဝင်)
၈	မုံရွာစီးပွားရေးတက္ကသိုလ်	၁	နှစ်ထပ်စာသင်ဆောင်သုံးလုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	သင်ကြားရေးဇုန်အတွင်းကွန်ကရစ်လမ်းခင်းခြင်း
		၃	မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း
		၄	မီတာ ၄၀၀ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း
		၅	လေးခန်းတွဲနှစ်ထပ်အရာထမ်းအိမ်သုံးလုံးဆောက်လုပ်ခြင်းRC (ရေ၊ မီးအပါအဝင်)
		၆	လေးခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်လေးလုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
၉	မန္တလေးအဝေးသင်တက္ကသိုလ်	၁	နှစ်ခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်လေးလုံးဆောက်လုပ်ခြင်း BN (ရေ၊ မီးအပါအဝင်)
၁၀	ရတနာပုံတက္ကသိုလ်	၁	သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	နှစ်ထပ်စာကြည့်တိုက်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၃	သင်ကြားရေးဇုန်အတွင်း ကွန်ကရစ်လမ်းခင်းခြင်း
		၄	မီတာ ၄၀၀ ပြေးလမ်းပါဘောလုံးကွင်းတည်ဆောက်ခြင်း
၁၁	မိတ္ထီလာတက္ကသိုလ်	၁	လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	ရူပဗေဒဆောင်သွပ်မိုးနှင့် မီးခံကျောက်ပြားမျက်နှာကြက်လဲလှယ်ခြင်း
		၃	ရှစ်ခန်းတွဲနှစ်ထပ်ဝန်ထမ်းအိမ်နှစ်လုံးဆောက်လုပ်ခြင်း BN (ရေ၊ မီးအပါအဝင်)
		၄	နှစ်ထပ်စာကြည့်တိုက်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၅	မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း
		၆	လေးခန်းတွဲတစ်ထပ်ဝန်ထမ်းအိမ်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၇	သုံးထပ်စာသင်ဆောင်နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
၁၂	ပခုက္ကူတက္ကသိုလ်	၁	သုံးထပ်စာသင်ဆောင်သုံးလုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	ဂါလန် ၁၀၀၀၀ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်ခြင်း
		၃	315 KVA Transformer တပ်ဆင်ခြင်း/လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်း
		၄	ငါးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၅	မီတာ ၄၀၀ ပြေးလမ်းပါဘောလုံးကွင်းတည်ဆောက်ခြင်း
၁၃	မိတ္ထီလာစီးပွားရေးတက္ကသိုလ်	၁	နှစ်ထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	နှစ်ထပ်ဆရာမများဆောင်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၃	ကျောင်းဝင်းအတွင်းလမ်းများကွန်ကရစ်ခင်းခြင်း
		၄	ဝန်ထမ်းအိမ်ရာအဝင်မြေလမ်းအား ကွန်ကရစ်ခင်းခြင်း
		၅	နှစ်ထပ်စာကြည့်တိုက်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၆	မီတာ ၄၀၀ ပြေးလမ်းပါဘောလုံးကွင်းတည်ဆောက်ခြင်း
		၇	မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း
		၈	မိုးလုံလေလုံအားကစားခန်းမ Chain Link ကာရံခြင်း
	မိတ္ထီလာစီးပွားရေးတက္ကသိုလ်	၉	အရာရှိအိမ်ရာအဝင်လမ်းကွန်ကရစ်ခင်းခြင်း
		၁၀	ပင်မဆောင်နှင့် ဆရာမများဆောင်ဆက်သည့်လမ်းကွန်ကရစ်ခင်းခြင်း
၁၄	ကျောက်ဆည်တက္ကသိုလ်	၁	လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာနှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	200 KVA Transformer တပ်ဆင်ခြင်း
		၃	နှစ်ထပ်စာကြည့်တိုက်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၄	သင်ကြားရေးဇုန်မှ အားကစားရုံအထိ ကွန်ကရစ်လမ်းခင်းခြင်း
		၅	နှစ်ထပ်စာသင်ဆောင် နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
၁၅	ကလေးတက္ကသိုလ်	၁	အရာရှိနေအိမ်တစ်ထပ်ငါးလုံးဆောက်လုပ်ခြင်း(ရေ၊ မီးအပါအဝင်)
		၂	နှစ်ထပ်စာကြည့်တိုက်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၃	315 KVA Transformer တပ်ဆင်ခြင်း/လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်း
		၄	ပြင်ပရေရရှိရေးလုပ်ငန်း(၈"Ø အဝီစိတွင်းတူးဖော်ခြင်း၊ ဂါလန် ၃၀၀၀၀ဆံ့ မြေအောက် ရေလှောင်ကန်၊ ရေစက်ရုံ၊ ရေပန့်အပါအဝင်)
		၅	ကျောင်းဝင်းအတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း
		၆	မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း
		၇	မီတာ ၄၀၀ ပြေးလမ်းပါဘောလုံးကွင်းတည်ဆောက်ခြင်း
		၈	အင်ဂျင်နီယာဌာနတစ်ထပ်ရုံးအဆောက်အအုံဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
၁၆	လွိုင်ကော်တက္ကသိုလ်	၁	ကျောင်းဝင်းအတွင်းလမ်းများကွန်ကရစ်ခင်းခြင်း
		၂	လေးခန်းတွဲနှစ်ထပ်ဝန်ထမ်းအိမ်နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
၁၇	လားရှိုးတက္ကသိုလ်	၁	သုံးထပ်စာသင်ဆောင်နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	ပါမောက္ခချုပ်နေအိမ်နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၃	လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၄	မီတာ ၄၀၀ အားကစားကွင်း Chain Link ကာရံခြင်း
		၅	မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း
၁၈	ဖားအံတက္ကသိုလ်	၁	ပါမောက္ခချုပ် နေအိမ်နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊မီးအပါအဝင်)
		၂	မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း
၁၉	ရွှေဘိုတက္ကသိုလ်	၁	သုံးထပ်စာသင်ဆောင် နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	စာသင်ဆောင်ရှေ့ကွန်ကရစ်ခင်းခြင်း (ရေထုတ်ပြွန်နှစ်လုံးအပါအဝင်)
		၃	စာသင်ဆောင်များသို့သွားလမ်းကွန်ကရစ်ခင်းခြင်း
		၄	အဓိပတိလမ်းမှ အဆောင် (၃)သွားမြေလမ်းကွန်ကရစ်ခင်းခြင်း
		၅	လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ် နှစ်လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်)
		၆	(၄၀)ဦးဆံ့ ဆရာမများဆောင် နှစ်ထပ် နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၇	ပြင်ပရေရရှိရေးလုပ်ငန်း (၈"Ø အဝီစိတွင်းတူးဖော်ခြင်း၊ ဂါလန် ၃၀၀၀၀ဆံ့ မြေအောက် ရေလှောင်ကန်၊ ရေစင်၊ ရေစက်ရုံ၊ ရေပန့်၊ ရေပိုက်လိုင်း)
		၈	မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း
		၉	မီတာ ၄၀၀ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း
		၁၀	နှစ်ထပ်စာကြည့်တိုက်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
၂၀	စစ်ကိုင်းတက္ကသိုလ်	၁	နှစ်ထပ်စာသင်ဆောင် နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	ဒု-ပါမောက္ခချုပ်နေအိမ် နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၃	ခြောက်ခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ် တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၄	လေးခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၅	စာသင်ဆောင်များ၊ လက်တွေ့ခန်းများဆက်စပ်လမ်းကွန်ကရစ်ခင်းခြင်း
၂၁	ရေနံချောင်းဒီဂရီကောလိပ်	၁	သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	လျှပ်စစ်ဓာတ်အားလိုင်းကြေးကြိုးဖြင့်အစားထိုးပြုပြင်ခြင်း Main Pannel တပ်ဆင်ခြင်း၊400V ဓာတ်အားလိုင်းတိုးချဲ့ခြင်း
		၃	လေးခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ် နှစ်လုံးဆောက်လုပ်ခြင်း BN (ရေ၊ မီးအပါအဝင်)
		၄	မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း
		၅	လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ် နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၆	(၄၀)ဦးဆံ့ ဆရာမများဆောင် နှစ်ထပ်နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
၂၂	မြင်းခြံဒီဂရီကောလိပ်	၁	အဝေးသင်ဂိုဒေါင်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	နှစ်ထပ်စာသင်ဆောင်နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၃	နှစ်ထပ်စာကြည့်တိုက် တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၄	မီတာ ၄၀၀ပြေးလမ်းပါ ဘောလုံးကွင်းဆောက်လုပ်ခြင်း
		၅	လေးခန်းတွဲတစ်ထပ်ဝန်ထမ်းအိမ် ငါးလုံးဆောက်လုပ်ခြင်းRC (ရေ၊ မီးအပါအဝင်)
၂၃	မိုးညှင်းဒီဂရီကောလိပ်	၁	နှစ်ထပ်စာသင်ဆောင် တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၂	စာသင်ဆောင်ရှေ့ကွန်ကရစ်ခင်းခြင်း
		၃	ကားဂိုဒေါင် တစ်လုံးဆောက်လုပ်ခြင်း BN
		၄	နှစ်ထပ်စာကြည့်တိုက်တစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)
		၅	ခြောက်ခန်းတွဲတစ်ထပ်ဝန်ထမ်းအိမ်နှစ်လုံးဆောက်လုပ်ခြင်း BN (ရေ၊ မီးအပါအဝင်)
၂၄	မန္တလာကောလိပ်	၁	သုံးထပ်စာသင်ဆောင် နှစ်လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၅-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၆-၂၀၁၃ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ဤဦးစီးဌာန၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကိုပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)၊ ရုံးချုပ်၊ လမ်း ၈၀၊ (၃၄×၃၅) လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါကဖုန်း-၀၂-၆၀၃၇၁၊ ၀၂-၆၀၃၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)



THE MAP OF YANGON
(2014)
ရန်ကုန်မြေပုံစာအုပ်
အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ

dp MAPS

မုန့်၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်းများ ဖြန့်ချိသည့်လုပ်ငန်း၊
Delivery Services၊ ဆောက်လုပ်ရေး လုပ်ငန်းများ၊
အိမ်ခြံမြေအကျိုးဆောင်များမှ အစ
Taxi Driver များအထိ အသုံးပြုရန် လွယ်ကူသည့်
စာအုပ်ကောင်းတစ်အုပ်

ကြော်ငြာများစတင်လက်ခံနေပါပြီ

165, 35th St (Middle), Kyauktada Tsp., Yangon. Tel : (95-1) 20 40 20, 245 230, 700 541, 09-50 30 177
www.dpsmap.com E-mail: dpsmap@gmail.com

ကြော်ငြာ

ဆရာကောင်းမှ တပည့်ကောင်းမည်

မူလတန်း၊ အထက်တန်းကျောင်း

- **ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက် တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။
- **အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်း ကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။
- **ကျောင်းမှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့်ဆရာ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။
- **ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
- **ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း)ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ သုဝဏ္ဏ။ Ph : 01-577605

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၂/၀၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ပညာရွှေရောင်လင်း

နေမင်းတော်ထိပ်တော်

ဦးစီးတည်ထောင်သော

ပညာနန်းတော်

အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

အထူးအဆင့်မြင့်ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

ကန့်သတ်လူဦးရေပြည့်သွားပါသဖြင့် လက်မခံတော့ပါ။

၂၀၁၄-၁၅ ပညာသင်နှစ်အတွက် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။

စေတနာကောင်းမှ ပညာရေးကောင်းမည်

မူလတန်း၊ အထက်တန်းကျောင်း

- ကျူရှင်လောက်ပင်ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးကို နိုင်ငံကျော်ဆရာ၊ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

အတန်း	ကျောင်းချိန်	ကျောင်းလခ	ဝင်ကြေး
မူလတန်း	ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ	၃၅၀၀၀	၂၀၀၀၀
၅ တန်း	ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ	၃၅၀၀၀	။
၆ တန်း	။	၃၅၀၀၀	။
၇ တန်း	။	၃၅၀၀၀	။
၈ တန်း	။	၄၀၀၀၀	။
၉ တန်း	နံနက် ၆း၄၅ မှ ၁၁း၄၅ နာရီ	၄၅၀၀၀	။
၁၀ တန်း	။	၅၅၀၀၀	။

- လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။ (ကျောင်းပြောင်း လက်မှတ်ကို နောက်လာမှပေးပါ)
- အဆောင်မှူး ဘွဲ့ရ ဆရာ၊ ဆရာမများ အလိုရှိသည်။ **ဇွန် ၆ ရက် ဖွင့်မည်**

A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်။ Ph : 09 730 36827

Since 1986

KMD Computer Centre

ISO 9001:2008 Cert. No. 683180

- နိုင်ငံတကာအသိအမှတ်ပြု Diploma သင်တန်းနှင့် Degree သင်တန်းများ
- အသက်မွေးဝမ်းကျောင်းအတွက် Certificate သင်တန်းများ
- ကွန်ပျူတာကိုအခြေခံမှစ၍သင်ကြားလိုသူများအတွက် Certificate သင်တန်းများ
- အစိုးရဌာနများ၊ ကုမ္ပဏီများနှင့် ***NGO*** အဖွဲ့အစည်းများအတွက် သင်တန်းများကို လိုအပ်ချက်အပေါ် မူတည်၍ညှိနှိုင်းဆောင်ရွက် သင်ကြားပေးလျက်ရှိပါသည်။

နီးစပ်ရာစင်တာတိုင်းတွင် အပ်နှံနိုင်ပါသည်။

KMD (ပန်းဆိုးတန်းစင်တာ)
ဖုန်း-၃၈၁၀၃၅၊ ၃၈၁၁၂၉၊ ၃၈၁၇၇၆။

KMD (ကြက်ခြေနီ အဆောက်အအုံစင်တာ)
ဖုန်း-၇၀၀၈၉၅။

KMD (မြေနီကုန်းစင်တာ)
ဖုန်း-၅၂၇၄၃၆၊ ၅၃၄၁၇၀၊ ၅၀၂၂၃၃။

KMD (China Town လှည်းတန်းလမ်းစင်တာ)
ဖုန်း-၂၂၀၅၅၅၊ ၂၃၀၃၀၈၁။

KMD (သိမ်ကြီးဈေးစင်တာ)
ဖုန်း-၃၈၄၂၆၈၊ ၃၈၄၆၄၁။

KMD (တာမွေစင်တာ-၁)
ဖုန်း-၅၄၁၃၂၈။

KMD (တာမွေစင်တာ-၂)
ဖုန်း-၅၄၆၆၀၀။

KMD (လှည်းတန်းစင်တာ-၁)
ဖုန်း-၅၂၄၄၀၀။

KMD (လှည်းတန်းစင်တာ-၂)
ဖုန်း-၅၀၂၂၁၁။

အမည်ပြောင်း

ရန်ကုန်မြို့၊ အထက(၁)ဒဂုံ၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားမည့် ဦးအောင်သာဇံ၏သား အောင်ကျော်ဖြိုး ၁၂/ပဘတ(နိုင်)၀၃၄၇၈၆ အား အောင်လှကျော်ဟု ပြောင်းလဲခေါ်ပါရန်။

ဦးဖြိုးနေလင်း ၁၂/လကန(နိုင်)၂၂၉၄၁၅၊ စီမံကိန်း ကြီးကြပ်ရေးမှူး တော်ဝင်စန္ဒကူးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ အမှတ် ၁၅၀၊ ဝေပုလ္လ (၄)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၇၇/၁၈၃)၊ အခန်းအမှတ် ၀၀၄၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်တွင် နေထိုင်သူ ဒေါ်ဆုသစ်သစ်ထွန်း ၁/မကတ(နိုင်)၀၈၂၅၀၀တော်ဝင်စန္ဒကူး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်။

ကုမ္ပဏီဝန်ထမ်းဖြစ်သူ ဦးဖြိုးနေလင်းအား ကုမ္ပဏီ၏ ဒု-ဥက္ကဋ္ဌဒေါ်ဆုသစ်သစ်ထွန်းမှ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁)၌ စာရင်းဖွင့်ထားသော ကုမ္ပဏီပိုင်ငွေများကို ထုတ်ယူရန် ၁၄-၂-၂၀၁၃ရက်တွင် ဘဏ်သို့စေလွှတ်ခဲ့ပါသည်။ ထုတ်ယူခိုင်းသည့် ကုမ္ပဏီပိုင်ငွေများကို အလွဲသုံးစားပြုလုပ်ခဲ့သည့်အတွက် ကုမ္ပဏီမှတာဝန်ရှိသူများက ၄င်းနေထိုင်ရာ အထက်ပါလိပ်စာသို့ သွားရောက်စုံစမ်းရာ မတွေ့ရှိဘဲ ထွက်ပြေးတိမ်းရှောင်နေသည်မှာ သုံးလနီးပါးရှိပြီဖြစ်ပါသည်။ ထို့အပြင် ဦးဖြိုးနေလင်းသည် တော်ဝင်စန္ဒကူး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ အရေးကြီး စာချုပ်များ၊ မှတ်တမ်းများကိုလည်း ကုမ္ပဏီသို့ ပြန်လည်အပ်နှံခြင်းမရှိဘဲ ကုမ္ပဏီပိုင်ငွေအချို့ နှင့်အတူ ယူဆောင်သွားပါသည်။

သို့ဖြစ်ပါ၍ ယခုသတင်းစာကြော်ငြာစာပါသည့်ရက်မှ ၂၀-၅-၂၀၁၃ရက် နောက်ဆုံးထား၍ လူကြီးမင်း အလွဲသုံးစားပြုလုပ်ထားသောငွေများနှင့် အရေးကြီးစာရွက်စာတမ်းများကို ကုမ္ပဏီသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ လာရောက်အပ်နှံရန် အသိပေး အကြောင်းကြားအပ်ပါသည်။ ကုမ္ပဏီပိုင်စာချုပ်အချို့မှာလည်း ဦးဖြိုးနေလင်းနှင့်ပါသွားပြီး အခြားတစ်နေရာတွင် ကုမ္ပဏီ၏ စာချုပ်စာတမ်းများကို အသုံးပြုခဲ့ပါက ကုမ္ပဏီနှင့် လုံးဝမသက်ဆိုင်ကြောင်းနှင့် ဦးဖြိုးနေလင်းနှင့်ပတ်သက်ဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စကိုမဆို ကုမ္ပဏီတွင်တာဝန်မရှိကြောင်း သိစေလိုပါသည်။

အကယ်၍ သတင်းစာကြော်ငြာပါ နောက်ဆုံးနေ့ဖြစ်သည့် ၂၀-၅-၂၀၁၃ရက်ရောက်သည့်တိုင် ငွေနှင့်စာရွက်စာတမ်းများကို တာဝန်ရှိသူများထံ လာရောက်အပ်နှံခြင်း မပြုပါက လူကြီးမင်းအပေါ် မလွှဲမရှောင်သာတော့ဘဲ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဖြိုးနေလင်းနှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးဇော်ဝင်း LL.B, D.B.L — **ဒေါ်လင်းလင်းထိုက် LL.B, LL.M**

တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၇၉) — **အထက်တန်းရှေ့နေ (စဉ်-၃၅၀၈၀)**

အမှတ် ခ/၂၄၄၊ ဈ/မြောက်ရပ်ကွက်၊ လေးဒေါင့်ကန်လမ်းကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၂၇၀၁၊ ၀၉-၄၂၁၁၅၆၉၉၆

ထွန်း ကိုယ်ပိုင်အလယ်တန်းကျောင်း

အမှတ် ၂၉(B-1)၊ ခိုင်ရွှေဝါလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၁-၅၀၃၆၀၇၊ ၀၁-၅၀၄၀၁၂၊ ၀၉-၅၁၄၁၁၃၉၊ ၀၉-၅၂၀၂၅၉၇

သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းအပ်လက်ခံပြီ

၁။ သစ်ပင်တစ်ပင်သည် အောက်ခြေရေသောက်မြစ်ခိုင်မာစွဲမြဲမှ ၄င်းသစ်ပင်သည် လေဒဏ်၊ မိုးဒဏ်ခံနိုင်ပြီး မပြိုလဲနိုင်ပါ။

၂။ အဆောက်အအုံတစ်ခုသည် အောက်ခြေအုတ်မြစ်ချတာ ခိုင်ခန့်ကောင်းမွန်စံချိန်စံညွှန်းမီမှ ၄င်းအဆောက်အအုံသည် မပြိုလဲဘဲ ခိုင်ခန့်ပါမည်။

၃။ စာသင်သား ကျောင်းသား ကျောင်းသူတစ်ဦးမှာလည်း အောက်ခြေမူလတန်းမှာ စံချိန်စံညွှန်းမီအောင် ခိုင်ခန့်အောင် သင်ကြားသင်ယူခဲ့ပါမှ အလယ်တန်းမှာ ခိုင်မာမည်။ ထို့အတူ (မူလတန်းခိုင်မာပြီး) အလယ်တန်းမှာလည်း ဆက်လက်ပြီး စံချိန်စံညွှန်းမီ ခိုင်ခန့်ပါမှ အထက်တန်းမှာ ခိုင်ခန့်နိုင်မည်။ အထက်တန်းခိုင်မာမှ မိမိမျှော်မှန်းသော ပညာရေးပန်းတိုင်သို့ ရောက်နိုင်မည်။

၄။ သို့ဖြစ်ပါ၍ လူ့ဘဝ၏အစပထမဖြစ်သော မူလတန်းပညာရေးနှင့် အလယ်တန်းပညာရေး ခိုင်မာအောင် **ထွန်း** ကိုယ်ပိုင်အလယ်တန်းကျောင်းမှာ လာရောက်ပညာသင်ယူပါ။

၅။ စာသင်ခန်းတစ်ခန်းမှာ ၂၅ဦးသာ လက်ခံသင်ကြားသည်။

၆။ တစ်နေ့တာ သင်ခန်းစာများကို ကျောင်းတွင် တစ်နေ့အပြီး အချိန်ပိုဖြင့် ကျက်မှတ်စေသည်။ မေးခွန်းများကို ပြီးစီးအောင်ဖြေဆိုစေသဖြင့် စာအကြွေးမကျန်ဘဲ မိဘများ စိတ်မပင်ပန်းစေဘဲ သင်ခန်းစာများကို ပြီးစီးတတ်မြောက်စေပါသည်။

၇။ **ကွန်ပျူတာ** ဘာသာရပ်ကိုလည်း အတန်းတိုင်းတွင် စာတွေ့၊ လက်တွေ့ နှစ်မျိုးလုံး သင်ကြားပေးသည်။ **အင်္ဂလိပ်စာ (အပြော၊ အရေး)နှင့် သင်္ချာ(ဉာဏ်စမ်း၊ ပဟေဠိ)**တို့ကို ထူးချွန်ရန် သီးသန့်အချိန်ပို သင်ကြားပေးမည်။

၈။ ကာယလှုပ်ရှားမှု၊ ပန်းချီပညာ၊ ဂီတပညာတို့ကိုလည်း ကလေးများကို ထိရောက်စွာ သင်ကြားပေးသဖြင့် **ကျောင်းနေပျော်၍ စာတော်ရမည်** ဆိုတဲ့ ဆောင်ပုဒ်နှင့်ကိုက်ညီစေပါသည်။

၉။ **စာရိတ္တပညာ** သင်ခန်းစာများကို သူငယ်တန်းမှစပြီး အတန်းတိုင်းမှာ သူ့အဆင့်နှင့်ကိုက်ညီသည့် သင်ခန်းစာများကို ထိရောက်အောင်သင်ကြားပေးသဖြင့် **စာရိတ္တကောင်းမွန်သော** လူကောင်းလူတော်လေးများဖြစ်အောင် ပြုစုပျိုးထောင်ပေးပါမည်။

၁၀။ ကျန်းမာမှ စာပေကြိုးစားနိုင်မည်။ ကျန်းမာကြံ့ခိုင်မည့် ကာယဘာသာရပ်ကိုလည်း ကျွမ်းကျင်သောကာယဆရာများက သူ့အချိန်နှင့်သူ ထိရောက်စွာသင်ကြားပေးသည်။

၁၁။ သို့ဖြစ်ပါ၍ ကျောင်းသားတစ်ဦး၏ပြီးပြည့်စုံသောဘဝ **ကာယ၊ ဉာဏ၊ ရသ၊ စာရိတ္တ** ပြည့်စုံပြီး ခေတ်မီပညာရေး (ICT)တို့ကိုပါ သင်ကြားပေးသော **ထွန်း** ကိုယ်ပိုင် အလယ်တန်းကျောင်းသို့ အပ်နှံပါ။

၁၂။ ပညာရေးဌာနတွင် အနှစ် ၃၀ကျော်တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့သော အတွေ့အကြုံ ရင့်ကျက်သော ဆရာကြီး ဆရာမကြီးများကိုယ်တိုင် ဦးဆောင်သင်ကြားပေးသောကျောင်းဖြစ်သည်။

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရတနာမွန်အိမ်ရာရှိ တိုက်အမှတ် ၁၀၊ အခန်းအမှတ် ၀၀၄ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းယု ၉/ပမန(နိုင်)၁၄၃၉၂၂၏ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် ပျက်စီးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါကကြော်ငြာသည့်ရက်မှ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် တ/၄၁၊ မြေကွက်အမှတ် ၂၆(ခ)၊ မြေကွက်တည်နေရာအမှတ် ၂၆(ခ)၊ ပန်းခြံ ၁၇လမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးမိုးအောင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမိုးအောင် ၁၂/မရက(နိုင်)၀၃၅၅၈၁ကပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ဌာနဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄ကံဘဲ့၊ မြေကွက်အမှတ် ၈/၄၃၈၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ် ၆၅K၊ ဝါယာလက် ၂လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် မစ္စအင်နီယု အမည်ပေါက် မြေပိုင်မြေ ၃(ခ) မြေအား အမည်ပေါက်ထဲမှ အရောင်းအဝယ်စာချုပ် ၇၃၁/၈၄(၂၄-၉-၈၄)ဖြင့် မခွဲမစိတ်ရသေးသည့် ဧရိယာ ၀ ဒသမ ၆၀၀ဧကကို ဒေါက်တာတင်အောင်မှ ဝယ်ယူပိုင်ဆိုင်လာပါသည်။ မြေကွက်ခွဲစိတ်ပြီး ဧရိယာ ၂ဒသမ၀၃၄ဧကမှ မခွဲမစိတ်ရသေးသည့်အပိုင်းအား မေတ္တာဖြင့် အပိုင်ပေးစာချုပ် ၁၇၃၁/၉၅(၁၀-၈-၉၅)ဖြင့် ဒေါက်တာကြည်ကြည်မေ၊ မောင်ကျော်နိုင်၊ မစိုးစိုးနွဲ့၊ မစိုးစိုးလှဲ၊ မဝင်းဝင်းအောင်၊ မမူမူအောင်တို့မှ ပိုင်ဆိုင်လာပါသည်။ ဖခင် ဒေါက်တာတင်အောင်နှင့် မိခင်ဒေါက်တာကြည်ကြည်မေတို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသည့် မောင်ကျော်နိုင်၊ မစိုးစိုးနွဲ့၊ မစိုးစိုးလှဲ၊ မဝင်းဝင်းအောင်၊ မမူမူအောင်တို့မှ အမွေဆက်ခံပိုင်ဆိုင်စာချုပ် ၁၁၀၃/၂၀၁၃(၁၅-၃-၂၀၁၃)ဖြင့် ပိုင်ဆိုင်လာပြီး ၄င်းတို့၏ G/P ရရှိသူ ဦးမင်းအောင် ၁၄/ဖပန(နိုင်)၀၀၈၈၂၃ က စာချုပ်အဆက်အစပ်မိတ္တူ၊ G/P မိတ္တူ၊ ဝန်ခံကတိပြုချက်များတင်ပြ၍ မြေကွက်ခွဲစိတ်ရန်၊ မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
ပဲခူးမြို့၊ ပဲခူးခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၂

ဦးအောင်ဇော်လွင် **နှင့်** ကိုငယ်လေး(ခ)ပြည့်ဖြိုးမောင်

